# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၃ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၁၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၆၉)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မန်းချောင်းအပန်းဖြေဆင်စခန်းတို့အား လှည့်လည်ကြည့်ရှု

## နိုင်ငံပိုင် ဆင်များသာမက ပုဂ္ဂလိကပိုင်ဆင်များကိုလည်း ရေရှည်တည်တံ့ရေး နည်းလမ်းကောင်းများရှာကြံ၍ ထိန်းသိမ်းရန်မှာကြား

**နေပြည်တော် မတ် ၁၇**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မတ် ၁၆ ရက်က ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ မန်းချောင်းအပန်းဖြေဆင်စခန်း၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (နတ်ရေကန်) နှင့် မျိုးကောင်းမျိုးသန့် နွားမွေးမြူရေးခြံတို့အား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဒေါက်တာ ရဲမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁၆ ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ရွှေစက်တော် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောဥယျာဉ် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က နိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းတည်ထောင်ထားရှိမှု၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနက ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည့် ဘေးမဲ့တောများအခြေအနေ၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်နောက်ခံသမိုင်းအကျဉ်း၊ ဖွဲ့စည်းတည်ထောင်ရသည့် ရည်ရွယ်ချက်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❒



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်း၌ ဆင်များအား အစာကျွေးစဉ်။ သတင်းစဉ်

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်အန္တရာယ်ကင်းဝေးရေး နိုင်လွန်ကတ္တရာ (AC) ခင်းပြီ** စာ » ၆

**ခွဲထွက်ရေးစာချုပ်ကို ပါလီမန်အမတ်များ သဘောမတူပါက ဘရီးဇစ် နှောင့်နှေးနိုင်ဟု ထရီဆာမေ ပြော** စာ » ၁၄




မြန်မာ့အလင်း

# မြို့တော် စည်ပင်သာယာရေး ဘယ်လိုလူကို ရွေးမလဲ....

ယခုလာမည့် ၃၁ မတ် ၂၀၁၉ တွင် မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် အဆင့်ဆင့်တာဝန်ခံများ ရွေးကောက်ပွဲတွင် ရန်ကုန်မြို့သူ မြို့သားများ မဲထည့်ကြရတော့မည်။

မြို့ပြများ ဆွဲဆောင်မှုနှင့် တောနယ်တို့၏ တွန်းထုတ်မှုဆိုသည့် အခြေခံအကြောင်းနှစ်ရပ်က မြို့ပြများကို ကြီးထွားစေ၏။ အကြမ်းအားဖြင့်ဆိုရလျှင် ကျေးလက်ဒေသတို့တွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်း၊ လယ်ယာလုပ်ငန်းတို့၏ အကန့်အသတ်တို့က မြို့တက်လာဖို့ တွန်းထုတ်သကဲ့သို့ မြို့ကြီးများရှိ ပညာရှာမှီးနိုင်သည့် အခွင့်အလမ်း၊ အလုပ်အကိုင်၊ ပျော်ရွှင်စရာ အနာဂတ်အိပ်မက်များ စသည်တို့က ဆွဲဆောင်နေ၏။

မြို့ပြများကို စနစ်တကျ စီမံခန့်ခွဲမှု မနိုင်နင်းချိန်တွင် မြို့ပြတိုးတက်ဖွံ့ဖြိုးမှုက အရှိန်မြင့်လာသည့်အခါ မြို့ပြလူမှု ပြဿနာများက မထိန်းနိုင်မသိမ်းနိုင် ဖြစ်လာတတ်၏။ ထို့ကြောင့် မြို့ပြများ အလွန်အမင်းကြီးထွားလာတော့မည့် အရိပ်အယောင်များ ပေါ်လာသည်နှင့် မြို့ပြစီမံကိန်းပညာရှင်များက ဦးဆောင်ကာ ဆိုင်ရာဆိုင်ရာ ပညာရှင်များဖြင့် တွဲဖက်၍ စီမံခန့်ခွဲနိုင်ရန် ပြင်ဆင်မှုများ၊ ကန့်သတ်မှုများ၊ ထိန်းကျောင်းမှုများ၊ လမ်းဖွင့်မှုများကို ပြုလုပ်ရလေ့ရှိ၏။

နိုင်ငံတကာရှိ အတွေ့အကြုံများအရ မြို့ပြစီမံကိန်းများက ဦးဆောင်နိုင်ပြီး ထိန်းသိမ်းနိုင်သည့် မြို့ပြဖွံ့ဖြိုးမှုများထက် ဖွံ့ဖြိုးမှုအရှိန်နောက်မှာ လိုက်လံထိန်းသိမ်းစောင့်ရှောက်ရသည်တို့က ပိုမိုများပြားပါသည်။

မည်သို့ပင်ဖြစ်စေ မြို့ပြနေ ပြည်သူလူထုတို့၏ နေ့စဉ်ဘဝများ အဆင်ပြေသာယာရေးသည် မြို့တော်စည်ပင်သာယာရေး (မြူနီစီပယ်)၏ ပခုံးထက်ဝယ် ကြီးမားလေးလံလှသော တာဝန်များအဖြစ် တင်ရှိနေသည် ဖြစ်၏။

အတိုချုံးဆိုရလျှင် မြို့တော်စည်ပင်သာယာရေးဟူသည် မြို့ပြနေ ပြည်သူလူထုတို့အတွက် လုံခြုံအေးချမ်းသည့် နေချင့်စဖွယ်မြို့၊ စားဝတ်နေရေး စီးပွားရေးရာ အလုပ်အကိုင်တို့ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်သည့်မြို့၊ ခေတ်မီပညာအဆင့်မြင့်မြင့်များကို ရှာဖွေလေ့လာနိုင်သည့် ဝန်းကျင်ရှိသည့်မြို့၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ဝန်ဆောင်မှုများကို ပြေလည်ချောမောစွာ ရရှိနိုင်သည့်မြို့စသည့် အရည်အသွေးတို့ မြင့်မားနေဖို့ ဖန်တီးစောင့်ရှောက်ထိန်းကွပ်ပေးရသော တာဝန်ကိုယူထားရခြင်း ဖြစ်ပါသည်။

မြို့တော်သန့်ရှင်းရေး၊ လမ်းနယ် သာယာရေး၊ စည်းကမ်းမမဲ့စေရေး၊ လူသွားစင်္ကြံများ ကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးမှ အစပြု၍ မြို့ပြကျန်းမာရေးအတွက် လိုအပ်သည့် သန့်ရှင်းသော လေထုရေထု မြေထုဝန်းကျင်ကို ဖန်တီးစောင့်ရှောက် ပေးနေရခြင်းဖြစ်သည့်အတွက် ကြီးလေးသော တာဝန်ရှိသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

နှစ်ပေါင်းများစွာ မရှင်းလင်းနိုင်ခဲ့သည့် များပြားလှစွာသော ပြဿနာများက မြို့တော်ရန်ကုန်အတွင်းမှာ စည်ဝေနေသည်။

တစ်စတစ်စကြီးထွားလာနေသည့် မြို့ပြကျူးကျော်အိမ်ရာများ၊ အသေးအဖွဲ့ဟုဆိုသော် ရနိုင်သော်လည်း ယခုထိ ဖြေရှင်းနိုင်ခြင်းမရှိသည့် လမ်းများပေါ်က ရွံရှာဖွယ်ကွမ်းတံတွေးကွက်များ၊ လူသွားလမ်းဟူ၍ မကျန်တော့သည်အထိ နယ်ချဲ့ထားသည့် လမ်းဘေး ဈေးဆိုင်များ၊ ရေနုတ်မြောင်းများထဲက အမှိုက်များ၊ လမ်းဘေးဝဲယာမှာ အနံ့တထောင်းထောင်းထနေသော အမှိုက်ပုံကြီးများ၊ လူဦးရေ သိပ်သည်းမှုကျဲပါးသည့်နေရာများတွင် ဖွံ့ဖြိုးမလာဘဲ ထပ်မံတိုးလာဖို့ မဖြစ်သင့်လောက်အောင် ကျပ်တည်းနေသည့် လူဦးရေ သိပ်သည်းမှုကို တိုးသည်ထက်တိုးနေစေသည့် မိုးမျှော်တိုက်ကြီးများ၊ လမ်းများပေါ်က လွန်လွန်မင်းမင်း ဆိုးရွားနေသည့် ယာဉ်ကြော ကျပ်တည်းမှုများ၊ နားမခံသာလောက်အောင် ဆူညံနေသော မော်တော်ကားဟွန်းသံများ၊ လော်စပီကာသံများ၊ ကားရပ်စရာ နေရာမရှိ၊ သုံးရေမလောက်ငှ၊ ရှူနေရသောလေကမသန့်ရှင်းစသည့်စသည့် ပြဿနာတွေ စာစီကုံးလို့ ဆုံးအံ့မထင်သော မြို့ပြစိန်ခေါ်မှုများ...။

ယနေ့ မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များအဖြစ် ရွေးကောက်ခံကြတော့မည့်သူများသည် ပြည်သူတို့ကမေးမြန်းနေသော၊ ဝေဖန်ထောက်ပြနေသော မြို့ပြပြဿနာများစွာကို မည်သို့ မည်ပုံ ဝိုင်းဝန်းဖြေရှင်းကြမည်လဲဟူသည့်အဖြေတို့ကို အထိုက်အလျောက် ရှာဖွေပြင်ဆင်ထားပြီးဖြစ်မည်ဟု မျှော်လင့်ရပါသည်။ ထို့အပြင် မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အဆင့်ဆင့်သည် နေ့စဉ်မြို့တော်၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို စီမံခန့်ခွဲနေကြရသည်ဖြစ်ရာ မိမိမြို့တော်ကို ဘယ်လို ဖြစ်စေချင်သည်ဟူသော မျှော်မှန်းချက် ခိုင်မာစွာဖြင့် ပုံဖော်သည့်နေရာတွင် အရေးကြီးသည့် တာဝန်များကို ယူကြရမည့် သူများဖြစ်သည်။ ပြောင်းလဲအတည်ပြုပြီးဖြစ်သော စည်ပင်သာယာရေးဥပဒေများကို ပုံဖော်ရန် ဥပဒေကို သက်ရောက်လာရန် ကိုင်တွယ်သက်ဝင်လာအောင် လုပ်ရမည့်သူများဖြစ်သည်။ သည်လိုဖြေရှင်းရန် အရည်အချင်းလည်း ပြည့်မီ၊ ကိုယ်ကျိုးရှာလိုသည့် အဂတိလည်းကင်းစင်၊ မိမိ၏ တာဝန်ကဘာ၊ မိမိလုပ်ရမည့်အလုပ်က ဘာဆိုသည်ကို သေသေချာချာနားလည်ပြီး အောင်မြင်အောင် ဖြေရှင်းဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်မှန်တို့ကို ပြည်သူအပေါင်းက ရွေးချယ်နိုင်ကြပါစေသတည်း။ ရွေးခံရသူများသည်လည်း ပြည်သူအကျိုး၊ မြို့ပြအကျိုးကို ရှေးရှုသောသူများ ဖြစ်ကြပါစေသတည်း။ ။

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။




## မော်လမြိုင်၌ မွန်ပြည်နယ်နေ့ အခမ်းအနား ကျင်းပမည်

**မော်လမြိုင် မတ် ၁၇**

(၇၂) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို မတ် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင် မော်လမြိုင်မြို့၌ ပျော်ပွဲရွှင်ပွဲ၊ ယဉ်ကျေးမှုအကများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ယင်းအခမ်းအနားတွင် မော်လမြိုင်မြို့သာသနာ့ဗိမာန်၌ သံဃာတော်ကိုးပါးအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းပြီး သံလွင်ဥယျာဉ်ပန်းခြံ၌ မွန်ပြည်နယ် ၁၀ မြို့နယ်မှ လာရောက်ပြသသည့် ဌာနဆိုင်ရာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

**မုဒုံမောင်မောင်**

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီး Ms. Kim Hyum Mee နှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီး Ms.Kim Hyum Mee နှင့်အဖွဲ့အား မတ် ၁၅ ရက်က နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ကိုရီးယားသမ္မတနိုင်ငံမြေယာ၊အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးတို့ တွေ့ဆုံစဉ်။

ထိုသို့တွေ့ဆုံစဉ် အခြေခံအဆောက်အအုံကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ Korea – Myanmar Industrial Complex (KMIC) စီမံကိန်းနှင့် ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ) တံတား ပန္နက်တင်အခမ်းအနားအပြီး ဒလမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းတို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးခြင်းအခမ်းအနား ကျင်းပ




တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးခြင်းအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် မတ် ၁၇**

ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးခြင်းအခမ်းအနားကို မတ် ၁၅ ရက်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ဒုရဲအုပ်ဌေးလွင်(ခ) နေမျိုးသူရက ရှင်းလင်းပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ အခမ်းအနားတက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးရာ ဒုရဲအုပ်ဌေးလွင်(ခ)နေမျိုးသူရက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်းစဉ်**

❐ ရှေ့ဖုံးမှ

ဘောမဲ့တောဆိုင်ရာ အချက်အလက်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားရှိမှုနှင့် ဒေသခံပြည်သူများအား အကျိုးပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ဥယျာဉ်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ဥယျာဉ်အတွင်း ကြယ်လိပ်များ မွေးမြူထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က လိုက်လံရှင်းလင်းပြသသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘောမဲ့တောကို မြန်မာ့ရွှေသမင်များနှင့် ယင်းတို့၏ ကျက်စားဒေသများကို ကာကွယ်ရန်၊ ဒေသခံပြည်သူများအား ထိန်းသိမ်းရေးဆိုင်ရာ သိမြင်နိုးကြားမှု မြှင့်တင်ရန်၊ မုန်းနှင့် မန်းချောင်းတို့၏ ရေဖမ်းတောများကို ထိန်းသိမ်းရန်၊ သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် ဒေသခံများဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘောမဲ့တောသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး၊ ပွင့်ဖြူ၊ ငဖဲနှင့် စေတုတ္တရာမြို့နယ်အတွင်း တည်ရှိပြီး ဘောမဲ့တောတွင် ကမ္ဘာပေါ်၌ မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ တွေ့ရှိရသည့် ရှားပါးမျိုးစိတ်များဖြစ် သည့် မြန်မာ့ဒေသမျိုးစိတ်ရင်းများဖြစ်သော မြန်မာ့ရွှေသမင်နှင့် မြန်မာ့ကြယ်လိပ်တို့ကို အောင်အောင်မြင်မြင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပြီး မြန်မာ့ဒေသရင်းငှက်မျိုးစိတ်များဖြစ်သည့် နဖားကြိုးအမြီးဝိုင်း၊ ငှက်မင်းသားပိုက်ဖြူ၊ စွေ့ချိုးလင်းပြာ၊ ဗွတ်မဲ့နှင့် ဘီလုံးတို့ကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မြန်မာ့ကြယ်လိပ်သည် ကမ္ဘာ့အလှပဆုံးကုန်းလိပ်များစာရင်းတွင် တစ်မျိုးဖြစ်ပြီး မျိုးတုံးလုနီးပါးလိပ်မျိုးစိတ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့အခြားမည်သည့်နေရာတွင်မှ မတွေ့ရှိနိုင်ဘဲ မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့သစ်တောများတွင်သာ တွေ့ရှိရသည့် မြန်မာလူမျိုးတို့၏ ဂုဏ်ယူဖွယ်ရာ ဇီဝရတနာဖြစ်ပါကြောင်း၊ သဘာဝတောတွင်းနေ မြန်မာ့ကြယ်လိပ်များ မျိုးတုံးမှုမှ ကယ်တင်နိုင်ရန် ရွှေစက်တော် ဘောမဲ့တောနယ်မြေအတွင်း ခြံခတ်မွေးမြူခြင်းမှ ပေါက်ပွားလာသော မြန်မာ့ကြယ်လိပ်များကို သင့်တင့်လျောက်ပတ်သည့် ကာကွယ်ရေးနယ်မြေများသို့ ပြန်လွှတ်ပေးခြင်းအား မြန်မာနိုင်ငံသစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် လိပ်မျိုးစိတ်ရှင်သန်ရေးအဖွဲ့တို့မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘောမဲ့တောသည် မြန်မာနိုင်ငံ၏ အမျိုးအစားစုံလင်လှသော ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန် သတ်မှတ်ဖွဲ့စည်းထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၃ ခုအနက် တစ်ခုအပါ အဝင်ဖြစ်ပြီး နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ငှက် ၁၄၆ မျိုး၊ ကုန်းနေရေနေတွားသွားသတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုး ၃၉ မျိုး၊ ရေချိုငါးမျိုးစိတ် ၂၂ မျိုး၊ သစ်မျိုး ၈၉ မျိုး၊ သစ်ခွ ၃ မျိုးနှင့် ဆေးဖက်ဝင်အပင် ၂၆ မျိုးရှိကြောင်း သိရသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မန်းရွှေစက်တော်ဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ဆက်ကပ်လှူဒါန်းပြီး ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းကာ မန်းရွှေစက်တော်ဘုရားဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းသို့ ရောက်ရှိရာ သစ်တောဦးစီးဌာနမှ အထွေထွေမန်နေဂျာ ဦးလှမိုးအောင်က ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများ၊ ဆင်စခန်းများ၏ အနာဂတ်မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ၊ မန်းချောင်းအပန်းဖြေဆင်စခန်း ဖြစ်ပေါ်လာပုံနောက်ခံသမိုင်းအကျဉ်း၊ မန်းချောင်းအပန်းဖြေဆင်စခန်းဆိုင်ရာ အချက်အလက်များ၊ ဆင်စခန်းရှိ ဆင်အင်အားဖွဲ့စည်းမှု၊ ဆင်စခန်း၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဝင်ငွေရရှိမှုနှင့် ဝင်ငွေအပေါ်အကျိုးအမြတ်ခွဲဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အစားအစာများ ကျွေးမွေး**

ယင်းနောက် ဒုတိယသမ္မတက မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံပိုင်ဆင် ၃၀၀၀ ခန့်နှင့် ပုဂ္ဂလိကပိုင်ဆင် ၂၅၀၀ ခန့် ရှိသည်ဟု တင်ပြချက်များအရ သိရပါကြောင်း၊ ယခုအခါ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆင်ထိန်းသိမ်းရေး အခြေပြုခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှုသည် အထိုက်အလျောက် အောင်မြင်နေသည်ကိုလည်း ကြားသိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းရှိ နိုင်ငံပိုင်ဆင်များသာမက ပုဂ္ဂလိကပိုင်ဆင်များကိုလည်း ရေရှည်တည်တံ့ရေးအတွက် နည်းလမ်းကောင်းများရှာကြံ၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များကို စနစ်တကျဆောင်ရွက်ရေးမှာကြားပြီး ဆင်စခန်းအတွင်း ဆင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုကာ အစားအစာများကျွေးမွေးသည်။

မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာနတွင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်း စခန်း ၂၀ ကို ဖွင့်လှစ်ထားရှိပြီး အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတော်၏ ဝင်ငွေရရှိ**

ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆင်ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော Community Based Tourism လုပ်ငန်းများထွန်းကားစေရန်၊ ဆင်များ၏ အလေ့အထ၊ အမူအကျင့်နှင့် နေထိုင်မှုသဘာဝကို သိရှိနားလည်ပြီး ဆင်များအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်လာစေရန်၊ Ecotourism ဆင်စခန်းများ ဖွင့်လှစ်တည်ထောင်ခြင်းဖြင့် မြန်မာ့သဘာဝတောတောင် ရေမြေများ၏ အလှအပတရားများကို ခံစားလာတတ်ပြီး ပူးပေါင်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပေါ်ပေါက်လာစေရန်နှင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းဖြင့် နိုင်ငံတော်၏ ဝင်ငွေရရှိနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဆင်စခန်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မင်းဘူးခရိုင် ငဖဲမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (နတ်ရေကန်) သို့ ရောက်ရှိရာ စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ကော်ဖီခြံဆိုင်ရာ အချက်အလက်များ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတက မိမိတို့နိုင်ငံရှိ ကမ္ဘာ့အဆင့်အတန်းမီ ကော်ဖီမျိုးများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုး၍ အရည်အသွေးမြင့် ကော်ဖီများ ထုတ်လုပ်ပြီး ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြား၍ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (နတ်ရေကန်) မှ စိုက်ပျိုးထုတ်လုပ်ထားသည့် ကော်ဖီကုန်ကြမ်းများ၊ ထုတ်ကုန်နမူနာများနှင့် စနစ်တကျစိုက်ပျိုးထားသည့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ကော်ဖီပင်များကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသခံပြည်သူများက စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေးဆိုင်ရာလိုအပ်ချက်များကို တင်ပြကြရာ ဒုတိယသမ္မတက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကော်ဖီပျိုးပင်များ ဖြန့်ဝေ**

ကော်ဖီနည်းပညာ ဖွံ့ဖြိုးရေးခြံ (နတ်ရေကန်) သည် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်း တည်ရှိပြီး ဧရိယာ ၄၀ ဒသမ ၈၅ ဧက ကျယ်ဝန်းကြောင်း၊ ခြံအတွင်း ကုန်းမြင့်ကော်ဖီဖြစ်သည့် အာရေးဗီးကားမျိုးစိတ်များ ဖြစ်သော ကက်တီမိုးစသည့် အရည်အသွေးမြင့် ကော်ဖီမျိုးများကို ၂၀၀၁ ခုနှစ်တွင် စတင်စိုက်ပျိုးပြီး မကွေးတိုင်းဒေသကြီး အနောက်ခြမ်းဒေသများသို့ ကော်ဖီပျိုးပင်များ ဖြန့်ဖြူးပေးလျက်ရှိပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းများ ဒေသအရောက်နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရခိုင်ပြည်နယ် အရှေ့ခြမ်းဒေသရှိ ကော်ဖီစိုက်ပျိုးလိုသော ကျေးရွာများသို့ ကော်ဖီပျိုးပင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ပြည်ပသို့ တင်ပို့ရောင်းချ**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာရှိ Good brothers ကုမ္ပဏီ၏ မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး နွားမွေးမြူရေးခြံသို့ ရောက်ရှိရာ ကုမ္ပဏီပိုင်ရှင် ဦးလှဦးနှင့် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးဦးတို့က မွေးမြူရေးခြံဆိုင်ရာ အချက်အ လက်များ၊ မျိုးကောင်းမျိုးသန့်နွားများအား စနစ်တကျ မွေးမြူထားရှိမှု၊ နွားနို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**လက်တွဲပူးပေါင်းဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတသည် နွားစာမြက်များ စိုက်ပျိုးထားရှိမှုနှင့် မျိုးကောင်း မျိုးသန့်နွားများအား စနစ်တကျမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး မိမိတို့နိုင်ငံသည် သဘာဝပထဝီအနေအထားအရ ပတ်ဝန်းကျင်တွင် ကြီးမားသည့် ဈေးကွက်ကြီးများကို ပိုင်ဆိုင်ထားပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်း မျိုးသန့် နွားများကို ကျယ်ကျယ် ပြန့်ပြန့်မွေးမြူ၍ ပြည်ပသို့ ပိုမိုတိုးချဲ့တင်ပို့နိုင်ရေးကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းဘူးခရိုင် ငဖဲမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီ သီးနှံဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကော်ဖီနည်းပညာစိုက်ပျိုးရေးခြံ (နတ်ရေကန်)၌ ကော်ဖီစိုက်ပျိုးထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘောမဲ့တောဥယျာဉ်အတွင်း ကြယ်လိပ်များ မွေးမြူထားရှိမှုကို ကြည့်ရှုစဉ်။

**“မြန်မာ့ကြယ်လိပ်သည် ကမ္ဘာ့ အလှပဆုံးကုန်းလိပ်များစာရင်းတွင် တစ်မျိုးဖြစ်ပြီး မျိုးတုံးလုနီးပါးလိပ်မျိုးစိတ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့အခြားမည်သည့်နေရာတွင်မှ မတွေ့ရှိနိုင်ဘဲ မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့သစ်တောများတွင်သာ တွေ့ရှိရသည့် မြန်မာလူမျိုးတို့၏ ဂုဏ်ယူဖွယ်ရာ ဇီဝရတနာဖြစ်”**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးအဆောက်အအုံများ၊ လျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့်နည်းတူ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလုပ်ကိုင်နိုင်ကြရေး ဆောင်ရွက်ပေးခြင်းဖြင့် ယင်းတို့၏ ရေရှည်ဘဝရပ်တည်ရေးနှင့် ဒေသဖွံ့ဖြိုးမှုတိုးတက်ရေးကို ထိရောက်လျင်မြန်စွာ ဖော်ဆောင်နိုင်မည်ကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး အနီးကပ်ဝန်ဆောင်ပေးနေရသောလုပ်ငန်းများ ဆက်စပ်နေသည့် ဦးစီးဌာနများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသောဝန်ကြီးဌာနဖြစ်သည့် အားလျော်စွာ ဌာနအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်နိုင်မှု ပိုမိုတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အဂတိတရားလျော့နည်းကင်းရှင်းရေးနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်သောငွေကြေး စီမံခန့်ခွဲမှုများဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ လူထုအခြေပြုစီမံကိန်းများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လည်းကောင်း၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ဒါလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ လူထုဗဟိုပြုစီမံကိန်း (ပဉ္စမနှစ်စက်ဝန်း)



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလည်ပတ်မှု (၁/၂၀၁၉) အခြေအနေများကိုလည်းကောင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) မဟာဓာတ်အားလိုင်း ၁၄၆ မိုင် ကြိုးဆွဲလုပ်ငန်းစတင်ဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၇**

၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) မဟာဓာတ်အားလိုင်း ၁၄၆ မိုင် ကြိုးဆွဲလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲ က မိတ္ထီလာမြို့ရှိ အဆိုပါ ဓာတ်အားလိုင်းစီမံကိန်းနေရာ၌ ကျင်းပသည်။

ရှေးဦးစွာလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခု ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း ဆောင်ရွက်ပြီးစီးသွားပါက မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဓာတ်အားပေးစက်ရုံများမှထွက်ရှိသည့် ဓာတ်အားကို မြန်မာနိုင်ငံ အလယ်ပိုင်းနှင့်တောင်ပိုင်းသို့ ပို့ဆောင်ရာတွင် ဓာတ်အားပျောက်ဆုံးမှု နည်းပါးစွာနှင့် ပို့ဆောင်နိုင်မည်ဖြစ်သည့်အတွက် ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုကိုလျှော့ချနိုင်မည်ဖြစ်သည့်အပြင် ဓာတ်အားစနစ်ပြတ်တောက်မှု (System Breakdown) ဖြစ်ပွားမှုအကြိမ်ရေလျော့နည်းစေပြီး ဓာတ်အားစနစ်တည်ငြိမ်မှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် ယခု ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်းကို ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ဓာတ်အားလိုင်းအူကြောင်း ရှာဖွေတိုင်းတာခြင်းကိုဝန်ကြီးဌာန၏ မြို့ပြအင်ဂျင်နီယာများက AF Consultant ၏ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဖောင်ဒေးရှင်းနှင့် တိုင်ဆင်လုပ်ငန်းများကို ပြင်ပကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ပါကြောင်း၊ ဖောင်ဒေးရှင်း၊တိုင်ဆင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည့်အတွက် ကြိုးဆွဲလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာစံနှုန်းများနှင့်အညီ တင်ဒါခေါ်ဆိုခဲ့ပြီး တင်ဒါအောင်မြင်ခဲ့သည့် CEEC နှင့် SEPCO ကုမ္ပဏီတို့ကို လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ပြီး ကြိုးဆွဲခြင်းလုပ်ငန်းကို ၁၈ လအတွင်း ပြီးစီးဆောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

လက်ရှိနိုင်ငံတော် ဓာတ်အားစနစ်တွင် အမြင့်ဆုံးဓာတ်အားသုံးစွဲမှုမှာ ၃၆၀၀ မဂ္ဂါဝပ်ခန့်ရှိပြီး လက်ရှိအနေအထားအရ မြန်မာနိုင်ငံတွင် နှစ်စဉ်ဓာတ်အားတိုးတက်သုံးစွဲမှုမှာ ၁၅ ရာခိုင်နှုန်း မှ ၁၉ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲလာသည့်အတွက် ဓာတ်အားလိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိလည်ပတ်နေသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် မကြာမီတည်ဆောက်ပြီးစီးမည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများအပြင် LNG ဓာတ်ငွေ့သုံးစက်ရုံများကိုလည်း တည်ဆောက်၍ ဓာတ်အားတိုးတက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်မံတိုးတက်ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ယခုတည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်းအပြင် ကိုရီးယား Exim Bank ချေးငွေနှင့် ၅၀၀ ကေဗွီ စပါးကြွယ်(တောင်ငူ) - ဘုရားကြီး ဓာတ်အားလိုင်း (၁၁၇) မိုင်၊ Japan ODA Loan JICA ချေးငွေဖြင့် ၅၀၀ ကေဗွီဘုရားကြီး - လှိုင်သာယာ ဓာတ်အားလိုင်း မိုင် ၆၀ နှင့် ဓာတ်အားခွဲရုံ စီမံကိန်းများကိုလည်း မကြာမီ စတင်အကောင်အထည်ဖော် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအကျဆုံးဖြစ်သည့် လျှပ်စစ် ဓာတ်အားကို ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ဦးစားပေးဆောင်ရွက်လျက်ရှိသောကြောင့် မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးမှ လည်း အားသွန်ခွန်စိုက်ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် CEEC ကုမ္ပဏီ၏ တာဝန်ရှိသူက ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ်(တောင်ငူ) မဟာဓာတ်အားလိုင်း ၁၄၆ မိုင် ကြိုးဆွဲလုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ်(တောင်ငူ) မဟာဓာတ်အားလိုင်း ၁၄၆ မိုင် ကြိုးဆွဲလုပ်ငန်းစတင်ခြင်း အထိမ်းအမှတ်အဖြစ် Tensioner Switch အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက Running Board ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းကြိုးဆွဲခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ပြခန်းအတွင်းတွင် ပြသထားသော ဓာတ်အားလိုင်း တည်ဆောက်ရာတွင် အသုံးပြုသည့် စီမံကိန်းလုပ်ငန်းခွင်သုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁၆ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ သပြေဝပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် Switchyard အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ်(တောင်ငူ) မဟာဓာတ်အားလိုင်း ၁၄၆ မိုင် ကြိုးဆွဲလုပ်ငန်းစတင်ခြင်း အထိမ်းအမှတ်အဖြစ် Tensioner Switch အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

**သတင်းစဉ်**

# ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၇**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါနအသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၂၁)ကြိမ်မြောက် နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသွေးလှူဒါန်းပွဲကို ဧပြီ ၆ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပ လူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း- ၅၄၁၇၉၅/၅၅၈၄၃၇ တို့သို့ ဖုန်းဖြင့်ဖြစ်စေ ဧပြီ ၄ ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ (၆၂)ကြိမ်မြောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးညီလာခံ တက်ရောက်

နေပြည်တော် မတ် ၁၇

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ Vienna International Centre တွင် မတ် ၁၄ ရက်မှ ၂၂ ရက်အထိ ကျင်းပသော (၆၂)ကြိမ်မြောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ညီလာခံအား တက်ရောက်ခဲ့ကြသည်။**

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဆောင်ရွက်နေကြောင်း၊ မူးယစ်ဆေးဝါးအလွဲသုံးမှု တိုင်ကြားရေး ဌာနကို နိုင်ငံတော်သမ္မတရုံး၌ ဖွင့်လှစ်ထားရှိပြီး မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များအား အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသောကြောင့် တားဆီးနှိမ်နင်းရေးအပိုင်းတွင် ပိုမိုထိရောက်မှုရှိလာပါကြောင်း၊ မြန်မာ-လာအို-ထိုင်း ၃ နိုင်ငံ နယ်စပ် ရွှေတြိဂံဒေသတွင်လည်း မူးယစ်ဆေးဝါးပူးပေါင်းဆောင်ရွက်ရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုမှာ အောင်မြင်မှုများရရှိလျက်ရှိပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုတွင်လည်း ယခင်နှစ်များထက် များစွာလျော့ကျအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စိတ်ကြွဆေးများ ထိန်းချုပ်နိုင်ရေးအတွက် မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသည်ဓာတုဆေးများ တရားမဝင် မှောင်ခိုမှုကို နိုင်ငံတကာကထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့် ပူးပေါင်းကာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညီလာခံကျင်းပသည့် ရက်များအတွင်း မတ် ၁၃ ရက်တွင် ပြုလုပ်သော အကြိုညှိနှိုင်းအစည်းအဝေးအား လည်းကောင်း၊ မတ် ၁၄၊ ၁၅ ရက်များတွင် ပြုလုပ်သည့် ဝန်ကြီးအဆင့်အစည်းအဝေး (Ministerial Segment) အား လည်းကောင်း တက်ရောက်ခဲ့ကြပြီး UNODC ၏ အမှုဆောင်ဒါရိုက်တာ Mr. Yury Fedotov နှင့် လည်းကောင်း၊ INCB ၏ ဥက္ကဋ္ဌ Mr. Viroj Sumyai နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံသည်။ ထို့အပြင် မတ် ၁၈ ရက်မှ ၂၂ ရက်အတွင်း ဆက်လက်ကျင်းပမည့် အစည်းအဝေးများသို့ ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာအမြဲတမ်းအဖွဲ့ရုံးမှ သံအမတ်ကြီး ဦးစံလွင်က ဆက်လက် တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပသော (၆၂)ကြိမ်မြောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးညီလာခံ တက်ရောက်စဉ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပူတာအိုမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ

**ပူတာအို မတ် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း ခန်းမ၌ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)မှ ကျောင်းအုပ်ကြီး ဦးမောင်မောင်သန်းက ကျောင်းများ၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ သင်ကြားသင်ယူမှုအခြေအနေများနှင့် ကာလတိုသင်တန်းများ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပူတာအိုမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာနှင့်အသက်မွေးပညာကဏ္ဍတွင် မဟာဗျူဟာ(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာနှင့်သက်မွေးပညာရပ်များကို သင်ယူလိုသူတိုင်း သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်လျက် ရှိပါကြောင်း။

**တိုးချဲ့ဖွင့်လှစ်**

ယင်းကဲ့သို့ တိုးချဲ့ဆောင်ရွက်ရာတွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပုံမှန်သင်တန်းများနှင့် ကာလတိုသင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်ရမည် ဖြစ်ပါကြောင်း၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော သက်မွေးသင်တန်းများအဖြစ် Auto Mobile ကားပြင်သင်တန်းများ၊ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းရေးသင်တန်းများ၊ ပန်းရန်၊ လက်သမားကဲ့သို့သော အဆောက်အဦနှင့် ပတ်သက်သည့် သက်မွေးပညာသင်တန်းများ၊ ဂဟေဆက်သင်တန်းများ၊ ချောင်းမြောင်းပေါများသော ဒေသဖြစ်သည့်အတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် အသုံးပြုသော တာဘိုင်ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများ၊ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုသင်တန်းများအပြင် ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည် အရည်အသွေး မြင့်မားလာစေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်**

ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားမှု၊ သင်ယူမှုနည်းလမ်းများအပြင် လက်တွေ့လေ့ကျင့်သင်ကြားပေးရာတွင်လည်း သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်မှုရှိရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားမှသာလျှင် ကျောင်းသားကျောင်းသူများ၏ အရည်အသွေး တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ အင်္ဂလိပ်စာ အရည်အသွေးနှင့် ICT အသုံးပြုမှု အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် မွမ်းမံသင်တန်းများ စဉ်ဆက်မပြတ် တက်ရောက်သင်ကြားရမည် ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲမှုအခန်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက်နေသော ဝန်ထမ်းများ၏ အရည်အသွေးသည်လည်း အရေးကြီးပါကြောင်း၊ ၎င်းတို့၏ အရည်အသွေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း မှာကြားသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ဌာနမှူးနှင့် ဆရာဆရာမများက သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းက တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ၏ အလုပ်ရုံနှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟိုတယ်များကြယ်ပွင့်အဆင့်သတ်မှတ်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်း

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံ၏ဟိုတယ်များ အဆင့်အတန်း မြင့်မားရေးနှင့် အရည်အသွေးများ တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ဟိုတယ်များ ကြယ်ပွင့်အဆင့်အတန်း သတ်မှတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အင်းယားလိပ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်များ ကြယ်ပွင့်အဆင့်သတ်မှတ်ရေး ဆောင်ရွက်ရသည့် အခြေခံအကြောင်းရင်းများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းက ၂၀၁၁ ခုနှစ်တွင် ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ဟိုတယ်များ ကြယ်ပွင့်သတ်မှတ်ခြင်းဆိုင်ရာ အမှတ်ပေး စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ဆောင်ရွက်ပြီးစီးခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများကလည်း ကြယ်ပွင့်အဆင့်သတ်မှတ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အမှတ်ပေး စည်းမျဉ်းသတ်မှတ်ချက်များနှင့် ၎င်းတို့၏ အတွေ့အကြုံများပေါ် အခြေခံကာ လက်တွေ့အမြင်များနှင့် ရှေ့ဆက်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များကို အကျယ်တဝင့် အပြန်အလှန်ဆွေးနွေးတင်ပြခဲ့ကြသည်။ ထို့အပြင် နိုင်ငံတကာနှင့် UNWTO မှ ကျွမ်းကျင်ပညာရှင်များဖိတ်ကြား၍ နိုင်ငံတကာနှင့် ဒေသတွင်းမှ သတ်မှတ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့်အခြေခံ၍ နိုင်ငံတွင်းအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိမည့် သတ်မှတ်ချက်များ ဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ဟိုတယ်များ ကြယ်ပွင့်အဆင့်သတ်မှတ်ရေး ဆက်လက်ဆောင်ရွက်ရန် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအသင်း၊ မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးအသင်း စသည့် အသင်းအဖွဲ့များကို အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့တွင် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပ

**ပုသိမ် မတ် ၁၇**

တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်းနှင့် ဧရာဝတီလူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် ငြိမ်းချမ်းရေးဖိုရမ်ကို မတ် ၁၇ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ပုသိမ်ဟိုတယ်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဖိုရမ်တွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုစားလှယ် ဦးခင်ဝင်းက အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့်သုတေသနအသင်း သုတေသနပညာရှင် ဦးမိုးစက်က ငြိမ်းချမ်းရေးဖိုရမ်ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း အမှုဆောင်ဒါရိုက်တာ ဆလိုင်းငွန်လျန်ဆန်းက ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်၊ မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးရန်ကျော်က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်း၊ ဒေါ်ဆွေဆွေနွယ်က ဖက်ဒရယ်နှင့်အမျိုးသမီးများကဏ္ဍ၊ စာရေးဆရာ နေသင်ကျော်က ငြိမ်းချမ်းရေးရမှုဖြစ်မယ်၊ Green Peasant Institute အဖွဲ့မှ ဦးတင်လင်းအောင်က ဖက်ဒရယ်နှင့် မြေယာကဏ္ဍ စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တစ်ဦးတည်းလုပ်၍မရဘဲ ငြိမ်းချမ်းရေးရှိမှသာ ပြုလုပ်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံရေးပါတီဝင်များ၊ ပြည်သူများ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မင်းထွန်းဇော်**

**တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေ**

**နေပြည်တော် မတ် ၁၇-** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ယာဉ်အန္တရာယ်ကင်းဝေးရေး နိုင်လွန်ကတ္တရာ(AC) ခင်းပြီ

**ခရမ်းစိုးမြင့်**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ရန်ကုန် အမှတ်(၃) လမ်းဆုံမှ မန္တလေး စကားအင်းအဝိုင်းအထိ အရှည် ၃၃၆ မိုင် ၃ ဖာလုံရှိပြီး ပေ ၃၀ အကျယ် အလယ်ကျွန်းနှင့် တစ်ဖက်စီတွင် ၂၅ ပေအကျယ် ယာဉ်သွားလမ်းနှစ်လမ်းပါရှိသော ကွန်ကရစ် လေးလမ်းသွား ခွဲခြားလမ်းမကြီးဖြစ်သည်။

### အမြန်လမ်းအင်္ဂါရပ်များ

ရန်ကုန်-နေပြည်တော်အပိုင်းကို ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်က အများပြည်သူများ သွားလာနိုင်ရန် ဖွင့်လှစ်ပေးခဲ့ပြီး နေပြည်တော်မှ မန္တလေး စကားအင်းအထိကို ၂၀၁၀ အောက်တိုဘာ ၂၉ ရက်နှင့် ၂၀၁၁ မတ် ၂၃ ရက်တို့တွင် ထပ်မံဖွင့်လှစ်ပေးခဲ့သဖြင့် ယခုအခါ ပြည်သူများအနေဖြင့် ရန်ကုန်မှ မန္တလေးသို့ တစ်ဆက်တည်း လွယ်လင့်တကူ ကားဖြင့် ခရီးသွားနိုင်နေကြပြီဖြစ်သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် အမြန်လမ်းဟုခေါ်နေသော်လည်း အမြန်လမ်းအဆင့် သတ်မှတ်၍မရသေးဘဲ လမ်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူတို့က သတ်မှတ်ပေးသည့် အမြန်နှုန်းဖြင့်သာ မောင်းနှင်နိုင်သော လမ်းမကြီးတစ်လမ်းအဆင့်သာ ဖြစ်နေသေးသည်။ အမြန်လမ်းအင်္ဂါရပ်နှင့် ပြည့်စုံစေရန်အတွက်ဆိုလျှင် တည်ဆောက်ပြီးလမ်းပေါ်၌ မော်တော်ယာဉ်များ အနှောင့်အယှက်မရှိ သတ်မှတ်အမြန်နှုန်းနှင့် သွားလာ မောင်းနှင်နိုင်ရန်အတွက် လမ်းဘေးမှ လူ၊ တိရစ္ဆာန်၊ မော်တော်ဆိုင်ကယ်နှင့် အခြားယာဉ်များ လုံးဝဝင်ရောက်မှုမရှိ ဖြစ်ရပါမည်။

### သတိပေးဆိုင်းဘုတ်များ

အမြန်လမ်းမကြီးတစ်လျှောက်တွင် တစ်နာရီလျှင် မိုင် ၆၀ သာ မောင်းရပါမည်။ ပို၍ မမောင်းသင့်ပါ။ ထို့ကြောင့် တာဝန်ရှိသူများက 'ဤနေရာသည် ကီလိုမီတာ ၁၀၀ အထိ မောင်းနှင်နိုင်သည်'၊ 'ဤနေရာသည် ကီလိုမီတာ ၈၀ သာ မောင်းပါ'စသည့် ဆိုင်းဘုတ်များကိုလည်း စိုက်ထူထားသည်။ အထူးအနေဖြင့် 'သတ်မှတ်ပေးထားသောမိုင်ထက် ကျော်လွန်မောင်းနှင်ပါက အသက်ဆုံးရှုံးရနိုင်ပါသည်'ဆိုသည့် ဆိုင်းဘုတ်များလည်း ရှိသည်။

ထို့အပြင် 'ရှေ့တွင်လမ်းကွေ့ရှိသည်၊ အရှိန်လျှော့မောင်းပါ' စသည့် ဆိုင်းဘုတ်များ၊ လမ်းကွေ့လမ်းညွှန် အမှတ်အသားများ၊ ညအခါ လင်းလက်ပြီး ကွေ့ရန်လမ်းညွှန်ပြသပေးသည့် အလိုအလျောက် မီးလုံးများ၊ မီးခြောက်များ၊ ရောင်ပြန်လမ်းညွှန်များ စသည်တို့ကို လမ်းအသုံးပြုသွားလာနေသော မော်တော်ယာဉ်များ အန္တရာယ်မကြုံတွေ့စေရန်အတွက် တာဝန်ရှိသူများက ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားသည်ကိုလည်း ထိုလမ်းအသုံးပြုသွားလာဖူးသူတိုင်း သိကြပါသည်။

### ယာဉ်မတော်တဆမှုဖြစ်သည့် အကြောင်းရင်းငါးခု

သို့သော် ရန်ကုန်-မန္တလေး ကားလမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုများဖြစ်ပြီး အသက်ဆုံးရှုံးသူတွေ ရှိနေသည်ကို ယခုအချိန်အထိ စိတ်မချမ်းမြေ့စွာ ကြားသိနေရသည်။ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းမှာ အကြောင်းရင်း ငါးရပ်ရှိသည်။ ယင်းငါးချက်ထဲမှ တစ်ချက်ချို့ယွင်းလျှင်ပင် ယာဉ်အန္တရာယ်ဖြစ်ပြီး အသက်ဆုံးရှုံးနိုင်သည်။ ထိုအချက်များမှာ-

၁။ ယာဉ်ထိန်းသိမ်းရေးစနစ် (Stearing System) ကောင်းမွန်မှုမရှိခြင်း၊
၂။ ဘရိတ်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများ ချွတ်ယွင်းခြင်း၊
၃။ ကားဘီးနှင့် တာယာများ ကောင်းမွန်မှုမရှိခြင်း၊
၄။ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း၊
၅။ ကားမောင်းနေစဉ် အိပ်ငိုက်ခြင်းနှင့် မောင်းရန် သတ်မှတ်ပေးထားသည့် မိုင်နှုန်းထက် ပိုမောင်းနှင်ခြင်းတို့ ဖြစ်သည်။

### ကွန်ကရစ်လမ်း

ထို့အပြင် ကွန်ကရစ်လမ်းကြောင့်ဟုလည်း အချို့က ဆိုကြသည်။ ထိုအဆိုနှင့်ပတ်သက်၍ ကျွန်တော်သည် မြန်မာနိုင်ငံမှ လမ်းတည်ဆောက်သူ အင်ဂျင်နီယာပညာရှင်ကြီးများကိုမေး၍ ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာကြီးနှစ်စောင်တို့တွင် 'လူလား၊ ယာဉ်လား၊ လမ်းလား' ခေါင်းစဉ်ဖြင့် သတင်းဆောင်းပါးများ ရေးသားတင်ပြခဲ့ဖူးသည်။ သို့သော် ယခုအချိန်အထိ ယာဉ်ယာဉ်ချင်းတိုက်မှု၊ ယာဉ်မှောက်မှုများ ဖြစ်ပွားလျက်ရှိပြီး ခရီးသွားပြည်သူများနှင့် ရဟန်းသံဃာများပါ အသက်ဆုံးရှုံးလျက်ရှိနေသည်။

ယခုအခါ ကွန်ကရစ်လမ်းကြောင့်ဟု လူအချို့ပြောဆိုမှုကိုလည်း အလေးထား၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က လမ်းအကျယ်ချဲ့ခြင်း၊ ကွန်ကရစ်လမ်းပေါ်၌ အဆင့်မြင့်နိုင်လွန်ကတ္တရာ(AC)ခင်းခြင်း၊ လမ်းလယ်ကျွန်းများ နှိမ့်ချပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြေသားလမ်းပခုံး မြှင့်တင်ခြင်း၊ ကျေးရွာကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။ ထို့ကြောင့် ကျွန်တော်သည် မတ် ၄ ရက်က နေပြည်တော်ရှိ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

### အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းရေး

ထိုသို့ သွားရောက်တွေ့ဆုံခဲ့ရာတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ကြီးကြပ်ရေးအဖွဲ့က အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်-နေပြည်တော်အပိုင်း၌ ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၁၃၃ မိုင် ၂ ဖာလုံ၊ လမ်းလယ်ကျွန်း Raised Median မှ Depress Median သို့ ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်း ၆၃ မိုင် ၅ ဖာလုံ၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ၃၅ မိုင်၊ ရောင်ပြန်မီးခြောက်(Road Stud) တပ်ဆင်ခြင်းလုပ်ငန်း ၁၀၂၂၀ ခု၊ Guard Rail ကာရံခြင်းလုပ်ငန်း ၁၇၁ မိုင် ၇ ဖာလုံ၊ သတိပေးလမ်းညွှန်ဆိုင်းဘုတ် တပ်ဆင်ခြင်းလုပ်ငန်း ၁၆၀၅ ချပ်တို့ကို ဆောင်ရွက်နေကြောင်း၊ နေပြည်တော်-မန္တလေး လမ်းပိုင်းတွင်မူ ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၄၃ မိုင် ၆ ဖာလုံ၊ ရောင်ပြန်မီးခြောက်တပ်ဆင်ခြင်းလုပ်ငန်း ၂၇၇၉၈ ခု၊ Guard Rail ကာရံခြင်းလုပ်ငန်း ၆၉ မိုင် ၄ ဖာလုံနှင့် သတိပေးလမ်းညွှန်ဆိုင်းဘုတ် တပ်ဆင်ခြင်းလုပ်ငန်း ၁၄၅၉ ချပ်တို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ စက်တင်ဘာလအထိ အမြန်လမ်းမကြီး၏ ရန်ကုန်တိုင်းဒေသကြီးအပိုင်းတွင် ပြည်ထောင်စုပြင်ထိန်းရန်ပုံငွေ ကျပ် ၅၂ ဒသမ ၆ သန်း၊ ပဲခူးတိုင်းဒေသကြီးအပိုင်း၌ ပြင်ထိန်းခွင့်ပြုရန်ပုံငွေ ကျပ် ၃၄၆ ဒသမ ၈၄၈ သန်း၊ နေပြည်တော်အပိုင်း၌ ပြင်ထိန်းရန်ပုံငွေ ကျပ် ၁၀၃ ဒသမ ၀၁ သန်း၊ မန္တလေးတိုင်းဒေသကြီးအပိုင်း၌ ပြင်ထိန်းခွင့်ပြုရန်ပုံငွေ ကျပ် ၃၂၂ ဒသမ ၁ သန်း၊ စုစုပေါင်း ပြင်ထိန်းခွင့်ပြုရန်ပုံငွေ ကျပ် ၅၃၈ ဒသမ ၅၅၈ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ စက်တင်ဘာလ)အထိ ပြည်ထောင်စု အစိုးရ ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေ ကျပ် ၅၆၄၉ ဒသမ ၁၅၄ သန်းတို့ကို သုံးစွဲ၍ ရေပိုက်လွှာလောင်းခြင်း၊ လမ်းပခုံးခင်းခြင်း၊ လမ်းပခုံးနိမ့်ကျသည့်နေရာများတွင် မြေသား ထည့်ခင်းကြိတ်၍ လမ်းပုံဖော်ခြင်း၊ ရေမြောင်းဖောက်ခြင်း၊ ခွဲကျောက်များအသုံးပြု၍ အခြေခံလွှာတည်ဆောက်ခြင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်း၊ အလယ်ကျွန်းများပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။



ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတိုးတိုးက ရှင်းပြနေစဉ်။

ကျွန်တော်သည် စာရင်းဇယားပိုင်းဆိုင်ရာ အချက်အလက်များကို ရယူမေးမြန်းပြီးနောက် အမြန်လမ်းမကြီး ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတိုးတိုးအား ဆက်လက်၍ သိလိုသည်များကို မေးမြန်းကြည့်ရာ ဦးတိုးတိုးက International Expressway တစ်ခုဖြစ်ရန်မှာ Fully Access Control ဖြစ်ရမည်ဖြစ်ကြောင်း ရှင်းပြသည်။ Fully Access Control ဖြစ်ရန်

(၁) Fast (မြန်မြန်မောင်းနှင်နိုင်ရမည်)
လမ်းပေါ်၌ မီးပွိုင့်များ၊ Junction များ၊ လူနေ အိမ်ခြေများ၊ ဈေးဆိုင်များမရှိရပါ။
(၂) Comfortable (ယာဉ်မောင်းနှင့် ခရီးသည်များအတွက် သက်သောင့်သက်သာရှိသော လမ်းဖြစ်ရပါမည်)
Pavement များသည် Flexible Pavement ဖြစ်ရမည်။
လမ်းညွှန်ဆိုင်းဘုတ်များကို ပြည့်စုံအောင် ဆောင်ရွက်ထားရမည်။
တစ်နာရီတစ်ကြိမ် သက်သောင့်သက်သာ ရပ်နားနိုင်မည့် ယာဉ်ရပ်နားစခန်းများ၊ Toilet များ၊ လျှပ်စစ်မီးများ အပြည့်အစုံရှိပြီးဖြစ်ရပါမည်။
(၃) Safety (လုံခြုံစိတ်ချမှု အပြည့်ရှိရမည်။)

လမ်းတစ်လျှောက်တွင် Inner Shoulder, Outer Shoulder နှင့် Guard Rail များ ပြည့်စုံစွာပါရှိရမည်။ လူ၊ နွား၊ တိရစ္ဆာန်များ ဖြတ်သန်းဝင်ရောက်ခြင်း မပြုနိုင်ရန်အတွက် ခြံစည်းရိုးခတ်ထားသောလမ်း ဖြစ်ရမည်။ ဆိုင်ကယ်၊ အနေးယာဉ်၊ ထော်လာဂျီ စသည့် ယာဉ်များလည်း မောင်းနှင်ခွင့်မရှိပါ။

ယခုလက်ရှိ အမြန်လမ်းမကြီးသည် International အဆင့်မီ အမြန်လမ်း(Full Access Control)ဖြစ်ရန် အထက်ပါ အချက်(၃)ချက်နှင့် ကိုက်ညီမှုမရှိသေးပါ။ မူလက Expressway အဖြစ် ဖောက်လုပ်ရန် ရည်ရွယ်ထားပြီး ယခုပြီးစီးသလောက်အနေအထားတွင် ပြည်သူများကို အသုံးပြုခွင့်ပေးထားခြင်းဖြစ်ကာ ယခုလက်ရှိအချိန်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် နိုင်ငံတကာအဆင့်မီ အမြန်လမ်းအဆင့် မရောက်ရှိသေးပါ။ ထို့ကြောင့် လမ်းမကြီးကို ခေတ်မီ လေးလမ်းသွားအဆင့် တိုးမြှင့်တည်ဆောက်ခြင်းနှင့် အဆင့်မီ လုံခြုံရေးပစ္စည်းများ တပ်ဆင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်းလည်း ဦးတိုးတိုးက ဆက်ရှင်းပြသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် ယခင် ကွန်ကရစ်ဒုအခြေခံလွှာ ခြောက်လက်မထု၊ အခြေခံလွှာ ၁၂ လက်မထု တည်ဆောက်ပြီးဖြစ်၍ ယခုအခါ အပွန်းခံလွှာအဖြစ် Riding Quality ကောင်းမွန်စေရန် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ (အသွား+အပြန်) ၁၇၇မိုင်ကို လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

### လမ်းလယ်ကျွန်းများ

လမ်းလယ်ကျွန်းများ၏ အမြင့်အပိုင်းတွင် အမြန်လမ်းမကြီး၌ ယခုတပ်ဆင်ထားသော (Raised Median)များမှာ မြို့တွင်းလမ်းများ၊ တစ်နာရီလျှင် ၄၅ မိုင်အောက် သတ်မှတ်ထားသော အဝေးပြေးလမ်းများနှင့် ခြောက်လမ်းသွားအထက် လမ်းများတွင်သာ အသုံးပြုရန် သင့်တော်သည်ဟု International Standard(AASHTO)များတွင် သတ်မှတ်ထားသည်။

ယခု အမြန်လမ်းမကြီးကဲ့သို့ လေးလမ်းသွားဆိုပါက လမ်းလယ်ကျွန်းအနိမ့်(Depressed Median)ကို တည်ဆောက်အသုံးပြုရမည်ဖြစ်ပါသည်။ ယခု လမ်းလယ်ကျွန်းများမှာ Raised Median ဖြစ်နေခြင်းကြောင့် အရေးပေါ်ယာဉ်များ ဝင်ရောက်ရန် ခက်ခဲခြင်း၊ မိုးရာသီတွင် ရေစီးခြင်းကို ဖြစ်ပေါ်စေခြင်းတို့ ဖြစ်နိုင်ပါသည်။

အမြန်လမ်းမကြီးတွင် ဖြစ်ပွားနေသည့် ယာဉ်မတော်တဆမှုများကို ဆန်းစစ်ကြည့်ပါက အရှိန်များ၍သော်လည်းကောင်း၊ ဘီးပေါက်၍သော်လည်းကောင်း၊ ယာဉ်မောင်းအိပ်ငိုက်၍သော်လည်းကောင်း စသည်တို့ကြောင့် ယာဉ်မတော်တဆမှုများ အများဆုံးဖြစ်ပွားလျက်ရှိကာ လမ်းလယ်ကျွန်းအမြင့်ကြောင့် မော်တော်ယာဉ်သည် လိမ့်ကာ ထိခိုက်ပျက်စီးမှုဖြစ်ခြင်း၊ ကားတစ်စီးနှင့်တစ်စီး ကျော်တက်ရာတွင် လမ်းလယ်ကျွန်းရှိ Road Curb ကို တိုက်မိပြီး မတော်တဆမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ယခုအခါ လမ်းလယ်ကျွန်းပုံစံကို Raised Median မှ Depressed Median သို့ ပြောင်းလဲတည်ဆောက်နေခြင်းဖြစ်ကြောင်း တို့ကိုလည်း ၎င်းက ဆက်ရှင်းပြသည်။

### ယာဉ်မောင်းသူများလိုက်နာရမည့် အချက်များ

အမြန်လမ်းမကြီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းသူများလိုက်နာရမည့် အချက်များကို မေးမြန်းခဲ့ရာတွင် ညွှန်ကြားရေးမှူး ဦးတိုးတိုးက အမြန်လမ်းမကြီးကို အသုံးပြု၍ မောင်းနှင်နေကြသော ယာဉ်မောင်းများသည် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာရမည်ဖြစ်ကြောင်း၊ သတ်မှတ်အရှိန်နှုန်းများမှာ အိမ်စီးကားများအတွက် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀၊ ကုန်တင်ယာဉ်များအတွက် တစ်နာရီလျှင် ကီလိုမီတာ ၆၀၊ ခရီးသည်တင်ယာဉ်ကြီးများအတွက် တစ်နာရီလျှင် ကီလိုမီတာ ၉၀ ထက် ပိုမမောင်းရန် သတ်မှတ်ထားရှိကြောင်း ရှင်းပြသည်။

ယာဉ်မောင်းများ တစ်နာရီလျှင်တစ်ကြိမ် နားနေနိုင်အောင် ယာဉ်ရပ်နားစခန်းနှင့် အများသုံးသန့်စင်ခန်းများကိုလည်း ဖွင့်လှစ်ထားပြီး ဘောနတ်ကြီးယာဉ်ရပ်နားစခန်း၊ Mini Rest Camp၊ ဖြူးယာဉ်ရပ်နားစခန်း၊ နေပြည်တော် ယာဉ်ရပ်နားစခန်း၊ သီးကုန်းယာဉ်ရပ်နားစခန်းနှင့် စကားအင်း ယာဉ်ရပ်နားစခန်းတို့ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

ယာဉ်မောင်းသူအများစုသည် မိမိမောင်းနေသောကား၏ တစ်စက္ကန့်အမြန်နှုန်းကို သတိမပြုကြဘဲ မောင်းနေကြကြောင်း၊ ကားကို ကီလို ၁၀၀ နှုန်း မောင်းပါက တစ်စက္ကန့်သွားနှုန်းသည် ပေ ၉၀၊ ကီလို ၁၁၀ နှုန်းမောင်းပါက တစ်စက္ကန့်သွားနှုန်းသည် ပေ ၁၀၀၊ ကီလို ၁၂၀ နှုန်းမောင်းပါက တစ်စက္ကန့်သွားနှုန်းသည် ပေ ၁၁၀၊ ကီလို ၁၃၀ နှုန်းမောင်းပါက တစ်စက္ကန့်သွားနှုန်းသည် ပေ ၁၂၀၊ ကီလို ၁၄၀ နှုန်းမောင်းပါက တစ်စက္ကန့်သွားနှုန်းသည် ၁၂၆ ပေ၊ ကီလို ၁၅၀ နှုန်းမောင်းပါက တစ်စက္ကန့်သွားနှုန်းသည် ၁၃၅ ပေ၊ ကီလို ၁၆၀ နှုန်းမောင်းပါက တစ်စက္ကန့်သွားနှုန်းသည် ၁၄၄ ပေရှိကြောင်း ဦးတိုးတိုးက ဆက်ပြောသည်။

ယာဉ်မောင်းနေစဉ် ယာဉ်မောင်းများ အရှိန်လျှော့ရမည့် အချက် ၁၀ ချက်ကိုလည်း ဆက်လက်ရှင်းပြခဲ့ရာ ယင်း ၁၀ ချက်မှာ

၁။ ကားချင်းရှောင်ရင်...လျှော့
၂။ လမ်းကွေ့မတိုင်ခင်...လျှော့
၃။ လူတွေ့လျှင်...လျှော့
၄။ ကလေးငယ်တွေ့လျှင်...လျှော့
၅။ တိရစ္ဆာန်တွေ့လျှင်...လျှော့
၆။ တိရစ္ဆာန်ငယ်တွေ့ပါကအဝေးကြီးက...လျှော့
၇။ မြင်ကွင်းမရှင်းပါက...လျှော့
၈။ နှင်းကျလျှင်...လျှော့
၉။ မိုးရွာလျှင်...လျှော့
၁၀။ ရေအိုင်ဖြတ်လျှင်...လျှော့ စသည်တို့ပင်ဖြစ်သည်။ ။



ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို နိုင်လွန်ကတ္တရာ (AC) ခင်း၍ ဤသို့ အဆင့် မြှင့်တင်ထားသည်။

# မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကလေးအသည်းအစားထိုးခွဲစိတ်ကုသမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး ကြည့်ရှုအားပေး

ရန်ကုန် မတ် ၁၇

**မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၆) ကြိမ်မြောက် ဆေးရုံစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ရန်ကုန်၌ ပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး တက်ရောက်သည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး ပါမောက္ခ Dr. Tomoaki Taguchi ဦးဆောင်သော အသည်းအစားထိုး ကုသမှုအဖွဲ့အား တွေ့ဆုံနှုတ်ဆက်စဉ်။ သတင်းစဉ်

အခမ်းအနား အစီအစဉ် ဒုတိယပိုင်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်မှု ပညာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက ဆေးရုံအုပ်ချုပ်မှု ပညာအဖွဲ့၏ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

**ဟောပြောပို့ချ**

ဆက်လက်၍ Joint Commission International (JCI) မှ Principal consultant Dr. Thomas W. Kozlowski က "Introduction to Joint Commission International Standards and Patient Safety Goals and Tracers" ခေါင်းစဉ်ဖြင့် ဆေးရုံများနှင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီကြောင်း Joint Commission International မှ အသိအမှတ်ပြုရန်အတွက် ကိုက်ညီရမည့် စံအချက်အလက်များ၊ လူနာများ ဘေးကင်းစိတ်ချစွာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေးဆိုင်ရာ ရည်မှန်းချက်များနှင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ ကုသစောင့်ရှောက်ဝန်ဆောင်မှု စွမ်းဆောင်ရည်ဆိုင်ရာ ဆန်းစစ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဟောပြောပို့ချသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက Dr. Thomas W. Kozlowski ကို ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် လူနာများမှ ၎င်းတို့၏ ရောဂါဝေဒနာနှင့် ပတ်သက်သော အခြေအနေ၊ သက်သာကောင်းမွန်စေရေး လိုက်နာဆောင်ရွက်ရမည်များ စသည်တို့ကို ရှင်းလင်းစွာသိရှိစေရေးအတွက် လူနာများနှင့် ဆက်သွယ်မှု (communication) ကောင်းမွန်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူနာများ ဆေးရုံမှဆင်းသည့်အခါ သက်ဆိုင်ရာရောဂါအလိုက် လိုက်နာကျင့်သုံးဆောင်ရွက်ရမည့်အချက်များ အသိပေးပြောကြားခြင်းနှင့် ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် ရောဂါများအပါအဝင် ဖြစ်ပွားမှုများပြားသော ရောဂါများနှင့် သက်ဆိုင်သည့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို ပြုစု၍ ဖြန့်ဝေသွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များကို လူနာသာမက လူနာ၏ မိသားစုများ၊ မိတ်ဆွေများကပါ ဖတ်ရှုလေ့လာသိရှိနိုင်မည်ဖြစ်သဖြင့် အကျိုးရှိပါကြောင်း။

Dr. Thomas W. Kozlowski ရှင်းလင်းပြောကြားခဲ့သည့် အကြောင်းအရာများသည် ဝန်ကြီးဌာနရှိ ဆေးရုံများ ပိုမိုကောင်းမွန် တိုးတက်စေရေးလုပ်ငန်းများတွင် အသုံးချနိုင်မည်ဖြစ်သဖြင့် ရုပ်သံ(video) ရိုက်ကူးထားရှိမှုကို ဆေးရုံများရှိ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ ဆရာဝန်ကြီးများ၊ ဘွဲ့လွန်သင်တန်းသားများ သိရှိနိုင်စေရေး ဖြန့်ဝေပေးစေလိုပါကြောင်း၊ လူနာများဘေးကင်းစိတ်ချစွာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းများတွင် ပိုမိုထည့်သွင်းသင်ကြားရမည် ဖြစ်ပါကြောင်း။

**ဆေးရုံအုပ်ချုပ်မှုပညာမြင့်မားရေး**

ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍတွင် အရေးကြီးသည့် ဆေးရုံအုပ်ချုပ်မှုပညာပိုမိုတိုးတက် မြင့်မားစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဆေးရုံအုပ်ချုပ်မှု ပညာအဖွဲ့နှင့် ဆက်လက်လက်တွဲ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ပထမဆုံးအကြိမ် ကလေး အသည်းအစားထိုးခွဲစိတ်ကုသ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြန်မာအသည်းအစားထိုးခွဲစိတ်ကုသမှုဆိုင်ရာ အဖွဲ့နှင့် ဂျပန်နိုင်ငံ Kyushu University Hospital မှ ပါမောက္ခ Dr. Tomoaki Taguchi ဦးဆောင်သော အသည်းအစားထိုးကုသမှုအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကလေးအသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်နေသည့် ရန်ကုန်ကလေးဆေးရုံကြီးသို့ သွားရောက်အားပေးသည်။

ထိုသို့ သွားရောက်ရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခွဲစိတ်ခန်းပြင်ပမှ ပါမောက္ခများ၊ အထူးကုဆရာဝန်များ၊ သူနာပြုများနှင့် ပညာရှင်များ ကြည့်ရှုလေ့လာမှု၊ သင်ကြားလေ့လာမှုများ ပြုလုပ်နိုင်ရန်အတွက် ခွဲစိတ်ကုသမှုအား တိုက်ရိုက်ပြသနေမှုကို ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခ Dr. Tomoaki Taguchi ဦးဆောင်သော အသည်းအစားထိုးကုသမှုအဖွဲ့အား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ခြင်းများ ပေးအပ်

**မန္တလေး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ မိခင်ဝိုင်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် တိုင်းလူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များအပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်အဖွဲ့အစည်းများအား တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကား ပြောကြားသည်။

**Smart City အဖြစ် ဆောင်ရွက်**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ထားသည့် အခြေအနေနှင့် မန္တလေးမြို့ကို Smart City အဖြစ် ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့်အဖွဲ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဆက်လက်၍ ထောက်ပံ့ငွေများကို ပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မသန်စွမ်းသူ ၁၂၅၆ ဦး အတွက် ထောက်ပံ့ငွေကျပ် ၃၇၆၈၀၀၀၀၀၊ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွား ၂၄၄၇ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၇၃၄၆၁၀၀၀၀၊ ပရဟိတဂေဟာ ၁၇ ခုအတွက် ထောက်ပံ့ငွေကျပ် ၂၃၆၈၆၀၀၀၊ စေတနာ့ပညာ ကျောင်း ခြောက်ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၃၇၆၀၀၀၀၊ ဘိုးဘွားရိပ်သာ ၁၃ ခုအတွက် ထောက်ပံ့ငွေကျပ် ၄၇၇၀၃၀၀၀၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၉၁ ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၆၃၇၀၀၀၀၀၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပြီးသော အမျိုးသမီး ၂၀ အတွက် စုစုပေါင်း ရင်းနှီးမတည်ငွေကျပ်သိန်း ၁၀၀ နှင့် မိခင်ဝိုင်းငါးဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၃၅၂၈၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် အာဟာရမုန့်များကို ပေးဝေခဲ့ကြပြီး စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကြသည်။

ယနေ့ထောက်ပံ့ငွေ စုစုပေါင်းမှာ ကျပ်သိန်းတစ်သောင်း လေးထောင် ခုနစ်ရာ ခုနစ်ဆယ့်တစ်သိန်း ခြောက်သောင်းခုနစ်ထောင် တစ်ရာတိတိ ဖြစ်သည်။

**လက်ဆင့်ကမ်းအမွေပေးနိုင်ရန်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ တိုင်းလူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ဝင် လူငယ်များနှင့် တွေ့ဆုံ၍ အနာဂတ်နိုင်ငံတော်အတွက် စွမ်းရည်ပြည့်ဝသော လူသားအရင်းအမြစ်များ ပေါ်ပေါက်လာစေရန်နှင့် လူငယ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကိုယ်စားပြုလူငယ်များ ကိုယ်တိုင်ပါဝင်ရေးဆွဲထားသော လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြီးဖြစ်ရာ မဟာဗျူဟာ ရေးဆွဲနိုင်ရေးနှင့် လုပ်ငန်းစဉ်များ ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

**ကော်မတီများ တိုးချဲ့ဖွဲ့စည်း**

ယင်းနောက် တက်ရောက်လာကြသော တိုင်းလူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်များက အဆိုပါမူဝါဒကို ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ပေးနိုင်ရေး၊ ခရိုင်၊ မြို့နယ်အဆင့်များအထိ ကော်မတီများ တိုးချဲ့ဖွဲ့စည်းနိုင်ရေး၊ လူငယ်စင်တာ ဖွင့်လှစ်နိုင်ရေး လိုအပ်ချက်များနှင့် သိလိုသည့် အချက်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ညှိနှိုင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဧလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပူတာအိုခရိုင်နှင့် မချမ်းဘောမြို့နယ် ပြန်/ဆက်ရုံးများ ကြည့်ရှုစစ်ဆေး

ပူတာအို မတ် ၁၇

**ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် ပူတာအိုခရိုင်နှင့် မချမ်းဘောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အတူ မွန်းလွဲပိုင်းတွင် မချမ်းဘောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး/ စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြတိုက်ငယ်ခင်းကျင်းပြသထားရှိမှုနှင့် နံရံကပ်စာစောင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတဆိုင်ရာများကို ထိရောက်စွာဝန်ဆောင်မှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပူတာအိုမြို့ရှိ ပူတာအိုခရိုင် ရုံး/ စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းများ ဆောင်ရွက်ထားရှိမှု၊ ပြတိုက်ငယ်ခင်းကျင်းပြသထားမှုနှင့် နံရံကပ်စာစောင် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး(**ယာပုံ**)လိုအပ်သည်များ မှာကြားသည်။

**စနစ်တကျစီစဉ်ဆောင်ရွက်**

ထို့ပြင် ပူတာအိုမြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်၌ ခင်းကျင်းပြသမည့် ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၄၂၀၀ ကျော်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်တို့ပူးပေါင်းပြီး ပူတာအိုခရိုင်အတွက် လှူဒါန်းထားရှိပြီးဖြစ်၍ ယင်းစာအုပ်များကို ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ဆွန်ပရာဘွမ်၊ ခေါင်လန်ဖူးနှင့် ပန်နန်းဒင်မြို့များသို့ လိုအပ်သလို ခွဲဝေပေးပို့ပြီး လှည့်လည်ဖတ်ရှုနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး စနစ်တကျစီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက် )၊ ဓာတ်ပုံ-လင်းဟန်ဇေ**

---

# ခန္တီးရှမ်းတွေရဲ့ ရိုးရာပစ္စည်းတွေ၊ ရှေးဟောင်းပစ္စည်းတွေ၊ နောက်ပြီးတော့ အသုံးအဆောင်ပစ္စည်းတွေကို ကလေးအားလုံးအပါအဝင် လူကြီးတွေကအစ သိရှိအောင် ပြသခြင်းဖြစ်ပါတယ်

**ဦးစဝ်ဖလတ္တာ (တိုင်းခမ်းတီ-ခမ်းတီးရှမ်း) ရှမ်းစာပေနာယက**



ဦးစဝ်ဖလတ္တာ



ဦးရာနီ



ဒေါ်မိုးသန္တာခိုင်



ဒေါက်တာလင်းအောင်ထက်



ရဲအုပ်အေးချို

ကလေးစာပေပွဲတော် (ပူတာအို)ကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပွဲတော်နှင့်ပတ်သက်၍ မေးမြန်းထားသည်များကို တင်ပြလိုက်ပါသည် -

**ဦးစဝ်ဖလတ္တာ (တိုင်းခမ်းတီ-ခမ်းတီးရှမ်း) ရှမ်းစာပေနာယက**

ဒီကလေးစာပေပြပွဲမှာ ခန္တီးရှမ်းတွေရဲ့ ရိုးရာပစ္စည်းတွေ၊ ရှေးဟောင်းပစ္စည်းတွေ၊ နောက်ပြီးတော့ အသုံးအဆောင်ပစ္စည်းတွေကို ကလေးအားလုံးအပါအဝင် လူကြီးတွေကအစ သိရှိအောင် ပြသခြင်းဖြစ်ပါတယ်။ လာပြီးကြည့်တဲ့သူတွေအားလုံးက ရှေးတုန်းက ခန္တီးရှမ်းတွေရဲ့ ပစ္စည်းအသုံးအဆောင်၊ ဘာသာရေး၊ လူမှုရေး အသုံးအဆောင်ကအစ ဒီလိုရှိတယ်လို့ သိတဲ့အခါကျတော့ မျိုးဆက်သစ်ကလေးတွေက အခုမသိပေမယ့်လည်း ကြည့်ပြီးတဲ့အခါ ဒီလိုရှိပါလားဆိုပြီး သိအောင် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပညာရရှိလိမ့်မယ်လို့ မျှော်မှန်းပါတယ်။

ကလေးစာပေပွဲ လုပ်ပေးခြင်းအားဖြင့် မျိုးဆက်သစ်ကလေးတွေကို လက်ဆင့်ကမ်းပေးခြင်းပေါ့။ ပညာလည်းပေးနိုင်တယ်။ ဒီလိုပွဲတော်ကြောင့် စာပေနဲ့ပတ်သက်လို့ ဗဟုသုတတွေတိုးလာမယ်။ စာအုပ်စာပေလည်း စိတ်ဝင်စားလာမယ်။ နောက်ပြီးတော့ မကြာခဏ သုံးနှစ်တစ်ခါ၊ လေးနှစ်တစ်ခါ လုပ်ပေးစေချင်ပါတယ်။

**ဦးရာနီ (အတွင်းရေးမှူး)**
**လီဆူစာပေနှင့် ယဉ်ကျေးမှု၊ ပူတာအို**

အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ စာအုပ်စာပေချစ်မြတ်နိုးပြီးတော့ စာပေဖတ်ရှုလေ့လာလို့ရအောင်၊ အသိဉာဏ်ဗဟုသုတတွေ တိုးပွားအောင် လာရောက်ပြသခြင်း ဖြစ်ပါတယ်။ ပြသတဲ့ စာပေပွဲတော်မှာ ယဉ်ကျေးမှု အသီးသီးကလည်း ယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းတွေကိုလည်း ပြသထားတယ်။ အခုလို စာပေပွဲတော်ကျင်းပခြင်းအားဖြင့် စာပေဖတ်ရှုလေ့လာပြီး အနာဂတ်မျိုးဆက်သစ်လူငယ်တွေ အသိပညာဗဟုသုတ တိုးပွားလာတဲ့အခါမှာ တိုင်းပြည်ကာကွယ်ရေး၊ အုပ်ချုပ်ရေးစီမံရေးရာမှာလည်း ပါဝင်နိုင်မယ်လို့ မြင်မိတယ်။ ကလေးစာပေပွဲတော်ကို ကျွန်တော့်အနေနဲ့ပြောရရင် သင့်တော်ကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ခုလို့ မြင်ပါတယ်။

**ဒေါ်မိုးသန္တာခိုင်**
**ကျောင်းအုပ်(အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း)**

အိမ်တွင်းမှုပညာရပ်တွေကို အမျိုးသမီးငယ်တွေ သင်ကြားချင်စိတ်ဖြစ်ပေါ်လာအောင် ရည်ရွယ်ပါတယ်။ ပြီးတော့ ဒီလိုပွဲတော်မှာ ပြသပေးရတော့ အတန်းပညာကို ပြီးဆုံးအောင် မသင်ကြားနိုင်တဲ့ အမျိုးသမီးတွေလည်း ဒီလို သင်ကြားခြင်းအားဖြင့် ကိုယ်ပိုင်ဝင်ငွေရှာနိုင်ပြီးတော့ ဖွံ့ဖြိုးလာနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ကလေးစာပေပွဲတော် ပြုလုပ်ပေးခြင်းအားဖြင့် မြို့နဲ့အလှမ်းဝေးတဲ့ ကလေးတွေ ဗဟုသုတဖွံ့ဖြိုးလာပြီးတော့ မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေ ချနိုင်မှာ ဖြစ်ပါတယ်။

**ဒေါက်တာလင်းအောင်ထက်**
**(အထူးကုသမားတော်)**
**ပူတာအိုခရိုင်ဆေးရုံအုပ်ကြီး**

ကလေးစာပေပွဲတော် ကျင်းပပေးတာကတော့ နိုင်ငံအတွက်၊ မြို့ရွာအတွက် ကောင်းပါတယ်။ အထူးသဖြင့် ကလေးတွေအတွက်ပေါ့။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသလိုပေါ့။ နောင်အနာဂတ်ရဲ့ ခေါင်းဆောင်တွေဖြစ်လာမယ့် လူတွေပဲလေ။ စာပေဆိုတာ ဘဝကိုအဆင့်အတန်းတွေကအစ ပြောင်းလဲစေနိုင်တာ ဒီစာပေပဲလေ။ ကလေးစာပေပွဲတော်မှာ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ဆေးပေးခန်းက အဓိကပါပဲ။ ပြပွဲလာတဲ့ ကလေးသူငယ်တွေ၊ ဆရာ ဆရာမတွေ၊ လာသမျှပရိသတ်တွေထဲက နာမကျန်းဖြစ်ခဲ့ရင် ချက်ချင်းအရေးပေါ် ဆောင်ရွက်မှုပေးနိုင်အောင် ဆေးပစ္စည်းအပြည့်အစုံနဲ့ အထက်တန်းသူနာပြု၊ အငယ်တန်းသူနာပြုအပါအဝင် ပြပွဲစဉ်တစ်လျှောက် ကျန်းမာရေးစောင့်ရှောက်ပေးဖို့ပါပဲ။ စာပေပွဲတော်လုပ်တာလည်း ဝမ်းသာအားရ ဂုဏ်ယူစရာဖြစ်မိပါတယ်။ ဒါမျိုးတွေများများ ပြုလုပ်ပေးစေချင်ပါတယ်။

**ရဲအုပ်အေးချို**
**(ပူတာအိုခရိုင်ရဲတပ်ဖွဲ့မှူးရုံး) မှူးခင်းဌာန**

ကလေးသူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေ အဓိက ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှု မခံရစေရေးအတွက် ပညာပေးခင်းကျင်းပြသထားပါတယ်။ ကျောင်းသား ကျောင်းသူတွေ လေ့လာတဲ့အတွက် သူတို့လေးတွေ အသိပညာတိုးသွားမယ်။ ရှောင်ရှားနိုင်ရမယ်။ ပြီးတော့ ရဲတပ်ဖွဲ့ကိုလည်း ကူညီနိုင်မယ်။ ကလေးစာပေပွဲတော်အနေနဲ့ တစ်နိုင်ငံလုံးလုပ်နေတာဆိုတော့ တော်တော်လေး အကျိုးဖြစ်ထွန်းမှာပါ။

**သတင်း၊ ဓာတ်ပုံ-ကျော်စိုးနိုင်(ရွှေကူ)**
**သန်းလွင်ဦး(မိုးကောင်း)**

# တောင်ပေါ်မြေပြန့် သွေးချင်းများ တူဆုံနွှဲပျော်ကြတဲ့ မန္တလေးမြို့က ရွှေစာရံဘုရားပွဲတော်

**မန္တလေး မတ် ၁၇**

မြန်မာနိုင်ငံ အထက်အညာဒေသရှိ ကျော်လေးကျော်ဟု ထင်ရှားကျော်ကြားသော ဘုရားစေတီတော်များအနက် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာရှိ တန်ခိုးကြီး ဆုတောင်းပြည့် သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံစေတီတော်သည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။

စေတီ၏ အနောက်ကပ်လျက်တွင် တည်ရှိသော ဖိုးကုလားစေတီနှင့် ဖိုးပေါ်စေတီရှိ နံရံဆေးရေးပန်းချီတို့သည် အမရပူရခေတ် ပန်းချီလက်ရာကို ဖော်ပြနေသကဲ့သို့ သမိုင်းဝင် မြန်မာ့ပန်းချီပြကွက်များ၊ ဘုရားအနီးချောင်းပတ်ဝန်းကျင်နေရာသည်လည်း ကျောက်ခေတ်ထွန်းကားရာ ဒေသ (Neolithic Site) ကျောက်လက်နက်များ စုဝေးတွေ့ရှိရာ ဒေသအဖြစ်တည်ရှိခဲ့ပြီး ယဉ်ကျေးမှုသမိုင်းစာမျက်နှာဝင် နေရာတစ်ခုဖြစ်သည်။ ခင်ပွန်းသည်၏ အထင်လွဲမှားမှုကြောင့် စိတ်သောကဖြင့် မိမိနေရပ်သို့ ပြန်ချိန်တွင်ပင် မိမိပန်ဆင်ထားသည့် နားတောင်းပြုတ်ကျ၍ နားတောင်းကျသောနေရာကို အကြောင်းပြု၍ ဘုရားတည်ခဲ့သည်။ ဘာသာတရားကို အလေးထား၍ ကြည်ညိုကိုင်းရှိုင်းသော မိဖုရားစောမွန်လှ၏ ကုသိုလ်ကောင်းမှုပြုခဲ့ပုံ၊ တည်ထားခဲ့သော စေတီတော်မှာလည်း သမိုင်းတွင် ယနေ့တိုင်ထင်ရှားကျော်ကြားလျက်ရှိသည်ဟု မှတ်တမ်းများက ဖော်နေကြသည်။

ရွှေစာရံပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်အထိ ကျင်းပရာ အနီးပတ်ဝန်းကျင် ရှမ်းကုန်းမြေမြင့်မှ ရှမ်းများ၊ အညာသူ အညာသားများ၊ အမြို့မြို့ အနယ်နယ်မှ လာရောက်ကြသူများဖြင့် အထူးစည်ကားလှသော ရွှေစာရံပွဲတော်ကြီးဖြစ်သည်။ ဘုရားပွဲတော်ရောက်တိုင်း ရှမ်းတောင်တန်း တောင်ခြေအနီး မြစ်ဘေးရှိ ရွှေစာရံဘုရားပွဲတော်လာ လူကြီး၊ လတ်၊ ငယ်အရွယ်စုံ စုပေါင်းတူပျော်ကာ မြန်မာတိုင်းရင်းသားတို့ စုံညီစွာ ဆင်နွှဲကြသည့်ပွဲတော် ဖြစ်သည်။ ရွှေစာရံဘုရားပွဲတော်ကြီးအား အကြိုဖွင့်ပွဲအဖြစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့မှ လပြည့်ကျော် ၁၄ ရက်နေ့အထိ အသံမစဲပဋ္ဌာန်းပူဇော်ပွဲ ကျင်းပပြီး ထိုအချိန်မှစ၍ ဆိုင်ခန်းပေါင်း ၁၀၀၀ လာရောက်နေရာယူ ရောင်းချသဖြင့် စည်ကားနေလေ့ရှိပြီး ပွဲတော်ရက်အတွင်း တိုးမပေါက်အောင် ကြိတ်ကြိတ်တိုးနွှဲပျော်ကြသည့်ပွဲတော်ဓလေ့ဖြစ်သလို ဘုရားပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် သံဃာတော်အပါး ၁၈၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ၍ ဘုရားပွဲကို ပိတ်သိမ်းလေ့ရှိသည်။ ဘုရားပွဲတော်တွင် ဒေသအနီးအဝေးဝန်းကျင်မှ စားသောက်ကုန်၊ မြန်မာ့ချည်ထည်ဝတ်စုံ၊ အထည်အမျိုးမျိုးတို့ကို စည်ကားသိုက်မြိုက်စွာ လာရောက်လှည့်လည်ရောင်းချလေ့ရှိသည်။ ကျေးလက်ဒေသထွက်ကုန်သီးနှံများ၊ စားသောက်ကုန်များ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးအဆောင်ပစ္စည်းတို့ကိုလည်း ရောင်းချလျက်ရှိသည်။

ထို့အပြင် ရွှေစာရံဘုရားပွဲတော်တွင် အစဉ်အဆက် ရောင်းချသည့် ထန်းရွက်ကို မြန်မာမှုလက်ရာများဖြင့် ဖန်တီးထုတ်လုပ်ထားသည့် ပစ္စည်းများကို ပေါ်လွင်အောင် တေးဖွဲ့ဆိုထားသည်မှာ---

"ကျွန်မတို့အရွယ် လှဖို့ရယ် × အသက်မကြီးသေးပေါင် မောင်ရယ် × ထန်းရွက်ပုတီးလေးဆွဲလို့ × ရွှေစာရံကို အရောက်သွားလို့လည်"တဲ့ မောင်ယဉ်အောင်ရဲ့ ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သီဆိုထားသည်။ သီချင်းထဲတွင် ထန်းရွက်ပုတီးသည် ရွှေစာရံပွဲတော်၏ သင်္ကေတဖြစ်သည်။ ဘုရားပွဲတွင် ရောင်းချသည့် ထန်းရွက်ပုတီး လက်မှုပညာရပ်များ မပျောက်ပျက်စေရန် ကျောက်ဆည်မြို့နယ်အတွင်းရှိ ညောင်ဝန်းကျေးရွာမှ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းသင်ယူကာ ဖန်တီးထုတ်လုပ်ထိန်းသိမ်းလျက်ရှိသည်။

ယခုအချိန်အခါတွင် ထန်းရွက်ပုတီးအပြင် ထန်းရွက်ငါး၊ ထန်းရွက်ယပ်တောင်၊ ထန်းရွက်တံခွန်လုံး၊ ထန်းရွက်ငါးမကြီး စသည့်အရုပ်မျိုးစုံကို မျက်စိပသာဒဖြစ်အောင် ဖန်တီးပြုလုပ်ထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ထန်းရွက်ငါးများကို ပြုလုပ်ရာတွင် ကော်မပါ၊ သံမပါထန်းရွက်ကို ငါးဖြစ်အောင် ပြုလုပ်ထားပြီး ထန်းပင်မြစ်အူတိုင်ကို သမင်ရုပ်ထိုးခြင်း မြန်မာ့ရိုးရာလက်မှုပညာကို မပျောက်ပျက် မကွယ်ပျောက်အောင် ထိန်းသိမ်းထားပေသည်။ ဟိုယခင်က ရွှေစာရံဘုရား ဒုဋ္ဌဝတီမြစ်တွင် ငါးကြီးဆိပ်ဟူ၍ ငါးထွေ၊ ငါးရွှေကြီးများ ဘုရားဖူးလာရာ ဆိပ်ကမ်းရှိခဲ့သည်။ နောက်ပိုင်းတွင် ဂျပန်ခေတ်အတွင်း မိုင်းများခွဲ၍ ရေဆိပ်သင့်မှုကြောင့်လိုလို၊ လူတွေတဝုန်းဝုန်းနှင့် ရေဆင်းကစားနေ၍ ငါးတွေမလာတော့သလိုလိုနှင့် ငါးတွေကို မတွေ့ရသည်မှာ နှစ်ပေါင်း ၅၀ ခန့်ပင် ရှိပြီဖြစ်ကြောင်း သိရသည်။ ထိုငါးများကို အစွဲပြု၍ ရွှေစာရံတွင် ထန်းရွက်ငါးရုပ်လှလှလေးများကို ကျောက်ဆည်နယ်ဘက်မှ ပြုလုပ်ရောင်းချကြသည်ဟု ဆိုသဖြင့် ပေါရာဏတွေပြောတဲ့ ဝေါဟာရဟုပင် မှတ်ယူရတော့မည်။ ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲဟူသော အဓိပ္ပာယ်ဖြင့် ဘူးခါးသီးလေးများကို ခြင်းရက်၍လည်း ရောင်းချကြသည်။ တန်ဖိုးအားဖြင့် မများလှသော်လည်း ထန်းရွက်ယပ်တောင်၊ ထန်းရွက်ပုတီး၊ ထန်းရွက်ငါး၊ ထန်းရွက်အိတ်၊ ထန်းဖူး စသည့်ရွှေစာရံအထိမ်းအမှတ် ချစ်စရာပစ္စည်းလေးများကို ရွှေစာရံအပြန်လက်ဆောင်အဖြစ် လူတိုင်းတမြတ်တနိုး ဝတ်ဆင်သယ်ဆောင်ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူ- သီပေါဒေသတို့မှ မြစ်ဖျားခံစီးဆင်းလာသော ဒုဋ္ဌဝတီမြစ်သည် ရွှေစာရံဘုရားပွဲတော်ကာလအတွင်း ရေတိမ်၍ သောင်ထွန်းပေသည်။ ၎င်းသောင်ပေါ်တွင် စားသောက်ဆိုင်များဖွင့်ကြ၊ ဒုဋ္ဌဝတီမြစ်ထဲတွင် လူငယ်များ ပျော်ကြပါးကြ ရေကစားကြနှင့် အကြိုသင်္ကြန်ရွှေစာရံဟူ၍ပင် ပြောစမှတ်ဖြစ်နေသည်။

အချုပ်အားဖြင့် ရွှေစာရံဘုရားပွဲတော်သည် ပွဲကြည့်၊ မုန့်စား ပျော်ပါးရောက်ပြန်ဆိုသည့် သာမန်ဘုရားပွဲမျိုးမဟုတ်ဘဲ တောင်ပေါ်မြေပြန့်သားချင်းများဆုံစည်းရာ ဘုရားဖူးရင်း ရောင်းဝယ်ဖောက်ကားကြရာ စိတ်ကူးယဉ်ကြည်နူးပျော်မြူးကြရာ ယဉ်ကျေးမှုအမွေအနှစ်ပွဲတော်အဖြစ် ယခုနှစ်တွင်လည်း အထူးစည်ကားနေမည်ကို မြင်တွေ့နိုင်ကြတော့မည် ဖြစ်ပေသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ- အောင်ဖြိုးကျော်**




**မန္တလေးမြို့ရှိ သမိုင်းဝင်ရွှေစာရံဘုရားပွဲသို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။**

# ရန်ကုန်စာအုပ်လမ်း သတ္တမအပတ်မြောက်၏ တနင်္ဂနွေနေ့တွင် ဟောပြောပွဲများဖြင့် စည်ကား

ရန်ကုန် မတ် ၁၇

**ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စာအုပ်လမ်း၏ တနင်္ဂနွေနေ့တွင် စာပေဟောပြောပွဲ၊ စာအုပ်မိတ်ဆက်ပွဲ၊ "မေးကြည့်ဖြေကြည့်စာပေပဟေဠိ"အစီအစဉ်များဖြင့် စာပေချစ်သူများ စည်ကားစွာ လာရောက်ကြသည်။**

ရန်ကုန်စာအုပ်လမ်း သတ္တမအပတ်မြောက်၏ တနင်္ဂနွေနေ့ နံနက် ၁၁ နာရီတွင် ပြုံးစာပေမှ သခင်မြသန်း၏ ရောဝတီ စာအုပ်မိဆက်ပွဲ၊ မွန်းလွဲ ၂ နာရီတွင် စာရေးဆရာ ချစ်ဦးညို၏ "အကြောက်တရား" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ၊ မွန်းလွဲ ၃ နာရီတွင် စာရေးဆရာ ဒေါက်တာမြင့်သန်း (ညောင်လေးပင်) ၏ "ခြောက်ဆယ်အရွယ် စမ်းထတယ်" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ၊ ညနေ ၄ နာရီတွင် သီဟရတနာစာအုပ်တိုက်မှ စီစဉ်သည့် မော်ဒယ်လ် မိုးမြင့်သဇင်က "မေးကြည့်ဖြေကြည့် စာပေပဟေဠိ" အစီအစဉ်တွင် သီဟရတနာစာပေတိုက်ထုတ် နာမည်ကြီး စာအုပ်ကောင်းများကို ချီးမြှင့်ခဲ့သည်။

ဆရာမကြီး ရွှေကူမေနှင်း၊ ဆရာမောင်သွေးသစ်၊ ဆရာ ဦးသူရဇော်၊ စာရေးဆရာ ဆရာမကြီးများနှင့် စာပေချစ်သူ၊ စာပေဝါသနာရှင်များ တက်ရောက် ဆွေးနွေးကြသည်။

မင်္ဂလာတောင်ညွန့် မြို့နယ်က ကိုသီဟက "ဆရာချစ်ဦးညိုက လူထုနဲ့တွေ့ဆုံဟောပြောရတာ စာပေသမိုင်းဝင်လို့တောင် သူကပြောသွားတယ်၊ ဆရာကသူ ကားမတော်တဆဖြစ်ပြီးတဲ့နောက် ရန်ကုန်က လူမှုကူညီရေးအသင်းက Ambulance နဲ့ လာဟောတာ၊ သူသွားခဲ့တဲ့ နယ်စာပေဟောပြောပွဲက အတွေ့အကြုံလေးမှာပါတဲ့ အဲဒီနယ်ဘက်က လူတွေက စာပေထဲကလို အကြောင်းတရား၊ အကျိုးတရားနဲ့ ပြောဆိုလို့မရဘူး၊ လူဆိုလည်းလက်နက်နဲ့မှ၊ ဘုန်းကြီးဆိုလည်း အာဏာနဲ့မှ ပြောလို့ရသလိုဖြစ်နေတာကို ဟောသွားတာပါ။ ဒီနေ့ စာပေဟောပြောပွဲကို လူတော်တော်များများလာကြပါတယ်။ မွန်းလွဲ ၂ နာရီနောက်ပိုင်း လူပိုစည်ပါတယ်" ဟု ပြောသည်။

ရန်ကုန်(စနေ-တနင်္ဂနွေ)စာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ၂၀၁၇ ခုနှစ်မှစ၍ ပွင့်လင်းရာသီများတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ဦးစီးကျင်းပသည့် စာပေဟောပြောပွဲနှင့်အတူ တစ်ဦးလျှင် စာအုပ်တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာဆိုင်၊ ရောင်းသူမဲ့ နီတိစာအုပ်ဆိုင်၊ ရောင်း/ဝယ်/လဲထပ် စာအုပ်အဟောင်းဆိုင်၊ ၁၅ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း Discount စာအုပ်အရောင်းဆိုင် ၇၀ကျော်တို့ဖြင့် အပတ်စဉ် ခင်းကျင်းရောင်းချလျက်ရှိသည်။ **သန့်စင်ဝင်း**



**ရန်ကုန်စာအုပ်လမ်းတွင် စာပေချစ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၇**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီနှင့် မိတ္ထီလာမြို့၊ တံတားဦးမြို့၊ မင်းဘူးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် တောင်ငူမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၂၈ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကျောက်စိမ်းများကို ကြည့်ရှုစဉ်။



ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ဝယ်ယူမည့်ကျောက်စိမ်းအတွဲများအတွက် အိတ်ဖွင့်တင်ဒါများ တင်ဒါပုံးအတွင်းသို့ ထည့်သွင်းနေသည်ကို တွေ့ရစဉ်။

✻ ကျော့ဖုံးမှ

ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေတို့နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသော ကျောက်စိမ်းပြခန်းများနှင့် ပြပွဲကာလအတွင်း ဖွင့်လှစ်ထားသော ရတနာဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပရတနာကုန်သည် စုစုပေါင်း ၂၉၀၂ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၆၄၉ ဦး စုစုပေါင်း ရတနာကုန်သည် ၄၅၆၁ ဦး တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည်အများအပြား တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးအေးသန့်**
**ဓာတ်ပုံ- ထိန်နန်နေ**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယူနန်ပြည်နယ်အပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ဒေသ၊ အလယ်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသတို့ရှိ ပြည်နယ်အချို့ရှိ ဝက်ခြံပေါင်း (၁၀၄) ခြံတွင် ရောဂါပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ဝက်ကောင်ရေ (၁၀၀၀၀၀၀) အား သုတ်သင်ရှင်းလင်းခဲ့ရသောကြောင့် မိမိနိုင်ငံရှိ ဝက်ခြံများကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ ကျန်ကျွေးခြင်းမပြုလုပ်ရန်၊ မီးဖိုချောင်ထွက် အသားအပိုင်းအစများကို အစာကြွင်းကျန်ထဲမထည့်ရန်နှင့် အိမ်မွေးဝက်များကို မကျွေးရန်၊
(ဃ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရန်၊
(စ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဆ) ပြည်ပမှ တရားမဝင် တင်သွင်းလာသောဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ဇ) တောဝက်နှင့် အိမ်မွေးဝက်များရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်နှင့် တောဝက်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်၊
(ဈ) တောဝက်နှင့် အိမ်မွေးဝက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ည) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဆက်သွယ်စုံစမ်းနိုင်

**သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄
ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

## စတုတ္ထအကြိမ် Animation Workshop သို့ လူငယ် ၅၀ ကျော် စိတ်ဝင်စားစွာတက်ရောက်ခဲ့

**ရန်ကုန် မတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ဝဿန်ရုပ်ရှင်ပွဲတော်နှင့် ဂျပန်ဖောင်ဒေးရှင်းတို့က ကြီးမှူး၍ စတုတ္ထအကြိမ် Animation Workshop ကို မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ ကျင်းပပြီးစီးသည့်အခမ်းအနားကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။

**Animation ဖန်တီးပြုလုပ်မှု**

ယခုအကြိမ် Animation Workshop တွင် သင်တန်းသားလူငယ် ၅၀ ဖြင့် အများဆုံးတက်ရောက်ခဲ့ပြီး သုံးဖွဲ့ခွဲ၍ ဂျပန်နိုင်ငံမှ Animation နည်းပြ သုံးဦးဖြစ်သည့် တိုရှိခဆုဝါဒါက ရိုးရာပုံပြင်များကို Animation ပြုလုပ်ခြင်း၊ နည်းပြဆရာမ အိခုကို အိဝဆုကိက သဘာဝပတ်ဝန်းကျင်မှ သစ်ပင်များ၊ ပိုးမွှားတိရစ္ဆာန်များကိုအခြေခံ၍ Stop Motion Animation ပြုလုပ်ခြင်း၊ နည်းပြဆရာမ အိခုကို အိဝဆုကိ၏ ကိုယ်ပိုင်လက်ရာ Animation များကို လက်တွေ့ပြသပေးခဲ့ပြီး နည်းပြ မိရိုင်မိဇုအနှင့် ဒေါက်တာစန်းစန်းဦးတို့ ပူးပေါင်း၍ ကလေးများအတွက် အရောင်အသွေးစုံကာ အနုပညာမြောက်သော Animation ဖန်တီးပြုလုပ်မှုအကြောင်းကို ပြသခဲ့သည်။



Animation Workshop အဖွဲ့တစ်ဖွဲ့မှ သင်တန်းသားများနှင့် နည်းပြတို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**လက်ဆောင်ပေးအပ်**

နောက်ဆုံးနေ့တွင် Workshop တွင် ပါဝင်သူ သုံးဖွဲ့၏ ရေးဆွဲဖန်တီးထားသည့် Stop Motion (နေကြာစေ့) Animation၊ Cut Out (ရိုးရာပုံပြင်)၊ Abstract Animation (Animeditation) တို့ကို ပြသခဲ့ပြီး သုံးနှစ်ဆက်တိုက် Animation Workshop တက်ရောက်သူ မဇူးထိုက်အား Huion. Myanmar (DigitLand) မှ MD ဒေါ်မေလင်းက လက်ဆောင်ပေးအပ်သည်။

**သန့်ဇင်ဝင်း၊ ဓာတ်ပုံ-ရဲထွန်း**

## မလှိုင်မြို့နယ်မှ ကျေးရွာအချို့တွင် သောက်သုံးရေရှားပါးမှု စတင်ကြုံတွေ့လာ

**မလှိုင် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းမှ ကျေးရွာအချို့တွင် နှစ်စဉ်နီးပါး သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရကာ ယခုနှစ်တွင်လည်း ကျေးရွာအချို့မှာ ရေရှားပါးမှုကို စတင်ကြုံတွေ့နေရပြီဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

မလှိုင်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်ကြီး လေးခု၊ ကျေးရွာအုပ်စု ၅၂ စုနှင့် ကျေးရွာပေါင်း ၂၄၇ ရွာရှိပြီး နှစ်စဉ်နီးပါး သောက်သုံးရေ ရှားပါးလေ့ရှိသော ကျေးရွာများမှာ ကမ္ဘာ့ဖြူကျေးရွာအုပ်စု၌ လျှော်ဖြူကုန်း၊ သရက်ကန်နှင့် ရေတွင်းကျေးရွာ၊ မြင်းဦးလှည့်ကျေးရွာအုပ်စု၌ မြင်းဦးလှည့်တောင်ရွာ၊ မြင်းဦးလှည့်ရွာမ၊ ကသစ်ပင်ကျေးရွာ၊ လယ်ဖျားအုပ်စုတွင် ရေပေါ်ကန်နှစ်ဆင့်ကျေးရွာ၊ နတ်စင်ကုန်းအုပ်စုတွင် ကံရွာကျေးရွာ၊ ဖတ်ကုန်းအုပ်စုတွင် ကူနီကျေးရွာနှင့် မုရိုးအုပ်စုမှ ကူခွဲကျေးရွာတို့ဖြစ်သည်။

အဆိုပါကျေးရွာများ၌ အိမ်ခြေ ၆၃၀ ခန့်ရှိကာ စုစုပေါင်းလူဦးရေ ၃၉၀၀ နီးပါး နေထိုင်ကြပြီး ယခုနှစ် နွေရာသီကာလ သောက်သုံးရေ ရှားပါးမှုများကို စတင်ကြုံတွေ့ရပြီဖြစ်ကာ အဓိကအားဖြင့် သောက်ရေအတွက် ပို၍အခက်ကြုံနေကြရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ မလှိုင်မြို့ပေါ်ရှိ ဗလငါးတန် လူမှုရေးအသင်းအနေဖြင့် ပြည်သူတို့၏ လှူဒါန်းငွေဖြင့် အဆိုပါ ရေရှားပါးသည့်ကျေးရွာများသို့ နှစ်စဉ်ရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယခုနှစ်တွင် မတ် ၉ ရက်က အရှေ့ကူနီကျေးရွာသို့ ရေများ စတင်လှူဒါန်းထားရကြောင်းလည်း သိရသည်။



ယခင်နှစ်က ရေပြတ်လပ်ခဲ့သည့်ရွာများသို့ ဗလငါးတန် လူမှုကူညီရေးအသင်းမှ ရေလှူဒါန်းနေစဉ်။

မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သောက်သုံးရေပြတ်လပ်မှုဖြစ်နေသည့် ကျေးရွာများကို စာရင်းပြုစုထားကာ ရေရရှိရေး ဆောင်ရွက်ပေးရန်အတွက် အထက်အဆင့်ဆင့်သို့ တင်ပြထားကြောင်း၊ လက်ရှိအချိန်တွင် ကျေးရွာများ၌ သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့ပါက မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၆၄-၂၀၆၀၆၄၆ သို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့်ပူးပေါင်း၍ ရေပြတ်လပ်သည့်ရွာများသို့ အချိန်မီ ရေဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ထားကြောင်း ပြောကြားသည်။

**ဘိုဘို(မလှိုင်)**

# ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲတွင် အမေရိကန်ဒေါ်လာ ၅၄ သန်းကျော် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းလေးခုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်

ရန်ကုန် မတ် ၁၇

**ချင်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်ရည်ရွယ်ပြီး ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ (Chin State Investment and Products Fair 2019) ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)တွင် မတ် ၁၆ မှ ၁၇ ရက်အထိ နှစ်ရက်တိုင် ကျင်းပခဲ့သည်။**

အဆိုပါ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲတွင် အမေရိကန်ဒေါ်လာ ၅၄ သန်းကျော် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းလေးခုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

သို့ဖြစ်၍ ချင်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဖော်ဆောင်နေသည့် စီမံကိန်းနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



ချင်းပြည်နယ်ဝန်ကြီးချုပ်
ဦးဆလိုင်းလျန်လွှယ်



ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်



ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန )



ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး (ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)

### ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်

ချင်းပြည်နယ်မှာ လုပ်ငန်းတွေ အများအပြား ရှိပါတယ်။ အဲဒီလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးအောင် ချင်းပြည်နယ်အတွင်းမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေများများနဲ့ မြန်မြန်ရောက်ရှိအောင် ရည်ရွယ်ချက်ရှိပါတယ်။ များများနဲ့ မြန်မြန် ရောက်ရှိလာနိုင်အောင် ချင်းပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပြပွဲတစ်ခု ကျင်းပချင်တယ်။ ကျင်းပမယ်ဆိုရင် ချင်းပြည်နယ်ရဲ့မြို့တော် ဟားခါးမှာ လုပ်မယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတယ်။ သွားရ လာရတာဝေးတယ်။ ဝေးတဲ့အခါကျတော့ နိုင်ငံတော်အစိုးရပိုင်းက ပြည်ထောင်စုအဆင့် လူကြီးတွေ မအားမလပ်ကြားထဲက လာရမယ်ဆို အခက်အခဲရှိတယ်။ ရင်းနှီးမြှုပ်နှံချင်တဲ့ ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေ၊ နိုင်ငံခြားကနေလာတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ချင်းပြည်နယ်ရောက်အောင် လာဖို့ဆိုတာ တော်တော်လေး အခက်အခဲရှိပါတယ်။ အဲဒါကြောင့် ချင်းပြည်နယ်မှာမလုပ်ဘဲ ရန်ကုန်မြို့မှာ စီးပွားရေးလုပ်ငန်းရှင်တွေ အစုံရှိတဲ့နေရာ ပြည်ထောင်စုအဆင့် အကြီးအကဲတွေလည်း လာရောက်ပေးနိုင်အောင် ရန်ကုန်မြို့မှာ လာရောက်ပြီး ကျင်းပရတာ ဖြစ်ပါတယ်။

**ခရီးသွားလုပ်ငန်း တိုးတက်လာမည်**

ချင်းပြည်နယ်က လောလောဆယ်မှာ စီးပွားရေး ရင်းနှီးမြှုပ်နှံမှု နည်းပါးပါတယ်။ မရှိသလောက် ဖြစ်နေပါတယ်။ ချင်းပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှု လုပ်နိုင်တဲ့နေရာတွေက လမ်းပန်းဆက်သွယ်ရေး မကောင်းလို့ လမ်းပန်းဆက်သွယ်ရေးမှာ ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ချင်တယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမှ စီးပွားရေးလုပ်ငန်း တိုးတက်လာမှာ ဖြစ်သလို ချင်းပြည်နယ်မှာလိုအပ်နေတဲ့ လျှပ်စစ်လုပ်ငန်း၊ လျှပ်စစ်ဆိုတဲ့ လုပ်ငန်းနေရာမှာ ဟိုက်ဒရိုပါဝါနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ လျှပ်စစ်ဓာတ်အားကို အဆင့်မြှင့်တင်ပြီးတော့ လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်သုံးစွဲနိုင်ဖို့ လိုတယ်။ အဲ့ဒီ ကဏ္ဍနှစ်ခု အဆင်ပြေမှ တတိယဖြစ်တဲ့ ဒေသကို အခြေပြုတဲ့ ခရီးသွားလုပ်ငန်း တိုးတက်လာမှာ ဖြစ်တယ်။ အဲဒါကြောင့် ဟိုတယ်လုပ်ငန်း ခရီးသွားလုပ်ငန်း မြှင့်တင်မယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းမယ်။ လျှပ်စစ်မီး လုံလုံလောက်လောက် သုံးစွဲနိုင်ရမယ်။ အဲဒါတွေ ဖြစ်မြောက်ဖို့ အဓိက ရင်းနှီးမြှုပ်နှံစေချင်တယ်။ ချင်းပြည်နယ်မှာ မြေအောက်သယံဇာတတွေ၊ သတ္တုတွေ ထွက်ပါတယ်။ နိုင်ငံတော်အစိုးရပိုင်းက လုပ်ကိုင်နိုင်ခြင်းမရှိသလို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်တွေကလည်း လုပ်ကိုင်ခြင်းမရှိသေးပါဘူး။ အဲဒါတွေကိုလည်း အမြန်ဖော်ထုတ်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ချင်းပြည်နယ်ရဲ့ ဝင်ငွေလည်း တိုးတက်လာမယ်။ ချင်းပြည်နယ်အတွင်း နေထိုင်တဲ့ ဒေသခံတိုင်းရင်းသားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာမှာ ဖြစ်ပါတယ်။ အဲလိုအလုပ်အကိုင်အခွင့်အလမ်းတွေမရှိလို့ ချင်းပြည်နယ်က လူငယ်တွေ နိုင်ငံခြားကိုထွက်သွားပြီး အလုပ်လုပ်ကိုင်နေရတယ်။ အဲလိုမျိုးမဖြစ်အောင် ကိုယ့်ဒေသ ကိုယ့်လုပ်ငန်းတွေကို မိသားစုနဲ့ အေးအေးချမ်းချမ်း သာသာယာယာ နေပြီးလုပ်ကိုင်နိုင်အောင် အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာအောင် ရင်းနှီးမြှုပ်နှံမှုတွေ၊ အလုပ်ရုံတွေ၊ ဟိုတယ်တွေ၊ ကုမ္ပဏီကြီးတွေ အများကြီးဖြစ်စေချင်တယ်။ ဖြစ်စေချင်တဲ့ဆန္ဒနဲ့ ရန်ကုန်မြို့မှာလာပြီးတော့ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ လာရောက်ကျင်းပခြင်း ဖြစ်ပါတယ်။

### ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်

ချင်းပြည်နယ်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ လက်ရှိက ပြည်နယ်ဘတ်ဂျက်ရဲ့ ၆၀ ရာခိုင်နှုန်းလောက်ကို လမ်းပန်းဆက်သွယ်ရေးမှာ သုံးနေပါတယ်။ ပြည်ထောင်စုဘတ်ဂျက်ကလည်း ၅၀ ရာခိုင်နှုန်းကျော်သုံးပြီး လမ်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ လျှပ်စစ်မီးနဲ့ ပတ်သက်ရင်လည်း ချင်းပြည်နယ်မှာ မြို့နယ်ကိုးခုရှိရာမှာ မြို့နယ် ငါးခုဖြစ်တဲ့ ကန်ပက်လက်၊ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ မင်းတပ် တို့မှာ လျှပ်စစ်မီးရတယ်။ တီးတိန်၊ တွန်းဇံ၊ မတူပီ၊ ပလက်ဝ လေးခုကျန်တယ်။ ၂၀၁၉- ၂၀၂၀ မှာ JICA အကူအညီနဲ့ လျှပ်စစ်မီးရအောင်လုပ်ဖို့ လျာထားပြီးဖြစ်ပါတယ်။ ဘတ်ဂျက်ရတဲ့ပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကုလားတန်မြစ်ကြောင်း စီမံကိန်းက အိန္ဒိယ အကူအညီနဲ့ လုပ်တာဖြစ်ပါတယ်။ အိန္ဒိယရဲ့ အရှေ့မြော်မူဝါဒနဲ့ သူတို့က အကူအညီပေးတာ ဖြစ်တယ်။ စစ်တွေရေနက်ဆိပ်ကမ်း ပြီးသွားပြီ။ ပလက်ဝရေနက်ဆိပ်ကမ်း ပြီးသွားပြီ။ ပလက်ဝကနေပြီးတော့ နှစ်လမ်းသွား Hight Way လမ်း ဖောက်နေတယ်။ မြစ်ဝမှာ နယ်စပ်ကုန်သွယ်ရေးစခန်း လုပ်မှာဖြစ်ပါတယ်။ အဲဒီလမ်းက ပလက်ဝကနေ ၄၃ ကီလို လမ်းကြောင်းကြမ်း ဖောက်ပြီးသွားပြီ။ ၄၃ ကီလိုကနေ ၆၀ ကီလိုအထိ လမ်းအူကြောင်း ရွေးပြီးသွားပြီ။ ၆၀ ကီလိုကနေ ၁၀၉ ကီလိုအထိ လမ်းအူကြောင်းရွေးပြီး အဆင့် မြှင့်တင်သွားမယ်။ အိန္ဒိယဘက်ကနေ မြစ်ဝကုန်သွယ်ရေးစခန်းကနေ ပလက်ဝအထိကို ကားနဲ့သယ်မယ်။ ပလက်ဝကနေ စစ်တွေရေနက် ဆိပ်ကမ်းအထိ တန် ၃၀၀ သင်္ဘောတွေနဲ့ပို့ပြီး စစ်တွေရေနက်ဆိပ်ကမ်းကနေ တန်နှစ်သောင်းအထက် သင်္ဘောတွေနဲ့ အိန္ဒိယဘက်နဲ့ အရှေ့တောင်အာရှ တစ်ခုလုံးပို့နိုင်အောင် စီစဉ်နေပါတယ်။

**ကုလားတန်မြစ်ကြောင်းစီမံကိန်း**

ကုလားတန်မြစ်ကြောင်းစီမံကိန်းက ချင်းပြည်နယ်တစ်ခုလုံးရဲ့ ပင်လယ်ထွက်ပေါက်ဖြစ်ပါတယ်။ ပလက်ဝစီမံကိန်းက ရေကြောင်း၊ ကုန်းကြောင်းရှိတဲ့အပြင် အိန္ဒိယဆိုရင်လည်း လူဦးရေ သန်း ၁၃၀၀ ဝန်းကျင်လောက် ရှိသွားပြီ။ လူဦးရေထူထပ်တဲ့ဟာက စီးပွားရေးလုပ်တဲ့နေရာမှာ ဈေးကွက်တစ်ခုအနေနဲ့ ရှိနေမှာပါ။ ပြည်တွင်းကထွက်တဲ့ ထွက်ကုန်တွေကို ရောင်းဝယ်ဖောက်ကားလို့ရမယ်။ အပြန်အလှန်အရောင်းအဝယ်ပြုလုပ်နိုင်တဲ့အတွက် အခွင့်အလမ်းတွေ အများကြီးရှိတယ်။ အိန္ဒိယနဲ့ဖောက်တဲ့လမ်း ဖြစ်တဲ့အတွက် ဟိုတယ်လုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ဖလမ်း (ဆူရိဘုန်) လေယာဉ်ကွင်းကလည်း ၂၀၂၀ အပြီး တည်ဆောက်ဖို့ လျာထားပါတယ်။ လေယာဉ်ကွင်းသာ ပြီးသွားမယ်ဆိုရင် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းတွေ ဒီထက်ပိုများလာမယ်။ အဲဒီကနေ အိန္ဒိယဘက်သွားလို့ရမယ်။ အခု အိန္ဒိယ အင်ဖာကနေ မန္တလေးထိသွားလို့ရအောင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင် ကြိုးစားပြီးဆွေးနွေးနေပါတယ်။

### ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန )

ဒီပြပွဲမှာ ချင်းပြည်နယ်နဲ့ပတ်သက်တဲ့ စီးပွားရေး အလားအလာတွေ တင်ပြတာပါတယ်။ စကားဝိုင်းဆွေးနွေးပွဲလုပ်တယ်။ ချင်းပြည်နယ်က စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ချင်းပြည်နယ်ကို စီးပွားရေးသွားလုပ်ဖို့ စိတ်ဝင်စားတဲ့ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်တွေ တွေ့ဆုံပွဲလုပ်တယ်။ နားလည်မှုစာချွန်လွှာ လေးခု လက်မှတ်ထိုးတယ်။ တစ်ခုက အမေရိကန်ဒေါ်လာ သန်း ၅၀ တန်ဖိုးရှိတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းတစ်ခုပါတယ်။ ကျန်တာကတော့ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ အစိုးရလက်မှတ်ထိုးတယ်။ စိတ်ဝင်စားမှု တော်တော်များလာပါတယ်။ ဒီပွဲလေးပြီးသွားရင်တော့ ချင်းပြည်နယ်မှာ စီးပွားရေးလုပ်ဖို့ အခွင့်အလမ်းတွေပွင့်သွားမှာ ဖြစ်ပါတယ်။

### ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး (ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)

ဒီပွဲမှာ ကနဦးသဘောတူညီမှုအနေနဲ့ လုပ်ငန်းလေးခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပထမတစ်ခုက လျှပ်စစ်ထုတ်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ လျှပ်စစ်ထုတ်တဲ့လုပ်ငန်းက Noway Power Co., Ltd. နဲ့ ကနဦး လက်မှတ်ရေးထိုးပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ သန်း ၅၀ ရင်းနှီးမြှုပ်နှံဖို့ ရှိပါတယ်။ နောက်တစ်ခုက The Khumi Institute ။ သူကတော့ ပလက်ဝမြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ကနဦးသဘောတူ လက်မှတ်ရေးထိုးတာပါ။ ရင်းနှီးမြှုပ်နှံမှုပမာဏက မြန်မာကျပ်ငွေ သုံးဘီလီယံ ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ချင်းပြည်နယ် တောင်သူလယ်သမားတွေစုပြီး တည်ထောင်ထားတဲ့ ချင်းတောင်ရတနာ ကုမ္ပဏီလီမိတက်ကနေ လယ်ယာထွက်ကုန်ပစ္စည်းဖြစ်တဲ့ ဝဥ၊ ကော်ဖီတွေကို တန်ဖိုးမြှင့်ဖို့အတွက် စက်မှုလုပ်ငန်း လုပ်မှာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းလုပ်ဖို့ အစိုးရအနေနဲ့ လိုအပ်တာတွေပံ့ပိုးဖို့ နားလည်မှုစာချွန်လွှာ ရေးထိုးပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန် ဒေါ်လာ တစ်သန်း ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဟိုတယ်လုပ်ငန်း ဖြစ်ပါတယ်။ ဟိုတယ်လုပ်ငန်းကို KL Amazing Co., Ltd. နဲ့ နားလည်မှုစာချွန်လွှာရေးထိုးတာ ဖြစ်ပါတယ်။ မြန်မာကျပ်ငွေ ၁ ဒသမ ၂ ဘီလီယံလောက် ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။ ဒီလေးခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ချင်းပြည်နယ်တစ်ပြည်နယ်လုံးက ဝင်ငွေခွန် ခုနစ်နှစ်ပေးတဲ့ ပြည်နယ်ထဲပါပါတယ်။နိုင်ငံတော်ကနေ သတ်မှတ်ထားတဲ့ ဦးစားပေးမြှင့်တင်တဲ့ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှသာ ရမှာဖြစ်ပါတယ်။ အခုလက်မှတ်ရေးထိုးတဲ့ လုပ်ငန်း လေးခုလုံးက ဦးစားပေးကဏ္ဍထဲမှာ ပါတဲ့အတွက်ကြောင့် ကင်းလွတ်ခွင့်ရမှာ ဖြစ်ပါတယ်။ လေးခုလုံးရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၅၄ သန်းကျော် ရှိပါတယ်။




ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ ဒုတိယနေ့တွင် ပြပွဲသို့လာရောက်ကြည့်ရှုလေ့လာသူများအား တွေ့ရစဉ်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-လှမိုး**

# အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တွေ့ဆုံ

**ရန်ကုန်  မတ် ၁၇**

မြန်မာနိုင်ငံအိုလံပစ် ကော်မတီဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် မတ် ၂၁ရက်မှ ၂၆ရက်အထိ အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အလွတ်တန်း ကနူးတာတိုလှေလှော်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ/ နည်းပြတစ်ဦးနှင့် အားကစားသမားနှစ်ဦး၊ မတ် ၂၅ ရက်မှ ၃၀ ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပမည့် ပထမအကြိမ် အားကစားသမားဟောင်းများ ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနှင့် အားကစားသမား ၁၁ ဦး၊ မတ် ၂၈ ရက်မှ ၂၉ရက် အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် 81st Singapore Open Track & Field Championship-2019 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ တစ်ဦး၊ နည်းပြချုပ်တစ်ဦး၊ နည်းပြတစ်ဦးနှင့် အားကစားသမား ၁၁ ဦး၊ ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အမျိုးသားအား ကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ (ပတ္တမြား)ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် သွားရောက်ယှဉ်ပြိုင်မည့် ကနူးလှေအဖွဲ့၊ ဘတ်စကက်ဘောအဖွဲ့၊ ပြေးခုန်ပစ်အဖွဲ့များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးကာ အားကစားနည်းအလိုက်အဖွဲ့ချုပ် တာဝန်ခံများက မိမိတို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားအသင်းများပြိုင်ပွဲမဝင်မီ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုနှင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အမှာစကားပြောကြားစဉ်။

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲများ စုံလင်စွာထွက်ပေါ်

**ရန်ကုန် မတ် ၁၇**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များမှာ မတ် ၁၄ ရက်က ပြီးဆုံးသွားပြီဖြစ်သောကြောင့် ဒုတိယအဆင့်ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

ဒုတိယအဆင့်တွင် MNL ထိပ်သီးအသင်းများ ပါဝင်လာမည်ဖြစ်ပြီး ပထမအဆင့်မှ တက်ရောက်လာသည့် ငါးသင်း၊ ဒုတိယအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်မည့် ကိုးသင်းစုစုပေါင်း ၁၄ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲများကို မေ ၁၊ ၈၊ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မေ ၁ ရက်တွင် ရှေဝတီအသင်းနှင့် ရတနာပုံအသင်း၊ တက္ကသိုလ်အသင်းနှင့် ဟံသာဝတီအသင်း၊ မေ ၈ ရက်တွင် ရှမ်းယူနိုက်တက် အသင်းနှင့် မြဝတီအသင်း၊ ရခိုင်အသင်းနှင့် ဇွဲကပင်အသင်း၊ မကွေးအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ မေ ၁၅ ရက်တွင် ဒဂုံအသင်းနှင့် စစ်ကိုင်းအသင်း၊ Southern အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် ထိပ်သီးအသင်းနှစ်သင်းဖြစ်သည့် ရတနာပုံနှင့်ရှေဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး အသင်းကြီးတစ်သင်းမှာ ပြိုင်ပွဲကိုစောစီးစွာ နှုတ်ဆက်ရမည် ဖြစ်သည်။ ရှေဝတီအသင်းသည် ရှုံးထွက်ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်ပြီး ရတနာပုံ အသင်းမှာမူ အမြင့်ဆုံးဒုတိယနေရာ ဖြင့်သာ ကျေနပ်ခဲ့ရသည့်အသင်းဖြစ်သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာမူ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး Southern နှင့် ငွေကြယ်ပွင့်ပွဲမှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၉၊ ၂၀ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို မေ ၂၅၊ ၂၆ ရက်၊ ဒုတိယအကျော့ကို ဇွန် ၁၊ ၂ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပရီးလိဂ် ကူးပြောင်းပြီးနောက်ပိုင်း ရှုံးထွက်ပြိုင်ပွဲတွင် အသင်းငါးသင်း ဗိုလ်စွဲထားပြီး ရှေဝတီအသင်းက သုံးကြိမ်၊ ရန်ကုန်အသင်းက နှစ်ကြိမ်၊ ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

**ရီးရဲမက်ဒရစ်အသင်း ဒေးဗစ်ဒီဂီယာကို ခေါ်ယူလို**

နည်းပြဇီဒန်းရီးရဲမက်ဒရစ်အသင်းသို့ တစ်ကျော့ပြန်ရောက်ရှိလာခြင်းနှင့်အတူ ရီးရဲမက်ဒရစ်အသင်းသည် မန်ယူအသင်းမှ စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာ (၂၈နှစ်) အား ခေါ်ယူလိုနေကြောင်း မေရာတွင် ဖော်ပြထားသည်။

**ရီးရဲမက်ဒရစ်အသင်း အဲရစ်ဆင်ကို ခေါ်ယူလို**

ဒေးလီးစတားတွင် ရီးရဲမက်ဒရစ်အသင်းသည် တော့တင်ဟမ်အသင်းမှ ကွင်းလယ်ကစားသမား အဲရစ်ဆင် (၂၆နှစ်) အား ခေါ်ယူလိုနေကြောင်း၊ တော့တင်ဟမ်အသင်းက အဆိုပါကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ အလိုရှိနေကြောင်း ဖော်ပြထားသည်။

**ဂါးရက်ဘေးလ်ကို ချယ်လ်ဆီးသို့ ရောင်းချဖွယ်ရှိ**

ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဟာဇက် (၂၈နှစ်) အား ခေါ်ယူရေးအတွက် အသင်းမှ ဝေးလ်တိုက်စစ်ကစားသမား ဂါးရက်ဘေးလ် (၂၉နှစ်) ကို အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် ချယ်လ်ဆီးအသင်းသို့ ရောင်းချဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**တော့တင်ဟမ်က ဆီဆက်ဂ်နွန်အား ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းရန်ပြင်**

တော့တင်ဟမ်အသင်းသည် ဖူလ်ဟမ်တောင်ပံကစားသမား ဆီဆက်ဂ်နွန်အား ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ရန် ပြင်ဆင်နေကြောင်း မေရာတွင် ဖော်ပြထားသည်။ ဖူလ်ဟမ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုထားခြင်းမရှိသေးသော အသက် ၁၈ နှစ်အရွယ် အဆိုပါ ကစားသမားကို မန်ယူနှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

**ဖီလစ်ပီကို စောင့်ကြည့်ရန် ကင်းထောက်များ စေလွှတ်ထား**

နည်းပြ ပိုချက်တီနိုသည် ဘင်ဖီကာအသင်းမှ အသက် ၁၉ နှစ်အရွယ် ပေါ်တူဂီ တိုက်စစ်ကစားသမား ဖီလစ်ပီ၏ ကစားဟန်အား စောင့်ကြည့်ရန်အတွက် ကင်းထောက်များ စေလွှတ်ထားကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**အင်တာမီလန်က အီကာဒီနှင့်ပါရီဆစ်တို့အားရောင်းရန် အသင့်ရှိ**

အင်တာမီလန်အသင်းသည် အာဂျင်တီးနားတိုက်စစ်ကစားသမား အီကာဒီ (၂၆နှစ်) နှင့် ခရိုအေးရှားတိုက်စစ်ကစားသမား ပါရီဆစ် (၃၀နှစ်) တို့အား ရောင်းထုတ်ရန် အဆင်သင့်ရှိနေကြောင်း အီတလီဘက်ကလာသော သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**မန်ယူ၊ တော့တင်ဟမ်နှင့် မန်စီးတီးတို့ အင်န်ဒွန်ဘီလီကို စိတ်ဝင်စား**

မန်ယူ၊ တော့တင်ဟမ်နှင့် မန်စီးတီးအသင်းတို့သည် လိုင်ယွန်အသင်းမှ အသက် ၂၂ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား အင်န်ဒွန်ဘီလီအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ကယ်လ်စီယိုမာကာတို့၏ ဖော်ပြချက်အရ သိရသည်။

**ဝိန်းရွန်းနေ မေဂျာလိဂ်၌ ပထမဆုံး ဟက်ထရစ်ရယူ**

ဝိန်းရွန်းနေသည် ဒီစီယူနိုက်တက်အသင်းက ရီးရဲဆော့လိတ်အသင်းအား ငါးဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ၎င်း၏ မေဂျာလိဂ် ပထမဆုံး ဟက်ထရစ်အားရယူနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အောင်ဇော်**

## မြန်မာနှင့် ဗီယက်နမ် ယူ-၂၂ အသင်း ဇွန်လတွင် ခြေစမ်းပွဲကစားမည်

**ရန်ကုန်  မတ် ၁၇**

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်းနှင့် ဗီယက်နမ် ယူ-၂၂ အသင်းသည် ဇွန်လတွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ကြိုတင်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ပြီး ဇွန်လမှစတင်ကာ နိုင်ငံတကာခြေစမ်းပွဲနှင့် ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရန် စတင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ယူ-၂၂ အသင်းများ ခြေစမ်းပွဲများကစားရန် သဘောတူညီမှုရခဲ့ပြီး ကစားမည့်ရက်နှင့်နေရာကို ပြန်လည်အတည်ပြုမည် ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဇွန်လတွင် ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲအပြင် တောင်ကိုရီးယားတက္ကသိုလ် ဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



မြန်မာယူ-၂၂အသင်းအား လေ့ကျင့်ရေးကွင်း၌တွေ့ရစဉ်။ ဓာတ်ပုံ- စိုးညွန့်

မြန်မာ ယူ-၂၂ အသင်းသည် လက်ရှိတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် ပြင်ဆင်လျက်ရှိပြီး ယင်းခြေစစ်ပွဲပြီးပါက လေ့ကျင့်မှုရပ်နားကာ ဇွန်လတွင် ကစားမည့် ပြိုင်ပွဲများအတွက် ပြန်လည်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲ မတိုင်မီ မြန်မာ ယူ-၂၂ အသင်းအတွက် ဖိတ်ခေါ်ပြိုင်ပွဲတစ်ခု ကျင်းပမည် ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းနှင့် ဗီယက်နမ် ယူ-၂၂ အသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံခဲ့ခြင်းမရှိသော်လည်း ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခဲ့ပြီး မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းနှစ်သင်းသည် ခြေစမ်းပွဲကစားခြင်း နည်းပါးပြီး ဖိတ်ခေါ်ပြိုင်ပွဲများတွင်မူ တွေ့ဆုံလေ့ရှိကြောင်း သိရသည်။ **ညီမြတ်သော်တာ**

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအတွက် စည်ပင်ဧည့်ရိပ်သာမှ ဥပ္ပါတသန္တိစေတီတော်အထိယာဉ်လိုင်းများအခမဲ့ပြေးဆွဲ

**နေပြည်တော် မတ် ၁၇**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို မတ် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ရာ ယင်းအခမ်းအနားသို့ ပြည်တွင်း၊ ပြည်ပ ဆရာတော်ကြီးများ၊ သီလရှင်များ၊ သာသနနုဂ္ဂဟ ဘွဲ့ရလူပုဂ္ဂိုလ်များနှင့်အတူ လိုက်ပါလာကြမည့် ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်သည်များအတွက် တည်းခိုနေထိုင်မည့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာမှ ဥပ္ပါတသန္တိစေတီတော်သို့ အဆင့်မြင့်ယာဉ်များဖြင့် "အခမဲ့" ပြေးဆွဲပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီ၏ ညွှန်ကြားမှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနလုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန၊ မထသ (မြို့တွင်း)၊ မထသ(အဝေး ပြေး) နှင့် နေပြည်တော်စည်ပင်ဌာနတို့မှ ကြီးကြပ်၍ အဆိုပါယာဉ်များကို မတ် ၁၆ ရက်မှ ၂၂ ရက်အထိ နံနက် ၇ နာရီမှ ၁၁ နာရီ အထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ကလေးမြို့တွင် စက်သုံးဆီအရောင်းဆိုင်၌ မီးလောင်မှုဖြစ်ပွား

**ကလေး မတ် ၁၇**

ကလေးခရိုင် ကလေးမြို့နယ် ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ (၁၂) ကလေး- ကလေးဝ- တမူးလမ်းမပေါ်ရှိ နိုင်ဟိန်းထက် စက်သုံးဆီအရောင်းဆိုင်တွင် မတ် ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ဂါလန် ၄၀၀ ဆံ့ ဒီဇယ်ဆီသိုလှောင်ကန်တစ်လုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုင်ဟိန်းထက် စက်သုံးဆီဆိုင်တွင် ဒီဇယ်ပေပါများအတွင်းမှ သိုလှောင်ကန်အတွင်းသို့စက်ဖြင့် ဆီဖြည့်ရာမှ ပွတ်တိုက်မှုဖြစ်၍ မီးစတင်လောင်ပြီး ဂါလန် ၄၀၀ ဆံ့ ဒီဇယ်ဆီသိုလှောင်ကန်တစ်လုံးသို့ မီးကူးစက်လောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



ကလေးမြို့တွင် စက်သုံးဆီအရောင်းဆိုင် မီးလောင်မှုဖြစ်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

အဆိုပါမီးလောင်မှုဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စန်းနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကိုဌေး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ဆီမီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ကြရာ နံနက် ၁၀ နာရီခွဲတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ဂါလန် ၄၀၀ ဆံ့ ဒီဇယ်ဆီသိုလှောင်ကန်တစ်လုံးနှင့် ဒီဇယ်ဆီဂါလန် ၆၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးသန်းညွန့် (၇၁ နှစ်)ကို ကလေးမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သျှင်နေမင်း (ဂန့်ဂေါ)**

# ပုဇွန်တောင်မြို့နယ် လိပ်ကန်ဓာတ်အားခွဲရုံ မီးလောင်မှုဖြစ်၍ လျှပ်စစ်ဓာတ်အားပြတ်တောက်

**ပုဇွန်တောင် မတ် ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် လိပ်ကန်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ လိပ်ကန်ဓာတ်အားခွဲရုံတွင် မတ် ၁၇ ရက် ညနေ ၅ နာရီခွဲခန့်ကမီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ 33 KV (အဝင်-၂) Switch Gear ချွတ်ယွင်းရာမှ မီးလောင်မှုဖြစ်ခဲ့ပြီး မီးသတ်ယာဉ် ၁၁ စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် 33 KV Pannel ပုံးတစ်လုံးဆုံးရှုံးကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိရပ်ကွက်(၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)တို့၏ အပိုင်းအချို့တွင် ည(၇)နာရီခွဲအထိ လျှပ်စစ်မီးပြတ်တောက်လျက်ရှိသည်။ ထို့ကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်တာဝန်ရှိသူများ ပူးပေါင်း၍ လျှပ်စစ်မီး ပြန်လည်ရရှိစေရန် 500 KV မီးစက်တစ်လုံး၊ 550 KV မီးစက်တစ်လုံးဖြင့် လျှပ်စစ်မီးယာယီသုံးစွဲနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကာ လျှပ်စစ်မီးပုံမှန်ပြန်လည်ရရှိစေရေးအချိန်နှင့် တစ်ပြေးညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မံစီ၊ တမူး၊ သိန်းနီ မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**

မံစီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် မံစီမြို့နယ် သံတံတားကျေးရွာအုပ်စု မလင်ကျေးရွာနေ မချောစု၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ မြန်မာ- အိန္ဒိယနှစ်နိုင်ငံနယ်စပ်၊ ဗိုလ်နိုင်ဝင်းလမ်း၊ ပဲတန်းပေါက်အနီးတွင်တွေ့ရှိသူ ဟန်မင်းလိုန်(ခ) မီမင်းကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဂရမ် ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၉ နာရီက တပ်မတော်သားများမှ သိန်းနီမြို့နယ် စယ်အူကျေးရွာအုပ်စု စယ်အူ -နမ့်ခိုက် ကားလမ်းမ တံတားအနီးတွင် ဇော်ဆန်းမောင်းနှင်ပြီး ဆိုင်စွမ်းလိုက်ပါလာသည့် ယာဉ်ကိုရပ်တန့် ရှာဖွေရာ အက်စီတစ်အက်စစ် ၃၀၀ လီတာ၊ အရိုးမီးသွေး ၂၂၀ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဇော်ဆန်း၊ ဆိုင်စွမ်းတို့ကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၈-၃-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၅ - MRTV Travelogue
- ၈:၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉:၁၀ - BBC Click
- ၉:၄၅ - ရတနာအလားကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ်များ " Abu Simble " (Egypt)
- ၁၀:၃၀ - မွေးမြူရေးရာအဖြာဖြာ “စီးပွားဖြစ် ဥစားကြက် မွေးမြူရေး ” (မြိတ်မြို့)
- ၁၁:၀၀ - လုံမမှတ်စု(၇၉)
- ၁၁:၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “ကိုယ့်ဘဝရဲ့ လင်းရောင်ခြည်” (အပိုင်း-၇+၈)
- ၁၄:၀၀ - Tasty Trip

**ညပိုင်း**

- ၁၆:၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပဋ္ဌမနှစ်(ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
- ၁၇:၁၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ အစီအစဉ် (နွေရာသီ၌ဖြစ်တတ်သော ရောဂါများအား တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ခြင်း)
- ၁၈:၂၀ - " Road to Academy" (1)
- ၁၈:၃၀ - ဥပဒေရေးရာအဖြာဖြာ “ ဆေးပေးမီးယူ ”
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၉၂)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - “ ယွန်းပညာရှင်များမွေးဖွားရာ ဘုမိနက်သန်နေရာ ”
- - နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်ဖြာသောအချစ်” (အပိုင်း-၁၃)

# ကန့်ဘလူမြို့နယ်၌ အထောက်အထားမဲ့နွား ၆၅ ကောင် သယ်ဆောင်လာသော ယာဉ်သုံးစီးဖမ်းမိ

**ကန့်ဘလူ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြေထူးကျေးရွာသွား ကားလမ်းမပေါ်မှ အထောက်ထားမဲ့နွား ၆၅ ကောင်သယ်ဆောင်လာသောယာဉ်သုံးစီး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၅ ရက် ည ၁၁ နာရီခန့်တွင် ကန့်ဘလူမြို့နယ် မြေထူးကျေးရွာအနီး ကက္ကာလမ်းခွဲတွင် ကန့်ဘလူမြို့နယ် ဒုအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လေး ဦးစီးသော ပူးပေါင်းအဖွဲ့သည် ယာဉ်သုံးစီးကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးရာ အောင်ကျော်မြင့်မောင်းနှင်လာသော 8I/---- ၁၂ ဘီးယာဉ်ပေါ်မှ နွားထီး ၂၂ ကောင်၊ တင်မင်းထွန်း မောင်းနှင်လာသော 4I/----- ၁၂ ဘီးယာဉ်ပေါ်မှနွားထီး ၂၁ ကောင်နှင့် ဇော်ဆန်းထိုက် မောင်းနှင်လာသော 7E/------၁၂ ဘီးယာဉ်ပေါ်မှ နွားထီး ၂၂ ကောင် စုစုပေါင်းနွား ၆၅ ကောင် တွေ့ရှိရသဖြင့် စစ်မေးရာ အဆိုပါနွားများနှင့် သက်ဆိုင်သော စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသဖြင့် အထောက်ထားမဲ့နွားများသယ်ဆောင်လာသူ အောင်ကျော်မြင့် ဗိုလ်ချုပ်လမ်း လှိုင်သာယာမြို့နယ်နေသူ၊ တင်မင်းထွန်း တပ်ကုန်းမြို့နေသူနှင့် ဇော်ဆန်းထိုက် ပုပ္ပါးကျေးရွာ ကန့်ဘလူမြို့နယ်နေသူတို့ကို ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ပြည်မြို့၌ မီးလောင်မှုဖြစ်

**ပြည် မတ် ၁၇**

ပြည်မြို့ ဆံတော်ရပ်ကွက် ရွှေသာလျောင်းလမ်း၌ မတ် ၁၆ ရက် ည ၇နာရီ ၅၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်ရှိ ဦးဇော်မင်းအောင်၏ ပေ ၂၀ ပတ်လည်သွပ်မိုး အုတ်ညှပ်နေအိမ်အတွင်း ဘုရားမီးပူဇော်သည့် လျှပ်စစ်မီးခုံအပူလွန်ကဲရာမှ တစ်ဆင့် မီးစတင်လောင်ခဲ့သည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီခန့်တွင် မီးငြိမ်းခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ် ၁၆ ရက်တွင် မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၀၀ စီး၊ သွင်းကုန် ၄၉၃ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်ခြောက်စီး၊ သွင်းကုန် ၁၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Hiace ယာဉ်ပေါ်တွင် တင်သွင်း တင်ပို့ခွင့်မပြုသည့် တရားမဝင်သင်းခွေချပ်ကြေးခွံ ၃၈ ပိဿာနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၈ သန်းအား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တင်သွင်း၊ တင်ပို့ခွင့်မပြုသည့် တရားမဝင်သင်းခွေချပ်ကြေးခွံ ၃၈ ပိဿာနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်ကို တွေ့ရစဉ်။

# ထောက်ခံမှုများ ပိုမိုနိုးကြားလာစေရေး ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွိုက်ဒို ပြည်တွင်းခရီးများသွားရောက်




ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ထောက်ခံသူများအား တွေ့ရစဉ်။

**ကရာကတ် မတ် ၁၇**

ဗင်နီဇွဲလားနိုင်ငံ၌ မိမိကိုယ်မိမိ ယာယီသမ္မတဟု ကြေညာထားသော ဂျူအန်ဂွိုက်ဒိုသည် တိုင်းပြည်အတွင်း နယ်လှည့်ခရီးကို မတ် ၁၆ ရက်မှ စတင်ခဲ့ပြီး သမ္မတနီကိုလပ်မာဒူရိုကို ရာထူးမှဖြုတ်ချနိုင်ရေး ပြည်သူများ၏ ထောက်ခံမှု ပိုမိုရရှိစေရန် ရည်ရွယ်ပြီး သွားရောက်ခဲ့ခြင်း ဖြစ်သည်။

ဂျူအန်ဂွိုက်ဒိုသည် သမ္မတမာဒူရိုကို လိုလားသော တပ်ဖွဲ့ဝင်များ နောက်ဆုံးစစ်ရေး လေ့ကျင့်မှု ပြုလုပ်ခဲ့သည့် နိုင်ငံမြောက်ပိုင်း ဗလင်ဆီရာမြို့ကို သွားရောက်ခဲ့သည်။ မစ္စတာဂွိုက်ဒိုကို အမေရိကန်ဘက်မှ ယာယီသမ္မတအဖြစ် အသိအမှတ်ပြုထားသည်။ အမေရိကန်၊ ကနေဒါ၊ လက်တင်အမေရိကနိုင်ငံများနှင့် ဥရောပမှ မစ္စတာဂွိုက်ဒိုကို မကြာမီအချိန်အတွင်း သမ္မတနန်းတော်တွင် နေရာယူထားနိုင်လိမ့်မည်ဟု ယုံကြည်ထားကြသည်။

၎င်းသည် သမ္မတမာဒူရိုကို ဆန့်ကျင်ပြီး ယာယီသမ္မတဟု မိမိကိုယ်မိမိ သတ်မှတ်ထားသည်မှာ အချိန် နှစ်လခန့် ရှိပြီဖြစ်သည်။ ၎င်း၏ထောက်ခံသူများနှင့် တွေ့ဆုံပွဲတွင် မစ္စတာဂွိုက်ဒိုက "ပြည်သူများ ပိုင်ဆိုင်သင့်သည်ကို ပိုင်ဆိုင်ရမည်"ဟု အခိုင်အမာ ပြောဆိုခဲ့သည်။

မစ္စတာဂွိုက်ဒိုသည် ဗင်နီဇွဲလားနိုင်ငံတစ်ဝန်း လှည့်လည်သွားလာမည့် အချိန်ဇယား အတိအကျကိုမူ မသိရသေးပေ။ မတ် ၁၆ ရက်ကမူ မာဒူရိုကို ထောက်ခံသူများသည် ဝါရှင်တန်ရှိ အိမ်ဖြူတော်ရှေ့တွင် အမေရိကန်ဦးဆောင်သည့် ဗင်နီဇွဲလားအပေါ် မည်သည့်ကျူးကျော်မှုကိုမျှ လက်မခံနိုင်ကြောင်း ဆန္ဒပြခဲ့ကြသည်။ ထို့သို့ဆန္ဒပြနေစဉ် သမ္မတမာဒူရိုကို ဆန့်ကျင်ကြသူများကလည်း ထိုနေရာ အနီးတစ်ဝိုက်တွင် စုဝေးနေခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ခွဲထွက်ရေးစာချုပ်ကို ပါလီမန်အမတ်များ သဘောမတူပါက ဘရီးဇစ် နှောင့်နှေးနိုင်ဟု ထရီဆာမေ ပြော

**လန်ဒန် မတ် ၁၇**

ပါလီမန်အမတ်များသည် ထရီဆာမေ၏ ဘရီးဇစ် ခွဲထွက်ရေးစာချုပ်ကို ထောက်ခံမှု မပြုကြပါက ဗြိတိန်နိုင်ငံသည် အီးယူမှ ခွဲထွက်ရေး လပေါင်းများစွာ ကြာမြင့်သွားနိုင်ကြောင်း ထရီဆာမေက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

လွှတ်တော်အမတ်များက ထရီဆာမေ၏ ဘရီးဇစ်စာချုပ်ကို နှစ်ကြိမ်တိုင်တိုင် ပယ်ချခဲ့ပြီး ပါလီမန်တွင် ဖရိုဖရဲ အခြေအနေများနှင့်ကြုံတွေ့ပြီးနောက် ယခုလို သတိပေးချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ကြာသပတေးနေ့တွင် ပြုလုပ်မည့် ဥရောပ ကောင်စီ ထိပ်သီးဆွေးနွေးပွဲမစမီ ဗြိတိန်ပါလီမန်အမတ်များက ထရီဆာမေ၏ ခွဲထွက်ရေးစာချုပ်ကို သဘောတူခဲ့ပါက အီးယူမှ ဗြိတိန် အပြီးသတ် ထွက်ခွာမည့် မတ် ၂၉ ရက်မတိုင်မီ နည်းပညာပိုင်းဆိုင်ရာ ချဲ့ထွင်မှုများကို ရှာဖွေသွားနိုင်မည်ဟု ထရီဆာမေကပြောကြားခဲ့ကြောင်း တယ်လီဂရက်ဖ် သတင်းစာတွင် ဖော်ပြခဲ့သည်။ အပြန်အလှန်အားဖြင့် ဗြိတိန်ပါလီမန်များက ခွဲထွက်ရေးစာချုပ်ကို သဘောမတူခဲ့ပါက အခြေအနေ ပိုမိုဆိုးရွားသွားမည်ဖြစ်ကြောင်း၊ အကယ်၍ အချိန်ထပ်မံဆွဲထားခဲ့ပါက မေလတွင် ကျင်းပမည့် ဥရောပပါလီမန် ရွေးကောက်ပွဲတွင် ဗြိတိန်နိုင်ငံ ပါဝင်ရဖွယ်ရှိကြောင်း ထရီဆာမေက ပြောသည်။

ဗြိတိန်နိုင်ငံသည် ၂၀၁၆ ခုနှစ်ကတည်းက အီးယူမှခွဲထွက်ရေး လူထုဆန္ဒခံယူပွဲ ကျင်းပခဲ့ပြီး နှစ်နှစ်ကျော်ကြာ ခက်ခဲလှသည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပြီးခဲ့သည့် နိုဝင်ဘာလက ထရီဆာမေသည် အီးယူမှ ခွဲထွက်ရေးစာချုပ်အတွက် အီးယူ နိုင်ငံများနှင့် အကြိတ်အနယ် ဆွေးနွေးခဲ့ရသည်။



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

သို့သော် အဆိုပါစာချုပ်မှ ဗြိတိန်ပါလီမန်၏ ထောက်ခံအတည်ပြုပေးမှုကို လိုအပ်နေဆဲဖြစ်သည်။ ပြီးခဲ့သည့် မတ် ၁၂ ရက်ကလည်း ဗြိတိန်ပါလီမန်တွင် ခွဲထွက်ရေး စာချုပ်ကို ဥပဒေပြုအမတ်များက ဒုတိယအကြိမ်အဖြစ် ပယ်ချခဲ့သည်။ **အေအက်ဖ်ပီ**

# အင်ဒိုနီးရှား ရေကြီးမှု သေဆုံးသူ ၆၃ ဦးအထိ ရှိလာ

**ဂျကာတာ မတ် ၁၇**

အင်ဒိုနီးရှားနိုင်ငံ၏ အရှေ့ဖျားဆုံး ပြည်နယ်ဖြစ်သည့် ပါပူဝါ ပြည်နယ်တွင် မတ် ၁၆ ရက် ညပိုင်းက ရုတ်တရက် ရေကြီးမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၆၃ ဦး၏ အလောင်းများကို ဆယ်ယူနိုင်ခဲ့ပြီး လူပေါင်း ဒါဇင်နှင့်ချီ၍ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ပျောက်ဆုံးနေသူများကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးများ လုပ်ဆောင်လျက်ရှိသည်ဟု ပြည်နယ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မတ် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဆီးရီးယား ဒုက္ခသည်ပေါင်း ၁ ဒသမ ၇ သန်းခန့် နေရပ်ပြန်ရန် ဆန္ဒရှိ

**မော်စကို မတ် ၁၇**

နိုင်ငံခြားတိုင်းပြည်များတွင် မှတ်ပုံတင်၍ ရောက်ရှိနေသော ဆီးရီးယားဒုက္ခသည်များသည် နေရပ်ကိုပြန်ကြရန် မျှော်လင့်လျက်ရှိသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော အတိုက်အခံအုပ်စုအတွက် ပြန်လည်သင့်မြတ်ရေး စင်တာနှင့် ဒုက္ခသည်များ စောင့်ကြည့်ရေးအုပ်စုက မတ် ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ခန့်မှန်းခြေအားဖြင့် နိုင်ငံပေါင်း ကိုးနိုင်ငံတွင် ရောက်ရှိနေကြသည့် ဆီးရီးယား လူမျိုးပေါင်း ၁၇၁၂၂၆၄ ဦးခန့်သည် ၎င်းတို့၏ သဘောဆန္ဒအလျောက် နေရပ်ကို ပြန်ချင်နေကြကြောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာမှစကာ တိုင်းပြည်ရပ်ခြားသို့ ရောက်နေကြသည့် ဆီးရီးယားလူမျိုးပေါင်း ၃၈၉၇၃၅ ဦးခန့်မှာ နေရပ်သို့ ပြန်သွားကြပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းစာတွင် ပြန်လည်သင့်မြတ်ရေးစင်တာက ရေးသားဖော်ပြထားသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၄၅ နိုင်ငံတို့တွင် ခိုလှုံသူ ဒုက္ခသည်အဖြစ် လက်ခံထားသူ ၆၆၇၅၁၀၈ ဦး အထိရှိနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောသည်။

ဆီးရီးယားအစိုးရသည် ဒုက္ခသည်များကို ပြန်လည်လက်ခံရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါစင်တာမှ သတင်းထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# နယူးဇီလန်ပစ်ခတ်မှု၌ ယခုအချိန်အထိ သေနတ်သမားတစ်ဦးသာ တရားစွဲဆိုခံရ

**ဝယ်လင်တန် မတ် ၁၇**

နယူးဇီလန်ပစ်ခတ်မှု၌ ကျူးလွန်သူဟု ဖမ်းဆီးခံထားရသူ ဘရန်တွန်တာရန်တစ်ဦးတည်းသာ လက်ရှိအချိန်တွင် တရားစွဲဆိုခံထားရကြောင်း နယူးဇီလန်ရဲကော်မရှင်နာ မိုက်ဘရက်ရှ်က ပြောသည်။

ဘာသာရေးအဆောက်အအုံနှစ်ခုတွင် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူပေါင်း ၅၀ သေဆုံးခဲ့ပြီး ၅၀ ဒဏ်ရာရရှိခဲ့ရာ အဆိုပါ အမျိုးသားကို မတ် ၁၆ ရက်က ရုံးထုတ်လာခဲ့ကြောင်း မိုက်ဘရက်ရှ်က မတ် ၁၇ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရဲများသည် အခြားအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကိုလည်း ဖမ်းဆီးခဲ့ပြီး ယခုအခါ ယင်းတို့ နှစ်ဦးစလုံးမှာ ဘာသာရေးအဆောက်အအုံ နှစ်ခုအတွင်း ပစ်ခတ်မှု၌ ပါဝင်ခဲ့ခြင်းမရှိဟု ယူဆရသည်။

အဆိုပါ ပစ်ခတ်မှုအတွင်း လူမည်မျှပါဝင်သည်ကို အတိအကျမပြောနိုင်သေးကြောင်း၊ လာမည့်ရက်များ အတွင်း ထုတ်ဖော်ပြောကြားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဘရက်ရှ်က ပြောသည်။

အသက် ၂၈ နှစ်အရွယ် သြစတြေးလျအမျိုးသား တာရန်တွင် သေနတ်ငါးလက်ရှိပြီး သောကြာနေ့က ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ကိုင်ဆောင်ခဲ့သော ရိုင်ဖယ် သေနတ်လည်း အပါအဝင်ဖြစ်သည်။

၎င်းမှာ စောင့်ကြည့်စာရင်းတွင် ပါဝင်ခြင်းမရှိပေ။ နယူးဇီလန်ရဲများသည် သြစတြေးလျအာဏာပိုင်များ နှင့်အတူ ပူးပေါင်း၍ ၎င်း၏နောက်ကြောင်း ရာဇဝင်ကို သိရန် ဆောင်ရွက်လျက်ရှိသည်။

ခရစ်ချပ်ချ်မြို့ ဆေးရုံမှ ဆေးဝန်ထမ်းတစ်ဦးက လူပေါင်း ၃၉ ဦးမှာ ကုသမှုခံယူဆဲဖြစ်ကြောင်း၊ ၁၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူခဲ့ ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်နိုင်ငံ၌ ဆန္ဒပြပွဲအတွင်း လူပေါင်း ၂၀၀ ကျော် ဖမ်းဆီးခံရ

**ပါရီ မတ် ၁၇**

အဝါရောင်အင်္ကျီဝတ် ဆန္ဒပြလှုပ်ရှားမှု၌ အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် မတ် ၁၆ ရက်တွင် ပါရီရဲများက လူပေါင်း ၂၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။


တိုင်းပြည်၏ အထိမ်းအမှတ်နေရာဖြစ်သည့် ရှောင်ဇေလီဇေတွင် ပြုလုပ်သည့်အဝါရောင် အင်္ကျီဝတ်ဆန္ဒပြမှုတွင် မျက်နှာဖုံးစွပ်ထားသူများက ပြဿနာများ ဖြစ်ပေါ်လာအောင် ပြုလုပ်ခဲ့ပြီးနောက် လူပေါင်း ၂၃၇ ဦးကို ဖမ်းဆီးခဲ့သည်ဟု ပါရီရဲဌာနက ပြောသည်။

## လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ပေါက်

အမည်းရောင်အင်္ကျီများကို ဝတ်ဆင်ခဲ့ပြီး မျက်နှာဖုံးစွပ်ထားသည့် အစွန်းရောက်အုပ်စုတစ်စုက ကျောက်တုံးများ၊ အခြားအရာဝတ္ထုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ပေါက်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း မျက်ရည်ယိုဗုံးများနှင့် မီးသတ်ပိုက်များ အသုံးပြုကာ လူစုခွဲခဲ့သည်။ လူပေါင်း ၆၀ ခန့်နှင့် ရဲအရာရှိ ၁၇ ဦးခန့်မှာ ဒဏ်ရာရရှိခဲ့ကြသည်။

## ပြင်သစ်သမ္မတမက်ခရွန်အတွက် ရာဇသံပင်ဖြစ်သည်ဟု ပြောကြား

အဆိုပါဖြစ်ရပ်သည် လက်ခံနိုင်ဖွယ်မရှိကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဒီရော့ဖိလစ်က ပြောသည်။ မတ် ၁၆ ရက်က ပေါ်ပေါက်ခဲ့သည့် အဝါရောင်အင်္ကျီဝတ် ဆန္ဒပြလှုပ်ရှားမှုကို ဆော်ဩသူက ယခုဖြစ်ရပ်သည် ပြင်သစ်သမ္မတမက်ခရွန်အတွက် ရာဇသံပင်ဖြစ်သည်ဟု ပြောကြားခဲ့ပြီး အဆိုပါ ဆန္ဒပြပွဲအတွင်း လူပေါင်း ၃၂၀၀ ပါဝင်ခဲ့ရာ ပြီးခဲ့သည့် သီတင်းပတ်က ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲတွင်မူ လူပေါင်း ၂၈၆၀၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဆန္ဒပြနေသူများကို မတ် ၁၆ ရက်က တွေ့ရစဉ်။

# နျူကလီးယားလက်နက်ထိန်းချုပ်ရေးစိတ်ကူးအိပ်မက်တွေ ပြိုလဲတော့မလား

*ကလျာမိုးမြင့်*

**ကျွန်ုပ်တို့ဟာ မိုင်းကွင်းတွေထဲမှာ သွားလာနေကြရပြီး ဘယ်နေရာကနေ ပေါက်ကွဲမလဲဆိုတာကို မသိတဲ့အဖြစ်မျိုး ကြုံနေရတယ်လို့ ယခုရက်သတ္တပတ်အတွင်း ဝါရှင်တန်ဒီစီမှာပြုလုပ်တဲ့ Carnegie နိုင်ငံတကာနျူကလီးယားမူဝါဒဆိုင်ရာ ကွန်ဖရင့်အစည်းအဝေးမှာ ရုရှားနိုင်ငံခြားရေးဝန်ကြီးဟောင်း အီဂေါ် အီဗန်နော့ရဲ့သတိပေးချက်ရောက်ရှိလာပါတယ်။**



မီခေးလ်ဂေါ်ဘာချော့ဗ်(ဝဲ)နှင့် ရော်နယ်ရေဂင်တို့ ၁၉၈၇ ခုနှစ်က တာလတ်ပစ်နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့စဉ်။

**မျိုးဆက်သစ်တွေအတွက် အိပ်မက်ဆိုးတစ်ခု**

အီဗန်နော့ရဲ့ အဲဒီထင်မြင်ချက်ကို အမေရိကန် ဆီးနိတ်လွှတ်တော်အမတ်ဟောင်းလည်းဖြစ်၊ ကာလရှည်အောင် လက်နက်ထိန်းချုပ်ရေးတက်ကြွလှုပ်ရှားသူတစ်ဦးလည်းဖြစ်ခဲ့တဲ့ ဆမ်နွမ်က ထောက်ခံခဲ့ပါတယ်။ အကယ်၍သာ အမေရိကန်၊ ရုရှားနဲ့ တရုတ်တို့အတူ အလုပ်မလုပ်ကြတော့ဘူးဆိုရင် ကျွန်ုပ်တို့ရဲ့သားသမီး မြေးမြစ်တွေအတွက် အိပ်မက်ဆိုးတစ်ခုဖြစ်လာနိုင်တယ်လို့ ၎င်းက ပြောကြားလိုက်ပါတယ်။ ၎င်းက လက်ရှိခေါင်းဆောင်တွေကို သမ္မတရော်နယ်ရေဂင်နဲ့ မီခေးလ်ဂေါ်ဘာချော့ဗ်တို့ လုပ်ဆောင်ခဲ့သလိုမျိုး စစ်အေးတိုက်ပွဲ ပြီးဆုံးအောင်ချဉ်းကပ်ခဲ့ပုံမျိုးကို အတုယူဖို့ တိုက်တွန်းထားပြီး နျူကလီးယားစစ်ပွဲဆိုတာမျိုးက အနိုင်မရနိုင်ဘူး။ ဒီအတွက်ကြောင့် ဒါကိုဘယ်သောအခါမှ ထည့်သွင်းစဉ်းစားလို့ မရဘူးဆိုတဲ့ အဆိုကို ဝန်းရံဖို့ ဆော်သြနေပါတယ်။

**သဘောတူစာချုပ်ပြိုလဲခဲ့**

မစ္စတာရေဂင်ဟာ တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေးကို စိတ်ကူးခဲ့ပြီး ရုရှားလုပ်ဖော်ကိုင်ဖက် မစ္စတာဂေါ်ဘာချော့ဗ်နဲ့ နျူကလီးယားလက်နက်အလုံးစုံဖျက်သိမ်းရေး သဘောတူစာချုပ်တစ်ရပ်ဆီသို့ နီးစပ်လာစေခဲ့ပါတယ်။ ၎င်းရဲ့ကြိုးပမ်းမှုတွေက နျူကလီးယားအင်အားကြီးနှစ်နိုင်ငံကို နျူကလီးယားလက်နက်လျှော့ချရေးသဘောတူညီမှုရဲ့ အစဆီ ဆွဲခေါ်လာနိုင်ခဲ့ပါတယ်။ ယနေ့အခါမှာတော့ အဲဒီသဘောတူညီမှုဟာ သံသယဖြစ်စရာကောင်းလာပြီး တာလတ်ပစ်နျူကလီးယားလက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်ဟာဆိုရင်လည်း အမေရိကန်နဲ့ ရုရှားတို့က စာချုပ်အတွင်းပါဝင်မှုကနေ ရပ်စဲလိုက်ချိန်ကစလို့ ပြိုလဲသွားခဲ့ရပြီပဲ ဖြစ်ပါတယ်။

**မဟာမိတ်တွေ ဘဝင်မကျ**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကတော့ ရုရှားဟာ အဲဒီစာချုပ်ကိုဖောက်ဖျက်နေခဲ့တာ နှစ်ပေါင်းမနည်းဘူးလို့ အသေအချာပြောနေပါတယ်။ ပြီးတော့လည်း မြေပြင်ပစ်ခရုစ်ဒုံးကျည်တွေကို အခုတစ်ဖန် ဖြန့်ကြက်လာနေတာက စာချုပ်ကို ချိုးဖောက်လိုက်တာပဲလို့ဆိုပါတယ်။ ရုရှားသမ္မတဗလာဒီမာပူတင်ကတော့ စွပ်စွဲမှုကို ငြင်းဆန်ထားပြီး နေတိုးမဟာမိတ်အဖွဲ့တွေကသာ ဝါရှင်တန်ကို အားပေးကူညီနေတာဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်ရဲ့မဟာမိတ်အများစုက ယခုအချိန်မှာ နိုင်ငံတကာအရေးကိစ္စတွေကို မစ္စတာထရမ့်က အလုံးစုံချဉ်းကပ်နေတာကိုတော့ ဘဝင်မကျဖြစ်နေတယ်ဆိုတာ ကွန်ဖရင့်စ်အစည်းအဝေးမှာ ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။

**စည်းစနစ်တွေ တိုက်စားခံရ**

အမေရိကန်ဆိုင်ရာ ဂျာမနီသံအမတ်ကြီး အီမလီဟေဘာက နိုင်ငံတကာစည်းမျဉ်းစနစ်တွေနဲ့အညီ လိုက်နာမှုတွေ ရှိခဲ့ပေမယ့် ယခုအခါမှာ အဲဒီစည်းစနစ်တွေ တိုက်စားခံနေရပြီဆိုတာကို ထောက်ပြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့အတိတ်က ကျူးလွန်ခဲ့တဲ့ မှားယွင်းမှုတစ်ခုအတွက် အနာဂတ်မှာအဲဒီနိုင်ငံကို ဘယ်လိုပြုမူဆောင်ရွက်ရမယ်ဆိုပြီး ပုံသွင်းပေးတာထက် အဲဒီနိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုတွေ အလွန်အကျွံပြုလုပ်နေတာကို ထောက်ပြခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ခရိုင်းမီးယားဒေသကို ရုရှားက ကျူးကျော်သိမ်းပိုက်ခဲ့တဲ့ဖြစ်ရပ်မှာ အမေရိကန်က ရုရှားကို လုပ်ဆောင်ခဲ့တဲ့ ပိတ်ဆို့မှုတွေကို ၎င်းက ရည်ရွယ်ပြောဆိုလိုခြင်း ဖြစ်ဟန်ရှိပါတယ်။

**ယုံကြည်မှုကို ပျက်ပြားစေ**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နဲ့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်တို့အကြား တင်းမာမှုတွေ သိသိသာသာဖြစ်နေသော်ငြား မစ္စဟေဘာဟာ သမ္မတထရမ့်အစိုးရအဖွဲ့ကို ပြောင်ပြောင်တင်းတင်းပြစ်တင်ရှုတ်ချတာမျိုးတော့ မပြုလုပ်ခဲ့ပါဘူး။ ၎င်းပြောပုံအရဆိုရင် သမ္မတပူတင်ရဲ့ကျူးကျော်မှုမျိုးစုံဟာ အချင်းချင်းယုံကြည်မှုနဲ့ သံတမန်ရေးရာဖြစ်စဉ်တွေကိုပျက်ပြားစေတယ်လို့ ထောက်ပြချင်တဲ့ သဘောဖြစ်ပါတယ်။ ကွန်ဖရင့်အစည်းအဝေးတက်ရောက်လာကြသူအများစုက လက်နက်ထိန်းချုပ်ရေး စိတ်ကူးယဉ်အိပ်မက်ဟောင်း တစ်စစီပြိုပျက်သွားပြီဆိုတာ သိပ်မရိုးရှင်းလှသလို နျူကလီးယားအင်အားကြီးနိုင်ငံတွေအကြား တင်းမာမှုတွေ ပိုပြီးကြီးထွားလာတယ်ဆိုတာလည်း ငြင်းမရဘူးလို့ အလေးအနက်ပြောကြားခဲ့ပါတယ်။

**ဘာတွေပေါ်ထွက်လာမလဲ**

ဒါက နျူကလီးယားလက်နက်ယှဉ်ပြိုင်ဘက်တွေဖြစ်တဲ့ အိန္ဒိယနဲ့ ပါကစ္စတန်နှစ်နိုင်ငံအကြား ပြိုင်ဆိုင်မှုကိုလည်းပိုပြီး ပြင်းထန်လာစေတယ်ဆိုတဲ့ စိန်ခေါ်မှုသက်သက်လောက်ပဲလို့ ယူဆလို့ မရတော့ပါဘူး။ နောက်ထပ် ခြိမ်းခြောက်မှုအန္တရာယ်တစ်ခုဘွားခနဲ ပေါ်ထွက်လာမှာကို ၎င်းတို့က စိုးရိမ်နေတာဖြစ်ပါတယ်။ လက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်ဟောင်း ပြိုလဲသွားပြီဆိုတာနဲ့ နည်းပညာမြင့်စိန်ခေါ်မှုအသစ်အဆန်းတွေကလည်း အဲဒီနေရာမှာ ပေါ်ထွက်လာတော့မှာပါ။ အသံထက်မြန်တဲ့နှုန်းနဲ့ တိကျစွာပျံသန်းမယ့် ဒုံးကျည်တွေ၊ ဆိုက်ဘာလက်နက်တွေ၊ စစ်မက်ချဲ့ထွင်လာမှုတွေနဲ့အတူ အခြားသောအကျိုးဆက်တွေကိုပါ ထည့်သွင်းစဉ်းစားရပါတော့မယ်။

**စစ်ပွဲတွေပိုဖြစ်နိုင်**

ယနေ့လိုခေတ်သစ်အချိန်အခါမှာ ကျွန်ုပ်တို့ဟာ ကြိုတင်စိတ်ကူးကြံစည်ထားတဲ့ တိုက်ခိုက်မှုတစ်ခုထက် တတိယအဖွဲ့အစည်းရဲ့ ကြားဝင်စွက်ဖက်မှုအားဖြင့် မှားယွင်းတဲ့ ခန့်မှန်းတွက်ချက်မှုတွေကြောင့် စစ်ပွဲတွေပိုပြီးဖြစ်လာနိုင်ဖွယ်ရှိနေတယ်လို့ မစ္စတာနွမ်ကပြောခဲ့ပါတယ်။ လက်နက်ထိန်းချုပ်ရေးဆိုင်ရာ အမေရိကန် ဒုတိယအတွင်းရေးမှူး အန်ဒရီယာသွန်ပဆင်က တရုတ်နိုင်ငံဟာ INF လိုမျိုး သဘောတူစာချုပ်တစ်ခုကို စိတ်မဝင်စားဘူးဆိုတာကို အတိအလင်းဖော်ပြခဲ့ပါတယ်။ ဒီတော့အမေရိကန်-ရုရှား နျူကလီးယားလက်နက်ဖျက်သိမ်းမှုရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ သဘောတူညီမှုအသစ်တစ်ရပ်စတင်ခြင်းဟာ ဆက်လက်တည်မြဲနေပါဦးမလား။

**သက်တမ်းတိုးဖို့ အားရဖွယ်မရှိ**

ဒီစာချုပ်က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းလောက်မှာ သက်တမ်းကုန်မှာဖြစ်လို့ အချိန်အားဖြင့် တိုတောင်းလှပါတယ်။ အမေရိကန်နဲ့ ရုရှားအကြီးတန်းအာဏာပိုင်တွေရဲ့ တင်ပြချက်အရဆိုရင် စာချုပ်ရဲ့အသုံးဝင်မှုကို အသိအမှတ်ပြုထားပြီး အချိန်ကာလသက်တမ်းတိုးချဲ့ဖို့နဲ့ ပတ်သက်လို့တော့ သိပ်ပြီး အားရစရာ မရှိလှပါဘူး။ ကွန်ဖရင့်အစည်းအဝေးမှာ သမ္မတ ထရမ့်ရဲ့ သံတမန်ရေးရာနောက်ထပ်မူဝါဒနဲ့ပတ်သက်ပြီး သတင်းကောင်းတွေရှိခဲ့ပါတယ်။ ဟန္နွိုင်းမှာ ပြုလုပ်ခဲ့တဲ့ထိပ်သီးအစည်းအဝေးမှာတုန်းက မစ္စတာထရမ့်ဟာ မြောက်ကိုရီးယားနဲ့ ကြီးကျယ်တဲ့ အလျှော့အတင်းတစ်ခု ပြုလုပ်ခဲ့ပါတယ်။

သို့သော်လည်း မြောက်ကိုရီးယားခေါင်းဆောင်က နိုင်ငံရဲ့ နျူကလီးယားအစီအစဉ်တွေထဲက သေးငယ်တဲ့ အစိတ်အပိုင်းလေးတစ်ခုလောက်ကိုပဲ စွန့်လွှတ်ဖို့ ပြင်ဆင်ခဲ့တာဖြစ်ပြီး အပေးအယူအနေနဲ့ မြောက်ကိုရီးယားအပေါ် စီးပွားရေးအရပိတ်ဆို့မှုတွေအားလုံးကို ဖယ်ရှားပေးဖို့တောင်းဆိုခဲ့တာကြောင့် ဆက်မဆွေးနွေးတော့ဘဲ နောက်ကြောင်းပြန်လှည့်ခဲ့တာဖြစ်တယ်လို့ မစ္စတာထရမ့်က ဆိုထားပါတယ်။

**အရေးတကြီးဆွေးနွေးဖို့ လိုအပ်နေ**

အကယ်၍ ခေတ်ဟောင်းပုံစံ လက်နက်ထိန်းချုပ်ကန့်သတ်ရေးသဘောတူညီမှုတွေ ပျက်ပြားခဲ့မယ်ဆိုရင် နောက်ထပ်အသစ်တွေကို ထိန်းချုပ်ဖို့အတွက် အရေးယူဆောင်ရွက်မှုတွေကို သဘောတူဖို့ ဘယ်လောက်တောင်ခက်ခဲလိမ့်မလဲဆိုတာနဲ့ သမားရိုးကျလက်နက်ထိန်းချုပ်ရေးခေတ်ကုန်သွားပြီလားဆိုတာ တွေးဆစရာဖြစ်လာပါတယ်။ ရုရှား၊ ဥရောပနဲ့ အမေရိကန်နိုင်ငံသားတွေ တူညီစွာ အာရုံရနေတဲ့ အချက်တစ်ချက်ကတော့ ဝါရှင်တန်နဲ့ မော်စကိုအကြားမှာ မဟာဗျူဟာကျတဲ့ တည်ငြိမ်မှုနဲ့ပတ်သက်တဲ့ ဆွေးနွေးမှုတစ်ခု အရေးတကြီးလိုအပ်နေပြီဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

စစ်အေးကာလရဲ့ အရှိန်အဟုန်အမြင့်ဆုံးအချိန်တစ်ခုမှာ အမေရိကန်နဲ့ ဆိုဗီယက်ယူနီယံတို့ဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန်တိုက်ခိုက်ဖျက်ဆီးဖို့ ခြိမ်းခြောက်ခဲ့ကြပါတယ်။ အဲဒီခြိမ်းခြောက်မှုကနေပဲ နားလည်မှုနဲ့ သဘောတူညီမှုစနစ်တစ်ခုကို ပေါက်ဖွားလာစေခဲ့တာဖြစ်ပေမယ့် ဟောင်းနွမ်းနေတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေပါတဲ့စာအုပ်ကို ခုချိန်မှာ ပစ်ပယ်လိုက်ဟန်ရှိပုံပါပဲ။အတိတ်ကာလက မသင့်မြတ်မှုတွေနဲ့ ရန်လိုမုန်းတီးခြင်းတွေ တစ်ကျော့ပြန်လာခဲ့ပြီး ယခင်ကထက်ပိုပြီး အန္တရာယ်ကြီးလာမလားဆိုတာက စိုးရိမ်ဖွယ်ဖြစ်လာပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ဘီဘီစီ**

---

# နိုင်ငံတကာသတင်းတိုထွာ

## ဘရိဇစ်ထောက်ခံသူများ စုဝေးချီတက်

**လန်ဒန် မတ် ၁၇**

ဘရိဇစ်ထောက်ခံသူများသည် မတ် ၂၉ ရက်တွင် အီးယူမှ ဗြိတိန်နုတ်ထွက်ရေးအတွက် တောင်းဆိုသည့်အနေဖြင့် ၃၅၀ ကီလိုမီတာ အကွာအဝေးလမ်းလျှောက်ခဲ့ကြပြီး လန်ဒန်သို့ ချီတက်ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံအရှေ့မြောက်ပိုင်း ဆန်ဒါလန်းမြို့၌ မတ် ၁၆ ရက်က စုဝေးချီတက်ခဲ့ကြသည်။ ကြာသပတေးနေ့တွင် ပါလီမန်က ဘရိဇစ်အတွက် သုံးလခန့် အချိန်ယူရမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အီးယူကိုလိုလားသည့် အုပ်စုများကလည်း တန်ပြန်ဆန္ဒပြခဲ့ကြပြီး အပြန်အလှန် စွပ်စွဲခဲ့ကြသည်။ ချီတက်ပွဲတွင် ပါဝင်သူတစ်ဦးက လွှတ်တော်အမတ်များမှာ ပြည်သူများ၏ဆန္ဒများကို အလေးထားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ချီတက်ပွဲတွင် ပါဝင်ကြသူများမှာ မတ် ၂၉ ရက်တွင် ပါလီမန်အဆောက်အအုံရှေ့၌ ဆက်လက်စုဝေးသွားကြရန် စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်ဗီဇာ ထိန်းချုပ်မှုများကို ကျူးဘား ရှုတ်ချ

**ဟာဗားနား မတ် ၁၇**

ကျူးဘားနိုင်ငံသားများ အမေရိကန်နိုင်ငံအတွင်း ခရီးသွားဗီဇာဖြင့် ဝင်ရောက်ခွင့်အချိန် တိုတောင်းသွားသည့်အတွက် အမေရိကန်၏ ဆုံးဖြတ်ချက်အား ကျူးဘားအစိုးရက မတ် ၁၆ ရက်တွင် ရှုတ်ချခဲ့သည်။

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနို ရိုဒရီဂုစ်က တွစ်တာစာမျက်နှာပေါ်တွင် ယခုကန့်သတ်လိုက်သည့် အချက်များကြောင့် အမေရိကန်နိုင်ငံရှိ ဆွေမျိုးများထံ သွားရောက်ကြမည့် ကျူးဘားနိုင်ငံသားများအတွက် အခက်အခဲဖြစ်လာနိုင်ကြောင်း ရေးသားခဲ့သည်။ အမေရိကန်သည် B2 တိုးရစ်ဗီဇာကို ငါးနှစ်မှ သုံးလအထိ လျှော့ချလိုက်သည်။

အဆိုပါကြေညာမှုကို ကျူးဘားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဝက်ဘ်ဆိုက်စာမျက်နှာတွင် တင်ခဲ့ပြီး မတ် ၁၈ ရက်တွင် စတင် အကျိုးသက်ရောက်မည်ဖြစ်သည်။ ကျူးဘားနိုင်ငံခြားရေးဝန်ကြီးကမူ ယခုအပြောင်းအလဲသည် အပြန်အလှန်သက်ရောက်မှုကို ထိန်းထားရန်အတွက် မဟုတ်ကြောင်း ပြောဆိုခဲ့ပြီး ကမ္ဘာအရပ်ရပ်မှ အမေရိကန်နိုင်ငံသားများအတွက် ဗီဇာရရှိမည်ဟု ပြောဆိုခဲ့သည်။

**ဆင်ဟွာ**

# ရွှေတိဂုံစေတီတော်(၂၆၀၇)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ပြည်တွင်း ပြည်ပ ဘုရားဖူးများစည်ကား

ရွှေတိဂုံစေတီတော် (၂၆၀၇)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၁၀ ရက်က ဖွင့်လှစ်ခဲ့ပြီး (တပေါင်းလဆန်း ၁၀ ရက်) မတ် ၁၅ ရက် ညပိုင်းက ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ပြည်တွင်းပြည်ပ ဘုရားဖူးပြည်သူများ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို မှတ်တမ်းဓာတ်ပုံများဖြင့် စုစည်းတင်ပြလိုက်ပါသည်။ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ၊ မတ် ၁၉ ရက် ညနေ ၄ နာရီတွင် သံဃာတော် ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် မတ် ၁၉ ရက် နံနက် ၅ နာရီခွဲတွင် ဆွမ်းတော်ကြီးကပ်လှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## ကုသိုလ်ဒါနပြု

ဘုရားဖူးလာပြည်သူများက တံမြက်စည်းလှည်းခြင်းဖြင့် ကုသိုလ်ဒါနပြုကြစဉ်။

ဓာတ်ပုံ-အာကာစိုး





ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-အာကာစိုး



ဘုရားဖူးလာပြည်သူများ အန္တရာယ်ကင်းပရိတ်ရေများ သောက်သုံးကြစဉ်။

ဓာတ်ပုံ-အာကာစိုး



ပြည်ပခရီးသွားဧည့်သည်များ ဆီမီးထွန်းညှိပူဇော်ကြစဉ်။

ဓာတ်ပုံ-အာကာစိုး



ရွှေတိဂုံစေတီသို့ လာရောက်ကြည်ညိုသူ ဘုရားဖူးလာပြည်သူများအား တွေ့ရစဉ်။

ဓာတ်ပုံ-အာကာစိုး

# (၁၆)ခုတင်ဆံ့ ညောင်လေးပင်တိုင်းရင်းဆေးရုံဖွင့်ပွဲ ကျင်းပ

**ညောင်လေးပင် မတ် ၁၇**

ညောင်လေးပင်မြို့နယ်မှ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၁၆)ခုတင်ဆံ့ ညောင်လေးပင် တိုင်းရင်းဆေးရုံ ဖွင့်ပွဲကို မတ် ၁၇ ရက်က ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက်ရှိ အဆိုပါဆေးရုံ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းရင်းဆေးရုံဆိုင်းဘုတ်ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးစိုးမိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး နော်မိုင်လုကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူးက တိုင်းရင်းဆေးရုံများဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

အဆိုပါ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ပြည်သူများ၏ကျန်းမာရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၁၅၄ သန်းဖြင့် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေရှိ အာရ်စီ တစ်ထပ်အဆောက်အအုံအဖြစ် ဆောက်လုပ်ခဲ့ကာ ဆေးရုံနှင့်အတူ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၀၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း၊ ဆေးရုံကို ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ပြင်ပလူနာဌာန ဖွင့်လှစ်၍ အထွေထွေရောဂါများ အခမဲ့ကုသပေးလျက်ရှိကြောင်း၊ ဆေးရုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် ညောင်လေးပင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူ နှစ်သိန်းကျော်နှင့် ဆက်စပ်မြို့နယ်များမှ ပြည်သူများ၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား အတွင်းလူနာအဖြစ် ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရွှေဥမင်သဘာဝလိုဏ်ဂူတော် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဖွင့်ပွဲကျင်းပ

**တောင်ကြီး မတ် ၁၇**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူတော် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ဖွင့်ပွဲကို လိုဏ်ဂူတော်မုခ်ဦး၌ မတ် ၁၆ ရက်က ကျင်းပခဲ့ရာ ရွာငယ်ကျောင်းသစ်ဆရာတော် ဦးစန္ဒောဘာသ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်နှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပွဲတော်အတွင်း ခင်းကျင်းပြသထားသော ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရွှေဥမင် သဘာဝလိုဏ်ဂူဘုရား ဝတ္တကနယ်မြေအတွင်း 'ဆေးလိပ်ငွေ့ကင်းစင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ အသိအမှတ်ပြု ဂုဏ်ပြုဆု'ပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား၏ ဝတ္တကမြေကို ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့မှုအတွက် (၆)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ဆေးလိပ်ငွေ့ကင်းစင်မြို့တော်များ အစည်းအဝေးတွင် ဆေးလိပ်ငွေ့ကင်းစင်ယဉ်ကျေးမှုအမွေအနှစ်ဆု(Smoke Free Herritage Site Award) ချီးမြှင့်ခံရသည့်အတွက် အဆိုပါဆုကို ရွှေဥမင်သဘာဝလိုဏ်ဂူတော် ဘုရားဂေါပကအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆေးလိပ်ငွေ့ကင်းစင်နေရာများ (Smoke Free Area)တွင် ရာနှုန်းပြည့် ဆေးလိပ်မသောက်ခြင်းကြောင့် ဆေးလိပ်မသောက်သူများအတွက် အန္တရာယ်ကင်းဇုန်များသဖွယ်ဖြစ်ကြောင်း၊ ဆေးလိပ်ငွေ့ကင်းစင်ခြင်းမှာ ဆေးလိပ်မသောက်သူများအဖို့ လွတ်လပ်သော ရပိုင်ခွင့်များကို ရရှိစေခြင်းဖြစ်သည့်အပြင် နယ်မြေကန့်သတ်တားမြစ်ထားခြင်းကြောင့် ဆေးလိပ်သောက်သူတို့အနေဖြင့်လည်း ဆေးလိပ်သောက်သည့် အကြိမ်အရေအတွက် လျော့နည်းကျဆင်းရာမှ ဆေးလိပ်ဖြတ်သွားသည်အထိ မျှော်မှန်းချက်ထားပြီး ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပင်းတယမြို့မီးအိမ်ရှင် ဆရာကြီး ဒေါက်တာသန်းမင်းထွဋ်နှင့် ရွှေဥမင်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးထံသို့ 'ဆေးလိပ်ငွေ့ကင်းစင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ အသိအမှတ်ပြုဆု'ကို လွှဲပြောင်းပေးအပ်ခဲ့ကာ ဆရာကြီး ဒေါက်တာသန်းမင်းထွဋ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဘားအံမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘားအံ မတ် ၁၇**

ကရင်ပြည်နယ် ဘားအံမြို့ သန့်ရှင်းသာယာလှပရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်ပြီး ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မတ် ၁၆ ရက် နံနက်ပိုင်းက ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေစဉ်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၅၀၀ ကျော် ပူးပေါင်းပါဝင်၍ ကမ်းနားလမ်းတစ်လျှောက်ရှိ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များကို ရှင်းလင်းခဲ့ကြခြင်းဖြစ်သည်။

ထို့အတူ ဘားအံမြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင်လည်း ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဆေးရုံတာဝန်ရှိသူများ စုပေါင်း၍ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များကို ရှင်းလင်းကာ ဆေးရုံကြီးပရဝဏ်အတွင်းရှိ ချုံ၊ နွယ်၊ မြက်ပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မြစ်ကြီးနားမြို့နယ်မှပြည်သူများ တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား မတ် ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု နောင်နန်းကျေးရွာမှ ဒေသခံပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအဖွဲ့က ကျေးရွာနှစ်ခြင်းဘုရားကျောင်းဝင်း ဓမ္မာရုံ၌ မတ် ၁၆ ရက်က တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်သော ဒေသခံပြည်သူများက လယ်/ယာမြေများအတွက် ပုံစံ(၇)ရရှိရေး၊ ကျောက်ခွဲစက်ကြောင့် ပြည်သူများ၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အတွက် အနှောင့်အယှက်ဖြစ်နေရသည့် အခြေအနေများ၊ ကျေးရွာ အခြေခံပညာကျောင်းကို မူလတန်းအဆင့်မှ အလယ်တန်းအဆင့်အထိ တိုးမြှင့်ပေးနိုင်ရေးနှင့် ကျောင်းဆောင်များနှင့် ဆရာ ဆရာမများအတွက် အိပ်ဆောင်အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ လမ်း၊ တံတား လိုအပ်ချက်များ စသည်တို့ကို တင်ပြမေးမြန်းကြပြီး သက်ဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၆၅ | ကျပ် | ၉၆၅/၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၅ | ကျပ် | ၉၈၀/၉၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၈၅ | ကျပ် | ၈၁၅/၈၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၉၅၀ | ကျပ် | ၈၉၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ ・ ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၅ ・ ဝ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၁ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၂၈ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၁ ・ ၉ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၅ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ ・ ၃၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၁၈၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ ・ ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ ・ ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၃၄၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ စီးပွားရေးလုပ်ငန်းရှင်များ



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော် စီးပွားရေးပညာကို လေ့လာနေသူဖြစ်တယ်။ ဒါပေမယ့် ကျွန်တော်အထူးပြုတာက စီးပွားရေးလုပ်ငန်းများဖြစ်တယ်။ ကျွန်တော်မကြာခဏပြောသလို (Economics) ဘောဂဗေဒနဲ့ (Business) စီးပွားရေးလုပ်ငန်းများဟာ မတူဘူး။ ဆက်စပ်မှုရှိပေမယ့် သီးခြားရပ်တည်နေတဲ့ ဘာသာရပ်တွေ၊ လေ့လာမှုတွေ။**

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုစီမံကိန်း**

မြန်မာနိုင်ငံမှာ အစိုးရအနေနဲ့ ဖွံ့ဖြိုးမှုစီမံကိန်းတစ်ရပ်ကို ရေးဆွဲထားတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစီမံကိန်းလို့ ခေါ်တယ်။ ၂၀၁၅ မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက လက်ခံခဲ့တဲ့ စဉ်ဆက်မပြတ် ရည်မှန်းချက် (၁၇)ချက်ကို အခြေခံပြီး ဖော်ထုတ်ထားတာဖြစ်တယ်။ အစိုးရဝန်ကြီးဌာန အသီးသီးအတွက် ရည်ရွယ်ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့အကူအညီရယူရာမှာ သတ်မှတ်ထားတဲ့ ဘောင်ဖြစ်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေအတွက်လည်း လမ်းပြမြေပုံတစ်ရပ် ဖြစ်နေတယ်။

စီးပွားရေးလုပ်ငန်းတစ်ခုချင်းအနေနဲ့ ချဉ်းကပ်မှုက ပုံစံတစ်မျိုး။ မိမိဆောင်ရွက်နေတဲ့ လုပ်ငန်းများကို စဉ်ဆက်မပြတ် ရည်မှန်းချက် (၁၇)ချက်နဲ့ ချိတ်ဆက်ပြီး လုပ်ဆောင်ရမှာဖြစ်တယ်။ လုပ်ငန်းတစ်ခုအနေနဲ့ ရည်မှန်းချက်အားလုံးကို တာဝန်ယူနိုင်မှာ မဟုတ်ဘူး။ ကိုယ့်လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ရည်မှန်းချက်တွေကိုသာ ရွေးချယ်ပြီး ဆောင်ရွက်သွားဖို့ ဖြစ်တယ်။ အခုလို လုပ်ငန်းတစ်ခုချင်းရဲ့ ရွေးချယ်မှုတွေ ပေါင်းစပ်လိုက်ရင် ရည်မှန်းချက်တွေကို ပြည့်မီနိုင်အောင် ကြိုးစားခြင်းဖြစ်တယ်။ ချဉ်းကပ်တဲ့ပုံစံက မတူညီကြဘူး။ အစိုးရအနေနဲ့ အထက်ကနေအောက်ကို စီးဆင်းတဲ့ပုံစံကို လက်ခံပြီး စီးပွားရေးလုပ်ငန်းများအဖို့ အောက်ကအထက်သို့ အားပေးခြင်းဖြစ်တယ်။ အမှန်တော့ ချဉ်းကပ်မှုနှစ်ခုစလုံးဟာ အရေးပါတယ်။ တစ်ခုနဲ့တစ်ခု ဟန်ချက်ညီဖို့လိုအပ်တယ်။

**စီမံကိန်းစီးပွားရေးပုံစံတွေ သုံးသင့် မသုံးသင့်**

ကျွန်တော်က စီမံကိန်းနဲ့ စီစဉ်ဆောင်ရွက်မှုကို ခွဲခြားပြီး ကြည့်တယ်။ စီမံကိန်းဆိုတဲ့စကားကြားရင် အလိုလိုကြောက်ရွံ့နေတယ်။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးကာလက စပြီး စီမံကိန်းတွေမျိုးစုံ ဖော်ထုတ်ခဲ့တယ်။ ပြည်တော်သာစီမံကိန်း၊ ငါးနှစ်စီမံကိန်း၊ အမျိုးသားစီမံကိန်း၊ ကျန်းမာရေးစီမံကိန်း။ ဒီစီမံကိန်းရေးဆွဲတဲ့ ယဉ်ကျေးမှုဟာ စီမံကိန်းစီးပွားရေးစနစ်ကိုအခြေခံပြီး ဆောင်ရွက်တာ။ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့နိုင်ငံတွေမှာ စီမံကိန်းရေးဆွဲဖော်ထုတ်မှုကို ဦးစားပေးခြင်းမရှိဘဲ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ လုပ်ငန်းတစ်ခုချင်းရဲ့ ကြိုးပမ်းမှုကို စုစည်းတယ်။ ဒါကြောင့် အနောက်နိုင်ငံတွေမှာ စီမံကိန်းတွေကို အစိုးရကရေးဆွဲတဲ့ အလေ့အကျင့်မရှိဘဲ လုပ်ငန်းတစ်ခုချင်းက ကိုယ်နဲ့ဆိုင်တဲ့ပတ်သက်တာကိုသာ အစီအစဉ်တွေ ဖော်ထုတ်ကြတယ်။ ဈေးကွက်စီးပွားရေးစနစ် ဖော်ထုတ်နေတဲ့အချိန်မှာ စီမံကိန်းစီးပွားရေးမှာ ကျင့်သုံးတဲ့ပုံစံတွေကို သုံးသင့် မသုံးသင့်ကတော့ စဉ်းစားစရာကိစ္စတစ်ခုဖြစ်တယ်။

ဒီကိစ္စကတော့ ပညာရပ်ဆိုင်ရာ အပြန်အလှန်ဆွေးနွေးရမယ့် ဆွေးနွေးသင့်တဲ့ကိစ္စဖြစ်တယ်။ ကိုယ်ကိုယ်တိုင်က စီးပွားရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး အစီအစဉ်တွေ ရေးဆွဲနေတာဖြစ်တာမို့ ပုဂ္ဂလိကကဏ္ဍနဲ့ နိုင်ငံတော်ကဏ္ဍ ကွဲပြားမှုကို သုံးသပ်မိတယ်။ စီမံကိန်းရေးဆွဲမှုကို ဦးစားပေးခြင်းမပြုဘဲ မိမိဖြစ်စေချင်တဲ့ ဦးတည်ချက်ရူပါရုံကို အာရုံစိုက်ပြီး ချဉ်းကပ်တာဖြစ်တယ်။ စဉ်ဆက်မပြတ် ရည်မှန်းချက်တွေ အောင်မြင်ပြည့်မီဖို့ အားလုံးပါဝင်ပတ်သက်ဖို့ လိုအပ်တယ်။

**နိုင်ငံတော်ဦးဆောင်မှုအောက်က ပုဂ္ဂလိကကဏ္ဍ**

နိုင်ငံတော်ရဲ့ဦးဆောင်မှုအောက်မှာ ပုဂ္ဂလိကကဏ္ဍက တက်တက်ကြွကြွပါဝင်ရမှာ။ တစ်ဖက်ကလည်း အရပ်ဘက်လူ့အဖွဲ့အစည်းတွေကလည်း တတ်နိုင်တဲ့ဘက်က ပါဝင်ဖို့လိုအပ်တယ်။ ဒါကြောင့်လည်း မကြာသေးမီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က တက်တက်ကြွကြွပါဝင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ပါဝင်တဲ့ပုံစံက အသင်းကြီးရဲ့အဖွဲ့ဝင်ကုမ္ပဏီတွေ တစ်ခုချင်းအနေနဲ့ မိမိလုပ်ငန်းနဲ့ ပတ်သက်တဲ့၊ ဆက်စပ်တဲ့ စဉ်ဆက်မပြတ်ရည်မှန်းချက်တွေကို သေချာစွာရွေးချယ်ပြီး ဆောင်ရွက်မှာဖြစ်တယ်။ အခုလို လုပ်ငန်းတွေရဲ့ဆောင်ရွက်မှုတွေ ပေါင်းစပ်လိုက်တဲ့အခါ သိသာထင်ရှားတဲ့ အဖြေတွေရနိုင်မှာသာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ တာဝန်ယူခဲ့တဲ့အချိန်ကစပြီး ငြိမ်းချမ်းရေးလုပ်ငန်းရပ်တွေကို ဦးစားပေးဆောင်ရွက်ခဲ့တယ်။ ပုံစံအမျိုးမျိုးနဲ့ ကြိုးစားနေတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပခဲ့တယ်။ ယုံကြည်မှုတည်ဆောက်နေတယ်။ နားလည်မှုရအောင် လုပ်နေတယ်။ ဒီလုပ်ငန်းတွေကို အထောက်အကူဖြစ်ဖို့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့အကူအညီနဲ့ ငြိမ်းချမ်းရေးအတွက် စီးပွားရေး Business for Peace (B4P) စီမံချက်ကို အကောင်အထည်ဖော်လျက်ရှိတယ်။

NCA လက်မှတ်ထိုးပြီးတဲ့ အဖွဲ့တွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး စီးပွားရေးလုပ်နိုင်အောင် အားပေးလျက်ရှိတယ်။ အခုလို ဆောင်ရွက်ရာမှာ သူတို့မှာရှိတဲ့ လူမှုရေး၊ နိုင်ငံရေး အရင်းအနှီးတွေနဲ့ ဘဏ္ဍာရေးအရင်းအနှီးတွေရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အစီအစဉ်တွေ ဖော်ထုတ်နေတာ။ စီးပွားရေးလုပ်ငန်းရှင်တွေဟာ စီးပွားရေးလုပ်တတ်တယ်။ ဒါကြောင့်လည်း အောင်မြင်ခဲ့ကြတာ။ သူတို့ကို ပြစ်တင်ဝေဖန်ရုံနဲ့ အဖြေမရနိုင်ဘူး။ စီးပွားရေးလုပ်တဲ့နေရာမှာ တည်ဆဲနိုင်ငံရေးစနစ်နဲ့ အဆင်ပြေအောင် လုပ်ကြရသူတွေဖြစ်တယ်။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းရှင်တွေကို စည်းရုံးသိမ်းသွင်းနိုင်ဖို့က အရေးကြီးတယ်။ ကိုယ်လိုချင်တဲ့ပုံစံဖြစ်အောင် လုပ်ဖို့လိုတယ်။

**တာဝန်ကျေတဲ့ ရင်းနှီးမြှုပ်နှံမှု**

အခုခေတ်မှာတော့ တာဝန်ကျေပွန်တဲ့စီးပွားရေး၊ တာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးရမှာသာဖြစ်တယ်။ ပြီးခဲ့တဲ့အပတ်က တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် အစည်းအဝေးကို တက်ရောက်ခဲ့တယ်။ ဒီအဖွဲ့အစည်းက မကြာခင်က ဖွဲ့စည်းတဲ့အသင်း။ ကုန်သည်ကြီးများအသင်းရဲ့ အဖွဲ့ဝင် အသင်းတစ်ခု။ တိုင်းရင်းသားလုပ်ငန်းရှင်များနဲ့ စုစည်းခဲ့တာ။ အောင်မြင်နေကြသူတွေ။ အခုဆိုရင် လူမျိုးစုအလိုက် အဖွဲ့ဝင် အသင်းတွေ ဖွဲ့စည်းပြီးပြီ။ လုပ်ချင်ကိုင်ချင်တဲ့စိတ်အပြည့်၊ ပါဝင် ကူညီလိုတဲ့စိတ်အပြည့်။ တလောက ကျင်းပခဲ့တဲ့ သွေးချင်းတို့ရဲ့ ပွဲတော်ဆီပွဲကြီးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့တယ်။

နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း အခုအချိန်ပြန်လည် လုပ်နိုင်ခဲ့တယ်။ သာမန်ပွဲမဟုတ်ဘဲ အလွန်အဓိပ္ပာယ်ရှိတဲ့ပွဲ။ တိုင်းရင်းသားပေါင်းစုံရဲ့ ယဉ်ကျေးမှု၊ အဝတ်အစား၊ အစားအသောက်တွေကို ထင်ထင်ရှားရှားပြသနိုင်ခဲ့တယ်။ ကချင်တိုင်းရင်းသားတွေက ဦးစီးခဲ့ပြီး မနောပွဲကို ကျင်းပနိုင်ခဲ့တယ်။ တိုင်းရင်းသားမယ် ရွေးချယ်ပွဲကိုလည်း လုပ်နိုင်ခဲ့တယ်။ အခုလို ဆောင်ရွက်တဲ့နေရာ အားလုံးက အိတ်စိုက်လုပ်ခွင့်ရတဲ့ အချိန်ကစပြီး ကွင်းကြီးကို ရှင်းလင်းပြုပြင်ခဲ့တယ်။ ကုန်လိုက်တဲ့ငွေက မနည်းလှဘူး။ ဒါပေမယ့် စေတနာအပြည့်၊ အင်အားအပြည့်။ ကျွန်တော်က သူတို့ကိုကြည့်ပြီး အားနာနေမိတယ်။ ကိုယ်က ပြန်လုပ်ပေးနိုင်တာ ဘာမှမရှိဘူး။ နှုတ်၏စောင်မခြင်းသာ လုပ်ပေးနိုင်ခဲ့တာ။ ဒီကွင်းထဲမှာ ငြိမ်းချမ်းရေးကို ခေတ္တခဏ ဖန်တီးနိုင်ခဲ့တာ။ အသင်းအမှုဆောင်တွေကို ကျွန်တော်အာမခံတစ်ခု တောင်းခဲ့ပါတယ်။ သူတို့ဟာ အသင်းကြီးကိုမှီခိုပြီး ကိုယ်ပိုင်စီးပွားရေးမလုပ်ဖို့၊ တိုင်းရင်းသားတွေ စီးပွားရေးလုပ်နိုင်အောင်ပြုစုပေးဖို့၊ အားပေးဖို့၊ ထောက်ပံ့ဖို့။ အကယ်၍ သူတို့က စီးပွားရေးဝင်လုပ်ရင် "ငွင်" ရိုက်တဲ့အကျင့်စရိုက်ကိုရှောင်ဖို့၊ ဒါတွေကိုလည်း သူတို့က လက်ခံသဘောတူကြတယ်။

**စီးပွားရေးလုပ်ငန်းရှင်များ၏ အင်အား**

တိုင်းရင်းသားများ၏ အစားအသောက်၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေဟာ ကမ္ဘာ့ဈေးကွက်ထဲ ထိုးဖောက်လိုက်နိုင်တာ။ ဒီလိုဆောင်ရွက်နိုင်အောင်လည်း နိုင်ငံတော်အစိုးရကအားပေးပြီး တိုင်းရင်းသားလုပ်ငန်းရှင်များက ဖေးမကြမှာ။ နိုင်ငံမှာရှိတဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ တိုးတက်လာအောင်၊ ဖွံ့ဖြိုးလာအောင် လုပ်ဖို့လိုတယ်။ နိုင်ငံတော်ရဲ့ဆောင်ရွက်မှုတွေကို ပုဂ္ဂလိကကဏ္ဍကလည်း ပါဝင်ဖို့လိုအပ်မှာ။ အဓိကအကြောင်းက စီးပွားရေးလုပ်ငန်းရှင်များအပေါ် ဘယ်လိုမြင်သလဲ။ သံသယနဲ့ကြည့်နေရင် တွေ့မှာမဟုတ်ဘူး။ အတွေးအမြင်တွေ ပြင်ဖို့လိုတယ်။ စီးပွားရေးလုပ်ငန်းရှင်များရဲ့အခန်းကဏ္ဍကို အသိအမှတ်ပြုရမယ်။ မြေတောင်မြှောက်ပေးဖို့လိုမယ်။ အားပေးရမယ်။ စီးပွားရေးလုပ်ငန်းရှင်တိုင်း တောင့်တတာက စီးပွားရေးလွယ်လွယ်လုပ်နိုင်တဲ့ ပတ်ဝန်းကျင်တစ်ရပ်။ ဒီပတ်ဝန်းကျင်ကို နိုင်ငံတော်အစိုးရက ဖန်တီးပေးဖို့လိုတယ်။ စီးပွားရေးလုပ်တဲ့သူတွေအတွက် အနှောင့်အယှက်ဖြစ်နေတာတွေကို ဖြေလျှော့ပေးရမယ်။ မြန်အောင်၊ လွယ်အောင် လုပ်ပေးဖို့လိုတယ်။ ခွင့်ပြုချက်တွေ၊ ဥပဒေတွေနဲ့ ချုပ်ကိုင်ထားမယ့်အစား စီးပွားရေးတွေ လွယ်လွယ်ကူကူ၊ မြန်မြန်ဆန်ဆန်လုပ်နိုင်အောင် ကြိုးစားရမယ်။ တရားဥပဒေဘောင်အတွင်းက လုပ်ပေးနိုင်သမျှတွေကို ဆောင်ရွက်ရမယ့် အဂတိလိုက်စားမှုကို နှိမ်နင်းရမယ်။

စီးပွားရေးတိုးတက်ဖို့၊ အောင်မြင်ဖို့သော့ချက်က လုပ်ငန်းရှင်တွေဖြစ်တယ်။ သူတို့ကြောင့် အလုပ်အကိုင်အခွင့်အရေးတွေ ဖော်ထုတ်နိုင်တယ်။ တီထွင်မှုတွေ ဖန်တီးပေးနိုင်တယ်။ စွန့်ထွင်ဦးစီးတဲ့သူတွေကို အားပေးဖို့လိုတယ်။ အခြေခံတစ်ခုက ယုံကြည်မှုဖြစ်တယ်။ ယုံကြည်မှုတည်ဆောက်ဖို့ လိုအပ်တယ်။ နားလည်မှုတွေရအောင် ကြိုးစားရမယ်။ အခြေခံအဆောက်အအုံတွေကို ဖော်ထုတ်ပြီး တစ်ဖက်တစ်လမ်းက ကူညီသလို မလိုအပ်တဲ့လုပ်ထုံးလုပ်နည်းတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေကိုလည်း ပြန်လည်သုံးသပ်ဖို့လိုတယ်။ စဉ်ဆက်မပြတ်ရည်မှန်းချက်တွေ အောင်မြင်ဖို့ ၁၀ နှစ်ကျော် ကျန်တော့တယ်။ အခုအချိန်ကစပြီး ကောင်းတဲ့အခြေခံအုတ်မြစ်တွေစပြီး ချပေးနိုင်ရမယ်။ စီးပွားရေးလုပ်ငန်းရှင်တွေကို လက်တွဲခေါ်ဖို့ လိုအပ်တယ်။ ခေတ်အဆက်ဆက်က ရည်မှန်းချက်တွေချမှတ်ပြီး အကောင်အထည်ဖော်ဖို့ကြိုးစားတဲ့နေရာမှာ အစိုးရကသာ လုပ်မယ်လို့စဉ်းစားခဲ့တယ်။ အခုအချိန်မှာတော့ စီးပွားရေးလုပ်ငန်းရှင်တွေကို လက်တွဲခေါ်ဖို့ လိုအပ်တယ်။ သူတို့ရဲ့အားကို ယူနိုင်ရမယ်။ သူတို့ဘက်ကလည်း လိုလိုချင်ချင်ရှိလှတာမို့ ဆောင်ရွက်ဖို့ မခဲယဉ်းလှပါဘူး။ အစိုးရနဲ့ပုဂ္ဂလိက ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးလှပါတယ်။ ။

**"မိမိဆောင်ရွက်နေတဲ့ လုပ်ငန်းများကို စဉ်ဆက်မပြတ် ရည်မှန်းချက် (၁၇)ချက်နဲ့ ချိတ်ဆက်ပြီး လုပ်ဆောင်ရမှာဖြစ်တယ်။ လုပ်ငန်းတစ်ခုအနေနဲ့ ရည်မှန်းချက်အားလုံးကို တာဝန်ယူနိုင်မှာ မဟုတ်ဘူး။ ကိုယ့်လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ရည်မှန်းချက်တွေကိုသာ ရွေးချယ်ပြီး ဆောင်ရွက်သွားဖို့ ဖြစ်တယ်"**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၃-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈) ပါ ရုပ်ရှင်အညွှန်း "ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည့် လုပ်၍ ... လွင့်သော" သတင်း၏ ကော်လံ ၃ အပိုဒ် ၂ တွင် ဝတ္ထု **ခင်စံပယ်ဖြူ** (အစား) **စံပယ်ဖြူနု**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်းအဖွဲ့**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## ဖျာပုံမြို့နယ်မှ တိမ်ကောနေသော ကျိုက္ကဘာ-အလန်းဖလွတ်မြောင်းကို တူးဖော်ပေးလျက်ရှိ

**ဖျာပုံ မတ် ၁၇**

စပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဖျာပုံမြို့နယ်အတွင်း ယခုနှစ်စိုက်ပျိုးသည့် နွေစပါးများအတွက် အောင်ရေလုံလောက်စွာရရှိရေးနှင့် လာမည့်မိုးတွင်းကာလတွင် မိုးစပါးများ ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာစေရေးအတွက် သမ္ဘာန်အေး-ကျိုက္ကဘာတာ ဧရိယာအတွင်းရှိ ချောင်းကောမြောင်းကောများကို ဒေသလိုအပ်ချက်ပေါ်မူတည်၍ ဦးစားပေးအလိုက် ဖျာပုံမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တူးဖော်ပေးလျက်ရှိသည်။ လက်ရှိတွင် ထိပ်ဝအကျယ် ပေ ၃၀၊ အောက်ခြေအကျယ် ၂၂ ပေ၊ ပျမ်းမျှအနက် ငါးပေနှင့် အလျား ခြောက်မိုင်ကျော်ရှိ ကျိုက္ကဘာ-အလန်းဖလွတ်မြောင်းကို နွေစပါးစိုက်ပျိုးရာသီအမီ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျိုက္ကဘာ-အလန်းဖလွတ်မြောင်းသည် အလျားနှစ်မိုင်၊ ကာကွယ်ဧက ၁၅၀၀ ကေရှိသော သမ္ဘာန်အေး-ကျိုက္ကဘာတာနှင့် ဆက်စပ်ဧရိယာများကို အကျိုးပြုလျက်ရှိပြီး ဧက ၁၃၀၀၀ ခန့် စိုက်ပျိုးအောင်မြင်နေသည့် အလန်းဖလွတ်၊ ကျိုက္ကဘာ၊ သမိန်ထောကုန်းတန်း၊ သမိန်ထောသိမ်ကုန်းနှင့် သုံးထပ်စသည့် ကျေးရွာအုပ်စုများ၏ နွေစပါးစိုက်ပျိုးမှုများအတွက်ပါ အထောက်အကူပြုလျက်ရှိသဖြင့် ယခု



ကျိုက္ကဘာ-အလန်းဖလွတ်မြောင်း တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထဲတွင် မြောင်းအလျားပေ ၃၁၆၈၀ ကို တူးဖော်ရန် လျာထား၍ တင်ဒါအောင်မြင်သည့် သစ္စာပြည့်စုံကုမ္ပဏီက တာဝန်ယူတူးဖော်လျက်ရှိရာ မတ် ၁၂ ရက်တွင် ပေ ၃၀၀၀၀ ခန့်အထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **သပြေထွန်း**

# ပြုပြင်ပြောင်းလဲခြင်းနှင့် တံခါးဖွင့်ဝါဒကျင့်သုံးခြင်း နှစ် ၄၀ ပြည့်အလွန် ယနေ့တရုတ်ပြည်

## ခရီးသွားဆောင်းပါး - ဇင်ဦး(မြန်မာ့အလင်း)



မြန်မာသတင်းမီဒီယာအဖွဲ့များ ထျန်းကျင်းမြို့ရှိ Sublue ကုမ္ပဏီမှ ထုတ်လုပ်သော ရေအောက်သုတေသနယာဉ်များကို လေ့လာကြစဉ်။

*(ယမန်နေ့မှအဆက်)*

**အစည်းအဝေးနှစ်ရပ် သတင်းယူရန်အတွက် စာရေးသူတို့ မြန်မာသတင်းမီဒီယာအဖွဲ့ ပေကျင်းမြို့ရှိ Xiangda International Hotel တွင် သုံးညမျှ အခြေပြုတည်းခိုခဲ့ကြပြီး မတ် ၄ ရက်တွင် မြို့တော်ပေကျင်းနှင့် ၁၃၅ ကီလိုမီတာအကွာအဝေးတွင်တည်ရှိပြီး တရုတ်နိုင်ငံမြောက်ပိုင်း အဓိက ပင်လယ်ထွက်ပေါက်ရှိရာ ထျန်းကျင်း(Tianjin) မြို့သို့ သွားရောက်လေ့လာခဲ့ရသည်။**

**စနစ်တကျစိုက်ပျိုးထား**

ထျန်းကျင်းမြို့ အသွားလမ်းတစ်လျှောက်တွင် သစ်ပင်များ စနစ်တကျစိုက်ပျိုးထားသည်ကို တွေ့ရသည်။ စာရေးသူတို့အဖွဲ့ ပေကျင်းမှ နံနက် ၈ နာရီခွဲတွင် ကားဖြင့်ထွက်ခွာလာခဲ့ကြပြီးနောက် ဒေသစံတော်ချိန် ၁၁ နာရီခွဲခန့်တွင် ထျန်းကျင်းမြို့သို့ ရောက်ရှိခဲ့သည်။ ထျန်းကျင်းမြို့ကို ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် မိုးပျံတံတားနှင့် အဆောက်အအုံအနည်းငယ်ကို ကျော်ဖြတ်ပြီးနောက် လမ်းဘေးဝဲယာတစ်လျှောက် ကုန်သေတ္တာများ အထပ်ထပ်၊ ပြည်ပတင်ပို့မည့် ကားများရပ်နားထားသည်ကို မျက်စိတစ်ဆုံး မြင်တွေ့ကြရသဖြင့် အားကျခဲ့ရသေးသည်။

**အဓိက ဝင်ထွက်ရာဆိပ်ကမ်းတစ်ခု**

ပထမဦးဆုံး ထျန်းကျင်းမြို့၏ စတုရန်းကီလိုမီတာ ၃၀၀ ကျော် ကျယ်ဝန်းသည့် ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်ကာ ကုန်တင်ကုန်ချပြုလုပ်သည့် ဆိပ်ကမ်းသို့ သွားရောက်လေ့လာခဲ့ရသည်။ အဆိုပါ ဆိပ်ကမ်းသည် ပင်လယ်ဝါဘက်သို့ ထွက်သော ဆိပ်ကမ်းတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံမြောက်ပိုင်း၏ ပို့ကုန်/သွင်းကုန်များ အဓိက ဝင်ထွက်ရာ ဆိပ်ကမ်းတစ်ခုလည်းဖြစ်ပြီး တင်သွင်း/တင်ပို့သော ပစ္စည်းများအတွက် အကောက်ခွန်ဝန်ဆောင်မှုအားလုံးကို ယင်းတစ်နေရာတည်း အပြီးသတ်ရရှိနိုင်ကြောင်းလည်း သိရသည်။ အဆိုပါ ဆိပ်ကမ်းမှ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကျော်ရှိ ဆိပ်ကမ်းပေါင်း ၆၀၀ ကျော်နှင့် ကူးသန်းရောင်းဝယ်လျက်ရှိပြီး တစ်နှစ်လျှင် တန်ချိန်ပေါင်း သန်း ၅၀၀ ကျော်ကို ကူးသန်းရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် မြန်မာသတင်းမီဒီယာအဖွဲ့များသည် တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ အကျိုးတူပူးပေါင်းတည်ဆောက်နေသည့် ထျန်းကျင်း စီးပွားရေးမြို့တော် တည်ဆောက်နေမှုကို သွားရောက်လေ့လာခဲ့သည်။

**စံပြစီးပွားရေးမြို့တော်**

ထျန်းကျင်းစီးပွားရေးမြို့တော်ကို ဘင်းဟိုင်ဒေသ မြောက်ဘက်ပိုင်း ထျန်းကျင်းမြို့ရှိ စုစုပေါင်းမြေဧရိယာ စတုရန်းကီလိုမီတာ ၁၅၀ ကျော် လျာထားပြီး ယခုလက်ရှိတွင် မြေဧရိယာအကျယ်အဝန်း ၃၀ စတုရန်းကီလိုမီတာပေါ်တွင် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီးပွားရေးမြို့တော်သည် စတင်တည်ဆောက်ချိန်တွင် ဆားပေါက်ပြီး ပျက်စီးနေသည့်မြေများကို ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအချိန်တွင် အခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်အသုံးပြုမှုများ၊ ရေအရင်းအမြစ်အသုံးချမှုများ၊ အမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲမှုစနစ်များတွင် သဘာဝပတ်ဝန်းကျင်နှင့် လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွက် ရာနှုန်းပြည့် လိုက်လျောညီထွေမှု အရှိဆုံးဖြစ်အောင် Smart City အဖြစ် တည်ဆောက်နိုင်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုအတွင်း တရုတ်နိုင်ငံ၏ စံပြစီးပွားရေးမြို့တော်တစ်ခု ဖြစ်လာပြီဖြစ်သည်။ အဆိုပါ စီးပွားရေးမြို့တော်အတွင်း ရုပ်ရှင်ဥယျာဉ်၊ Animation ဥယျာဉ်၊ Auto Mobile ဥယျာဉ်၊ စက်မှုဥယျာဉ်နှင့် ကာတွန်းဥယျာဉ် စသည့် ဥယျာဉ်ကြီးငါးခု ထည့်သွင်းတည်ဆောက်လျက်ရှိသည်။

စွမ်းအင်အသုံးပြုမှုအနေဖြင့် လမ်းမီးများကို နေရောင်ခြည်စွမ်းအင်၊ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်များဖြင့် အသုံးပြုနိုင်ရေး ဆောင်ရွက်ထားပြီး အမြန်ရထားလိုင်းအနေဖြင့် အထူးအမြန်ရထားနှစ်လိုင်းနှင့် ရိုးရိုးအမြန်ရထား ၁၀ စင်း ပြေးဆွဲလျက်ရှိကာ မြို့တော် ပေကျင်းအထိ ၁ နာရီအတွင်း ရောက်ရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကာ မြို့တော်အတွင်း ရင်းနှီးမြှုပ်နှံရေးအတွက် မှတ်ပုံတင်ထားသူ ၇၇၀၀ ကျော်ရှိကြောင်း လေ့လာသိရှိရသည်။

**စက်ရုံနှစ်ရုံ တည်ဆောက်ပြီးစီး**

ထို့ပြင် မြို့တော်အတွင်း အမှိုက်စွန့်ပစ်မှု ထိန်းသိမ်းရေးစက်ရုံ ရှစ်ရုံအထိ တည်ဆောက်မည်ဖြစ်ကာ ယခုလက်ရှိ စက်ရုံနှစ်ရုံ တည်ဆောက်ပြီးစီးပြီဖြစ်သည်။ မြို့သူမြို့သားများအနေဖြင့် အမှိုက်ပစ်ရာတွင် အမှိုက်ပုံးကို မရသောအမှိုက်၊ ပြန်လည်အသုံးပြု၍ရသောအမှိုက်နှင့် အသီးအရွက်အမှိုက်များအဖြစ် သုံးမျိုးခွဲခြားထားသည်။ အဆိုပါအမှိုက်များကို အမှိုက်စက်ရုံအတွင်း ပြန်လည်ခွဲထုတ်သန့်စင်ကာ အသီးအရွက်နှင့် အစားအသောက် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာအဖြစ် ပြန်လည်ထုတ်ယူပြီး ပလတ်စတစ်နှင့် အခြားပြန်လည်အသုံးပြု၍ရသော အမှိုက်များကို သီးခြားခွဲခြားသန့်စင်ကာ အသုံးပြုမရသော အမှိုက်များကိုသာ စွန့်ပစ်သည့်စက်ရုံအဖြစ် တည်ဆောက်ထားမှုများကိုလည်း လေ့လာခွင့်ရခဲ့သည်။ အမှိုက်များကို စနစ်တကျစွန့်ပစ်သူများကိုလည်း Smart Trash စနစ်ဖြင့် အမှတ်များ ပေးထားကာ စတိုးဆိုင်များတွင် ပစ္စည်းဝယ်ယူရာတွင် အဆိုပါ အမှတ်များဖြင့် လျှော့ဈေးများ ရရှိနိုင်ပြီး အမှတ် ၂၀၀ ကျော်ပါက လစဉ် အမှိုက်အိတ် ၅၀ ကိုလည်း လက်ဆောင်ပေးအပ်ကြောင်း သိရသည်။

**သွားရောက်လေ့လာ**

ယင်းနောက် Sino Singapore Tianjin Eco-city အတွင်းရှိ Sublue နည်းပညာကုမ္ပဏီမှ ထုတ်လုပ်ထားသည့် လုပ်ငန်းသုံး ရေအောက်သုတေသနပြုလုပ်သည့် ယာဉ်များ၊ အပျော်တန်း လူသုံးကုန်ပစ္စည်းများကို သွားရောက်လေ့လာခဲ့ရသည်။ အဆိုပါကုန်ပစ္စည်းများအနက် ရေအောက်သုတေသနလုပ်ငန်းသုံး ဒရုန်းယာဉ်၊ HETUN၊ HAITUN နှင့် JANGTUN ဟု ခေါ်သည့် တမံတာပေါင်ကြံ့ခိုင်မှု၊ ရေအောက်ကြမ်းပြင်လေ့လာမှု၊ ငါးများသုတေသနပြုလုပ်ခြင်းနှင့် အခြား ရေအောက်သုတေသနများတွင် ကင်မရာဖြင့် တိုက်ရိုက်ကြည့်ရှုခြင်းနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ခြင်းများအတွက် အသုံးဝင်မှုများကို လေ့လာခဲ့ကြရသည်။



မြန်မာသတင်းမီဒီယာအဖွဲ့များ ထျန်းကျင်းမြို့ရှိ ဘင်းဟိုင်စာကြည့်တိုက်အတွင်း လေ့လာကြစဉ်။ ဓာတ်ပုံ-သီဟစည်သူ

**ဘင်းဟိုင်ရဲ့မျက်လုံး**

ထို့နောက်တွင် တရုတ်နိုင်ငံ ဘင်းဟိုင်ဒေသ ထျန်းကျင်းမြို့အနီးတည်ရှိသည့် ဘင်းဟိုင်ရဲ့မျက်လုံးလို့ တင်စားခေါ်ဝေါ်သည့် ဘင်းဟိုင်စာကြည့်တိုက်ကို သွားရောက်လေ့လာဖြစ်ခဲ့သည်။

အဆိုပါ စာကြည့်တိုက်မှာ တရုတ်နိုင်ငံ ဘင်းဟိုင်ဒေသရှိ ဘင်းဟိုင်ယဉ်ကျေးမှုစင်တာ၌ တည်ရှိသည်။ အဆိုပါ ဘင်းဟိုင်ယဉ်ကျေးမှုစင်တာကို ထီးပုံသဏ္ဌာန် တိုင်ပေါင်း ၂၆ တိုင်ကို အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ ယဉ်ကျေးမှုစင်တာကို ရှေးဟောင်းယဉ်ကျေးမှုပြတိုက်၊ ဘင်းဟိုင်စာကြည့်တိုက်၊ ပလာဇာ၊ အနုပညာပြတိုက်၊ သိပ္ပံနှင့် နည်းပညာပြတိုက် စသည့် အပိုင်းငါးပိုင်းဖြင့် တည်ဆောက်ထားသည်။ စာကြည့်တိုက် အဆောက်အအုံဒီဇိုင်းကို ဒတ်ချ်ဗိသုကာအဖွဲ့ဖြစ်သည့် MVRDV နှင့် Tianjin မြို့တော်စည်ပင်သာယာရေး၊ ဒီဇိုင်းပညာရေးဌာန (TUPDI) တို့ ပူးပေါင်း၍ ဘင်းဟိုင်ဒေသ တိုးတက်ရေးအတွက် စီမံကိန်းချကာ တည်ဆောက်ထားသည့် ထူးခြားစာကြည့်တိုက်တစ်ခုဖြစ်ကြောင်း သိရသည်။

**နေ့စဉ် လူ ၁၀၀၀၀ ခန့် ဝင်ရောက်လေ့လာ**

ဘင်းဟိုင် စာကြည့်တိုက်၏ တည်ဆောက်ပုံမှာ မျက်လုံးပုံသဏ္ဌာန် ဒီဇိုင်းဆွဲထားပြီ စာအုပ်စင်များကို အဆင့်ပေါင်း ၃၁ ဆင့်အထိ တည်ဆောက်ထားသည်။ အဆိုပါ စာအုပ်စင်များအနက် ၁၂ ဆင့်အထိသာ လူတက်၍ရပြီး ကျန်အထပ်များရှိ စာအုပ်များကို ငှားရမ်းဖတ်ရှုလိုပါက Smart Card ဖြင့် စာအုပ်ငှားရမ်းသည့်စက်တွင် အမည်၊ ငှားရမ်းလိုသော စာအုပ်အမည်၊ စာအုပ်အရေအတွက်ကို မှတ်ပုံတင်ပြီး ငှားရမ်းဖတ်ရှုရမည်ဖြစ်သည်။ အဆိုပါ ဘင်းဟိုင်စာကြည့်တိုက်သို့ နေ့စဉ် လူ ၁၀၀၀၀ ခန့် ဝင်ရောက်လေ့လာလျက်ရှိပြီး ယနေ့အချိန်အထိ လူဦးရေ သိန်း ၃၀ ကျော် လာရောက်လေ့လာခဲ့ပြီးဖြစ်ကြောင်း ဘင်းဟိုင်စာကြည့်တိုက်မှူးထံမှ သိရသည်။

ဘင်းဟိုင်စာကြည့်တိုက်သည် အကျယ်အဝန်းအားဖြင့် စတုရန်းမီတာ ၃၃၇၀၀ ရှိသည့်အတွက် စာကြည့်တိုက်အတွက်ဆိုလျှင် အလွန်ကျယ်ဝန်းသည့် နေရာတစ်ခုဖြစ်သည်။ ဒေသနာမည်အတိုင်း ဘင်းဟိုင်စာကြည့်တိုက်ဟုသာ အလွယ်တကူမှတ်ယူကြပြီး ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ စာကြည့်တိုက်ကို ကြမ်းပြင်မှစ၍ စာအုပ်စင်များ၏ အချိုးအကွေ့တိုင်းကို သေသေချာချာ ဒီဇိုင်းဆွဲကာ ဆောက်လုပ်ထားသည်ကို လေ့လာတွေ့ရှိရသည်။ နံရံများတွင်သာ စာအုပ်စင်ရှိသည်မဟုတ်ဘဲ ခေါင်မိုးပေါ်အထိပါ စာအုပ်စင်များ တည်ဆောက်ထားခြင်းကြောင့် စာအုပ်စာပေ ၁ ဒသမ ၂ သန်းကျော်ကို Tianjin Binhai စာကြည့်တိုက်အတွင်း တစ်စုတစ်စည်းတည်း လေ့လာဖတ်ရှုနိုင်သည်။

**အနာဂတ်ရင်သွေးငယ်များကို ဦးစားပေး**

အဆိုပါ စာကြည့်တိုက်အတွင်း တရုတ်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်အများဆုံးရှိကြပြီး တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင် ရေးသားထားသည့် စာအုပ်များကိုလည်း လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။ အဆောက်အအုံ၏ ပထမထပ်တွင် စာအုပ်စင်၊ စာဖတ်ခန်းများနှင့် ဒုတိယအထပ်နှင့် အထက်တွင် ကွန်ပျူတာခန်း၊ အစည်းအဝေးခန်းများ၊ ရုံးခန်းများဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါ အထပ်ငါးထပ်အတွင်း စာအုပ်စာပေများကို စီစဉ်ထားသည်မှာ လူကြီးစာဖတ်ခန်း၊ အင်္ဂလိပ်စာပေ သီးသန့်စာဖတ်ခန်းများအပြင် ကလေးသူငယ်နှင့် အကူအညီပေးရန်လိုအပ်သည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအတွက် ဦးစားပေးပုံစံထားရှိပြီး ကလေးနို့တိုက်ရန် အခန်း၊ ကလေးစာဖတ်ခန်း၊ ကလေးအိမ်သာသီးသန့်အဖြစ် တိုင်းပြည်၏ အခြေခံအုတ်မြစ်ဖြစ်သော အနာဂတ်ရင်သွေးငယ်များကို ဦးစားပေးအနေဖြင့် စီစဉ်ထားရှိသည်ကို လေးစားအတုယူဖွယ် လေ့လာခဲ့ရသည်။

ထို့နောက် ထမင်းစားသောက်ကြပြီး ထျန်းကျင်းမြို့မှ ဒေသစံတော်ချိန် ည ၇ နာရီခန့်တွင် ထွက်ခွာလာခဲ့ကြရာ ည ၁၁ နာရီကျော်တွင် တည်းခိုသည့်ဟိုတယ်သို့ ရောက်ရှိအနားယူခဲ့ကြပါတော့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# Mobile က သင်ယူလေ့လာနိုင်တဲ့ သင်ကြား၊ သင်ယူလုပ်ငန်းတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အစီအစဉ်တွေရှိပါတယ်

ဒေါက်တာအေးအေးမြင့်
(ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်)

## ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကျင်းပ အပိုင်း (၃)

**ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင် ဒေါက်တာဝင်းအောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီ၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်း၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။**

**“အဆင့်မြင့်ပညာကဏ္ဍမှာ၊ တက္ကသိုလ်ကောလိပ်တိုင်းမှာ ဆရာတွေဆရာမတွေရဲ့ စွမ်းရည်တိုးတက်ဖို့ Quality Assurance ဆိုတာဘာလဲ၊ Internal Quality Assurance ဆိုတာဘာလဲ၊ External Quality Assurance ဆိုတာ ဘာလဲဆိုတာတွေ နားလည် အကောင်အထည်ဖော်နိုင်ဖို့ အဆင့်မြင့်ပညာကဏ္ဍက ဆရာဆရာမတွေရဲ့ Capacity Building တွေတိုးအောင် သင်တန်းပို့ချမှုကို လုပ်ပေးနေပါတယ်”**

**အစီအစဉ်မှူး။ ။ ရန်ကုန်ပညာရေးတက္ကသိုလ်အနေနဲ့ ဆရာဆရာမတွေရဲ့ Capacity Building မြှင့်တင်ပေးမယ့် ရှေ့လုပ်ငန်းအစီအစဉ်တွေကို ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာအေးအေးမြင့်။** ။ ဆရာမကြီးတို့ကျောင်းက လုပ်ငန်းခွင်အကြို B.Ed ငါးနှစ်သင်တန်းမှာ ဆရာမတို့ရဲ့ ဆရာအတတ်ပညာသည်လည်း အခြားသောဆေးပညာ၊ အင်ဂျင်နီယာပညာရပ်တွေလို လက်တွေ့ Practicum ဆိုတာ မလုပ်ဘဲနဲ့ မရပါဘူး။ မိမိစာသင်ခန်းတွင်းမှာ သင်တဲ့ Peer Teaching၊ စာသင်ခန်းတွင်းမှာ လေ့ကျင့်သင်ကြားတဲ့ Micro Teachingနဲ့ ကျောင်းပိတ်ရက်တွေမှာ မိမိဒေသက ကျောင်းတွေကို ပြန်ပြီး Third year ၊ Fourth year အပြီးမှာတော့ Practice Teaching တွေ လုပ်ရတဲ့အပြင် Final year မှာ အခြေခံပညာဦးစီးဌာနမှာရှိတဲ့ Partner Schools တွေနဲ့ ချိတ်ဆက်ပြီးတော့ Bloc Teaching ဆိုတာ လုပ်နေပါတယ်။ သို့သော် Competence based Curriculumနဲ့ Assessment System ပြောင်းတော့မယ်ဆိုရင် ရှေ့လျှောက်လုပ်မယ့် အစီအစဉ်ကတော့ အခုဆောင်ရွက်နေတဲ့ Practicum Period က နည်းနေပါတယ်။ နိုင်ငံတကာရဲ့သင်ရိုးနဲ့ ချိန်ထိုးကြည့်မယ်ဆိုရင် Practicum Period ကို ပိုမိုတိုးမြှင့်ပြီးတော့ စောစောက ဆရာ့စွမ်းဆောင်ရည် ပိုမိုပြီး တိုးတက်အောင် Professional Skill တွေကို ပိုမိုရရှိအောင် ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်က တစ်ချက်ဖြစ်ပါတယ်။

အင်္ဂလိပ်စာသင်ကြားရေးကို တိုးတက်စေအောင်ဆိုပြီး Human Resource Development သင်တန်း အစီအစဉ်တွေမှာ Dip.ELT (Diploma in English Language Teaching ) နဲ့ MA (TEFL) ဆိုပြီးတော့ MA မဟာဝိဇ္ဇာဘွဲ့ပေးနေတဲ့ မဟာဘွဲ့သင်တန်းတွေက ထွက်တဲ့ Human Resources တွေဟာ ပြင်ပ Private Centre တွေမှာလည်း ဝင်ရောက်လုပ်ကိုင်နိုင်တယ်။ MOFA လိုဌာနမျိုးတွေမှာလည်း အလုပ်ရကြပါတယ်။ အထူးသဖြင့် English Teachingနဲ့ ပတ်သက်လို့ Private ကျောင်းတွေသွားရင်လည်း ဒီအင်္ဂလိပ်စာသင်ကြားရေးစွမ်းရည်တွေတိုးအောင်ဆိုပြီး အဲဒီ HRD သင်တန်းတွေကိုလည်း ဆက်လက်ပြီးတော့ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ Post Graduate Diploma in Multimedia (Education) ဆိုတဲ့ (PGDMA)ဘွဲ့သင်တန်းကို အခြေခံကျောင်းများရဲ့ Multimedia teaching၊ Instructional Technology ပေးဖို့အတွက် ရည်ရွယ်ပြီးတော့ Winner Company နဲ့ ပူးပေါင်းပြီး Private Public Partnership အစီအစဉ်အရ ဆောင်ရွက်ခဲ့တာ ၁၉ နှစ်ကြာခဲ့ပါပြီ။

အဲဒီ PGDMA (Edu) သင်တန်းက ထွက်တဲ့ သူတွေဟာ အခြေခံပညာကျောင်းတွေမှာ ဆောင်ရွက်နေတဲ့အတွက် သူတို့ရဲ့ စွမ်းဆောင်ရည်တွေကိုလည်း ပိုမိုတိုးမြှင့်အောင် Media technology ဆိုင်ရာသင်တန်းတွေကိုလည်း ဆက်လက်ဖွင့်လှစ်ဖို့ရှိပါတယ်။ လက်ရှိ ဆရာမကြီးတို့ တက္ကသိုလ်က UNESCO ရဲ့ RDTC လို့ခေါ်တဲ့ Resource Development Training Centre ရဲ့ Member University ဖြစ်ပါတယ်။ နှစ်နှစ်ရှိပါပြီ ဝင်ထားတာ။ အဲဒီဟာက Resource Centre ဆိုတဲ့အတွက်ကြောင့် Teaching Media Resources တွေကို ဖြန့်ချိပါတယ်။ မျှဝေဖြန့်ချိတာကို ဆရာမကြီးတို့ကျောင်းအနေနဲ့ ပညာရေးကောလိပ်တွေ၊ အခြေခံပညာကျောင်းက ဆရာမတွေကို ဆက်လက်ပြီးတော့ Sharing Workshop တွေလုပ်သလို တစ်ဖက်က ကိုယ့်ရဲ့ PGDMA သင်တန်းက Project မှာလုပ်တဲ့ သူတို့ရဲ့ Media Product တွေက Powerpoint ဖြစ်စေ၊ အခြားသော Annimation ထည့်ထားတဲ့ သင်ကြားရေးဆိုင်ရာ အခြေခံပညာနဲ့ဆိုင်တဲ့ ကောင်းတဲ့ Teaching Media တွေကို ရွေးပြီးရင် အဲဒီ Resource တွေကိုလည်း RDTC Networkကို ပြန်ပို့ရတယ်။ RDTC Network က ရလာတာတွေအားလုံး၊ အထူးသဖြင့် Mathematics၊ Science နဲ့ English ဘာသာရပ်ဆိုင်ရာ Teaching Media တွေကို လေ့ကျင့်ရေးအထက်တန်းကျောင်းက ဆရာဆရာမတွေနဲ့ ကျောင်းတွင်းမှာ RDTC Core Team ဖွဲ့ပြီးတော့ Sharing ပြန်လုပ်သလို အခြေခံကျောင်းက ဆရာဆရာမတွေ၊ ပညာရေးဘွဲ့ စာပေးစာယူသင်တန်းလာတက်တဲ့ အချိန်မှာလည်း Workshop ပြုလုပ်ပြီး RDTC က ရရှိတဲ့ Teaching Media တွေနဲ့ သင်တဲ့နည်းကိုပေးလိုက်ပါတယ်။ သူတို့ကျောင်းတွေမှာ စမ်းသပ်သင်ကြားပြီးတဲ့ တွေ့ရှိချက်တွေကို Feedback ပြန်ယူပါတယ်။

ရှင်းရှင်းပြောရင် Action Research ပါပဲ။ အဲဒီ Feedback ရရှိချက်တွေကို Research Project အနေနဲ့တင်ပြဖို့ တစ်နှစ်တစ်ခါ RDTC က ဖိတ်တဲ့ Seminar ကို ဆရာမကြီးတို့ ကျောင်းက သွားရောက်ပြီးတော့ Poster Presentation လုပ်နေပါတယ်။ နှစ်နှစ်ရှိပါပြီ။ ဒါသည်ဘာကို ပြောတာလဲဆိုရင် Instructional Technology မှာ Media Technology အရေးကြီးနေပြီ။ ဒီ Media Technologyကို ဆရာကြီးတို့ ဆရာဆရာမတွေရဲ့ စွမ်းဆောင်ရည်မှာ ထည့်ရတော့မယ်။ ဒီလိုထည့်နိုင်ဖို့အတွက် RDTC Network ဝင်ထားတဲ့ ကိုယ့်ကျောင်းကနေ Sharing ကို Host လုပ်ပြီးတော့ ဒီအစီအစဉ်တွေ ဆောင်ရွက်ပါတယ်။ အထူးအားဖြင့် PGDMA သင်တန်းအတွက် Winner ကို share လုပ်ပြီးတော့ သူတို့က ပိုပြီးတော့ up to date skills တွေနဲ့ Post Graduate Diploma သင်တန်းကနေ Media Teaching နဲ့ သင်ကြားသင်ယူမှု ပိုကောင်းအောင် ဆရာတွေရဲ့စွမ်းရည်ကို မြှင့်တင်ပေးနေပါတယ်။ ဒါကြောင့် Media Technology သုံးပြီးတော့ သင်နိုင်ဖို့ ဒီ RDTC Network ရဲ့လုပ်ငန်းအစီအစဉ်တွေအနေနဲ့လည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်သွား ဖို့ရှိပါတယ်။

နဂိုကတည်းက ICT ကို သင်ဖို့ပညာရေးကောလိပ်သင်ရိုးတွေမှာ၊ ပညာရေးတက္ကသိုလ်သင်ရိုးမှာ ရှိပြီးသားပေမယ့် ICT နဲ့ သင်ယူနိုင်တဲ့ Capacity ကိုရဖို့ သင်ကြားရေးဆိုင်ရာ ဗီဒီယိုတွေမှာယူတယ်။ နိုင်ငံတော်ကပေးတဲ့ ဘတ်ဂျက်နဲ့ CD တွေမှာပြီးတော့ အသုံးပြုသင်ကြားတယ်။ အသုံးပြုသင်ကြားနေတဲ့ ဆရာမလည်းရှိတယ်။ မသင်ကြားနိုင်သေးဘဲ လိုနေသေးတဲ့ ဆရာမတွေလည်းရှိတယ်။ ဘယ်မှာ သင်ကြားလဲဆိုရင် Computer Training Centre သုံးခန်း ဆရာမကြီးတို့ ကျောင်းမှာ ရှိပါတယ်။ နောက် Computer Based Language Lab နှစ်ခန်းကို အသုံးပြုသင်ကြားပြီးတော့ စောစောက e-learning နဲ့ သင်ယူတတ်တဲ့ ICT ဆိုင်ရာ စွမ်းရည်ရရှိအောင်လည်း လေ့ကျင့်ပြီး ဒါကိုလည်း တိုးမြှင့်ဆောင်ရွက်ရမှာဖြစ်တယ်။ ဘယ်လိုတိုးမြှင့်ဆောင်ရွက်မလဲဆိုရင် တစ်ဖက်က Library ဖြစ်ပါတယ်။ Library မှာ ကလေးတွေက စာဖတ်ပါတယ်။ ဆရာလောင်းတွေက ဖတ်တော့ e-catalogues နဲ့ရှာမယ်။ e နဲ့သွားမယ်။ Online နဲ့သာသွားကြမယ်။ electronic information ရမယ်ဆိုရင် e-resources ကို အလွယ်တကူရှာဖွေရင် နိုင်ငံတွင်းမဟုတ်ဘဲနဲ့ တစ်ကမ္ဘာလုံးက အကြောင်းတွေ သိရမယ်ဆိုပြီးတော့လည်း Library ပိုင်းဆိုင်ရာ တိုးမြှင့်ဆောင်ရွက်ဖို့ အစီအစဉ်ထားတာကတော့ e-catalogues Data Entry ကတော့ ဆောင်ရွက်ပြီးပြီ။ အဲဒီ Catalogues ကို Union Catalogues of Myanmar Academic Library မှာ လွှင့်တင်ထားနိုင်ပြီ။ The electronic information for Library ဆိုတဲ့ (EIFL) Program မှာတော့ ဒီနှစ်မှာ ဆရာမကြီးတို့ ပညာရေးတက္ကသိုလ်ကလည်း စတင်ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့အတွက် ဆရာမကြီးတို့ ဘွဲ့ကြိုသင်တန်းတွေဟာ Research Based Project လုပ်ပြီး စာတမ်းပြုစုရပါတယ်။ အဲဒီလို သူတို့ စာတမ်းပြုစုတဲ့ နေရာမှာသော်လည်းကောင်း၊ ကျမ်းပြုစုတဲ့ ဘွဲ့လွန်ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမတွေ သော်လည်းကောင်း၊ Wifi၊ Internet၊ e-library ကို တွင်ကျယ်စွာ အသုံးပြုပြီးတော့ ပညာရေးသုတေသနလုပ်ငန်းတွေ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ဖို့ သူတို့ရှာချင်တဲ့ e-resources တွေ ထိရောက်စွာ ရှာဖွေလိုက်နိုင်တဲ့ စွမ်းရည် တိုးတက်မှုအတွက်ကိုလည်း ဆက်လက်ပြီးတော့ ကြိုးစားအကောင်အထည်ဖော်သွားမယ့် အစီအစဉ်ရှိပါတယ်။

နောက်တစ်ခုကတော့ စောစောက e နဲ့ဆက်တဲ့အခါ ခုခေတ်က mobile ကိုသုံးတယ်။ ဒါဆိုရင် Electronic Technology ရရှိဖို့ Mobile Application တွေ Mobile App Software တွေပေါ်နေပါပြီ။ Application Software တွေ သုံးခြင်းအားဖြင့် ဘယ်လို သုံးမလဲ၊ ကိုယ့်ရဲ့ တပည့်တွေကို ကျောင်းတွင်းသာမက Classroom က ထွက်သွားပြီး Cloud Education ဖြစ်အောင် Learning Management System နဲ့ ဘယ်လိုသင်ရမလဲဆိုတာအတွက် ဆရာမကြီးကျောင်းမှာ ဆရာဆရာမတွေရဲ့ Capacity ကို မြှင့်တင်တဲ့ သင်တန်းပေးနေရပါတယ်။ ပေးခဲ့ပြီးပါပြီ။ အားမရသေးပါဘူး။ အဲဒီ e-learning ၊ Mobile Application Software သုံးဖို့ စင်ကာပူနိုင်ငံက Myanmar Wave ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်ပြီးတော့ အခုချိန်ထိ Teacher Educator တွေရဲ့ Training ကို ပေးနေပါတယ်။ ဒီ Myanmar Wave ကုမ္ပဏီနဲ့ ပူးပေါင်းသင်ယူစေခဲ့တဲ့ Learning Management System ကို Master နဲ့ Ph.D ကျောင်းသားတွေအတွက် သင်ကြားရေးမှာ အသုံးပြုစေပါတယ်။ ဒီလိုမျိုး Mobile က သင်ယူလေ့လာ နိုင်တဲ့ သင်ကြား၊ သင်ယူလုပ်ငန်းတွေကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည့် အစီအစဉ်တွေရှိပါတယ်။

နောက်တစ်ခုကတော့ ဆရာမကြီးတို့ ပြောချင်တာက တက္ကသိုလ်ရဲ့ Quality Assurance ပါ။ တက္ကသိုလ်များအတွက် NAQAC ဆိုတာရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာ၊ တက္ကသိုလ်ကောလိပ်တိုင်းမှာ ဆရာတွေဆရာမတွေရဲ့စွမ်းရည်တိုးတက်ဖို့ Quality Assurance ဆိုတာဘာလဲ၊ Internal Quality Assurance ဆိုတာဘာလဲ၊ External Quality Assurance ဆိုတာ ဘာလဲဆိုတာတွေ နားလည် အကောင်အထည်ဖော်နိုင်ဖို့ အဆင့်မြင့်ပညာကဏ္ဍက ဆရာဆရာမတွေရဲ့ Capacity Building တွေတိုးအောင် သင်တန်းပို့ချမှုကို လုပ်ပေးနေပါတယ်။ ဒီလို မိမိတက္ကသိုလ်ရဲ့ Internal Quality Assurance ကောင်းမွန်တိုးတက်ရန် ဆောင်ရွက်ဖို့ရှိပါတယ်။ ဒါကြောင့် တက္ကသိုလ် QA လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့တဲ့ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်နဲ့ NAQAC စီမံချက်အဖွဲ့ဝင်များက ဦးဆောင်ကျင်းပတဲ့ IQA Unit ဖွဲ့စည်းခြင်းနှင့် Assessment Report ရေးသားနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း တက်ရောက်လေ့လာစေပါတယ်။ ဆက်လက်ပြီးတော့ IQA Unit ကို ဖွဲ့စည်းမယ်၊ IQA Report ရေးဖို့ကိုလည်း လုပ်နေပါတယ်။

နှစ်စဉ်လည်း IQA Report ရေးခဲ့တယ်။ ဒီ IQA Report ရေးခြင်းအားဖြင့် ကိုယ့်တက္ကသိုလ် ရဲ့ Internal Quality Assurance ကို ကိုယ်ကအမြဲတမ်း Self Assessment လုပ်နိုင်ပြီးတော့ တိုးတက်အောင်လုပ်ပါတယ်။ ဆရာမကြီး တက္ကသိုလ်က ဆရာအတတ်ပညာတက္ကသိုလ်ဖြစ်တဲ့အတွက် ဆရာအတတ်ပညာတက္ကသိုလ်ရဲ့ Quality Assurance တက်လာခြင်းဟာ အခုဒီနေ့ ဆွေးနွေးနေတဲ့ မြန်မာနိုင်ငံနဲ့ ဆရာအတတ်သင်ကဏ္ဍ၊ ဆရာတွေရဲ့စွမ်းရည်ကဏ္ဍ ဒီကဏ္ဍကြီးရဲ့ Quality Assuranceကို တိုးမြှင့်စေခြင်းပဲ ဖြစ်တဲ့အတွက် ဒီအစီအစဉ်ကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မြန်မာနိုင်ငံရဲ့ Teacher Competency Standard Framework (Myanmar TCSF) ကိုလည်း UNESCO နဲ့ ပူးပေါင်းပြီး ဆရာအတတ်ပညာအဖွဲ့က အကြမ်း (Draft) ပြီးနေပြီဖြစ်တဲ့အတွက် Validation Process ကို သွားနေတယ်။ ရန်ကုန်ပညာရေးတက္ကသိုလ်က AsTEN ဆိုတဲ့ ASEAN Teacher Education Network အဖွဲ့ဝင် တက္ကသိုလ်ဖြစ်ပါတယ်။ အဖွဲ့ဝင်တက္ကသိုလ် ၁၀ ခုရှိတော့ သူတို့ကလည်း သူတို့ Teacher Institution ရဲ့ Competency တွေလုပ်နေတဲ့ နိုင်ငံ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံတွေရဲ့ တက္ကသိုလ်တွေနဲ့ Regional Level ဒေသတွင်းမှာလည်း Competency Standard တွေကို Bench Marking လုပ်ရပါမယ်။ ဒါ့အပြင် ဆရာမကြီးတို့ တက္ကသိုလ်သည် ဥရောပသမဂ္ဂ (EU) ရဲ့ TA-SE အဖွဲ့ဝင်ဖြစ်တဲ့အတွက် Project Tuning Asia ခေါ်တဲ့ Asia မှာရှိတဲ့ ဆရာများရဲ့ Core Competency ညှိတဲ့အခါ Member အဖြစ်နဲ့ ၂၀၁၄ခုနှစ်ကနေ စတင်ပါဝင်ခဲ့ပါတယ်။ Asia ရဲ့ ဆရာအတတ်သင်စွမ်းရည်ရှိသလို ဥရောပအတွက်လည်းရှိမယ်။ တရုတ်နိုင်ငံ အတွက်ရှိမယ်။ အိန္ဒိယနိုင်ငံအတွက်ရှိမယ်။ ဒါတွေအားလုံးကို ညှိတဲ့အခါ အဲဒီကနေ ဆရာများအတွက် Core Competency တစ်ခုကလည်း ထွက်လာမှာပါ။ အဲ့ဒါတွေအားလုံးကို ညှိနှိုင်းပြီးတော့ ပညာရေးဘွဲ့သင်ရိုးကို စောစောက Competence Based Curriculum နဲ့ Assessment လုပ်ဖို့ဟာ ပြောင်းလဲတော့မှာဖြစ်တော့ ဒီအစီအစဉ်ကို ဆက်လက်လုပ်သွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရှေ့ဆက်လက်လုပ်မယ့် အစီအစဉ်ကတော့ Competence-Based Curriculum က ဘယ်လိုလဲ နားလည်အောင်လုပ်ပြီး လက်ရှိသင်ရိုးကို သုံးသပ်တာတွေ၊ Competency Framework ချတာတွေ၊ Assessment Framework တွေ ချသွားတာတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ စောစောကပြောတဲ့ နိုင်ငံတကာတက္ကသိုလ်ပေါင်း ၁၉ ခုနဲ့ ဆက်သွယ်နေရာကနေ ဒီနှစ်မှာ ကမ်းလှမ်းထားတဲ့ တရုတ်နိုင်ငံ ထိုင်ဝမ်က National Chi Nan University နဲ့ တရုတ်နိုင်ငံက Yunnan Normal University တစ်နည်းအားဖြင့် ယူနန်ပညာရေးတက္ကသိုလ်နဲ့လည်း MoU ထိုးဖို့ အစီအစဉ်တွေ ရှိနေတဲ့အတွက် နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ Faculty Exchange၊ Student Exchange၊ Culture Exchange စတဲ့ အစီအစဉ်တွေကို ဆက်လက်ပိုမိုတိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တစ်ခါတင်ပြထားခဲ့သလို ဆရာမကြီးတို့ကျောင်းကို နှစ်စဉ် အမေရိကန်ပြည်ထောင်စုအစိုးရက ပံ့ပိုးတဲ့၊ အမေရိကန်သံရုံးက စိစစ်စေလွှတ်ကူညီတဲ့ English Fellow Teachers တွေလာပြီး အခြေခံကျောင်းတွေမှာ အင်္ဂလိပ်စာသင်ကြားမယ့် ELT(English Language Teaching) အထူးပြုကျောင်းသားတွေအတွက် သင်တာရှိပါတယ်။

*စာမျက်နှာ ၂၁ သို့*

# ထိုင်း-မြန်မာ အမှတ်(၂)ချစ်ကြည်ရေးတံတား ဖွင့်လှစ်ရန်နှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာရေးထိုးနိုင်ရန် ဆွေးနွေး

**မြဝတီ မတ် ၁၇**

အာဆီယံနိုင်ငံများ၏ စီးပွားရေးစင်္ကြံလမ်းပေါ်၌ တည်ရှိသော မြဝတီမြို့ ထိုင်း-မြန်မာနယ်စပ်ရှိ အမှတ်(၂) ချစ်ကြည်ရေးတံတား ဖွင့်လှစ်နိုင်ရန်နှင့် တံတားအသုံးပြုရာတွင် သတ်မှတ်စည်းကမ်းချက်များကို နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ(MoU) ရေးထိုးနိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တစ်ရပ်ကို အမှတ်(၂) ချစ်ကြည်ရေးတံတား၏ ထိုင်းဘက်ခြမ်းရှိ တံတားအဝင် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်ခြမ်းမှ ဆောက်လုပ်ရေးနှင့် လမ်းတံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးနှင့် ထိုင်းနိုင်ငံဘက်မှ အမြန်လမ်းများဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး Mr.Apichart Juntarasup တို့ ဦးဆောင်သည့် နှစ်နိုင်ငံ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆောက်လုပ်ရေးနှင့် လမ်းတံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကောင်းချိုက "ဆွေးနွေးတာကတော့ ဒီအမှတ် (၂) ချစ်ကြည်ရေးတံတားကြီးကို စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုဖို့အတွက် နှစ်နိုင်ငံကော်မတီဖွဲ့ပြီး နားလည်မှုစာချွန်လွှာ MoU ရေးထိုးသွားနိုင်ဖို့အတွက် မူကြမ်းကို ညှိနှိုင်းတဲ့အစည်းအဝေးဖြစ်ပါတယ်။ ယခုကဲ့သို့ အမှတ်(၂) ချစ်ကြည်ရေးတံတား ဖွင့်လှစ်နိုင်ခြင်းကြောင့် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူမြန်ဆန်လာမှာ ဖြစ်ပါတယ်"ဟု ပြောသည်။



ဆောက်လုပ်မှုများ ပြီးစီးနေပြီဖြစ်သော ထိုင်း-မြန်မာ အမှတ်(၂) ချစ်ကြည်ရေးတံတား

အဆိုပါ ထိုင်း- မြန်မာအမှတ် (၂) ချစ်ကြည်ရေးတံတားကို ၂၀၁၅ အောက်တိုဘာလက စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မတ် ၁၉ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

တံတားသည် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ရေပူရွာနှင့် ထိုင်းနိုင်ငံဘက်၌ မဲဆောက်မြို့ ထစိုင်လွတ်ရပ်ကွက်အတွင်း အမှတ် (၇) နယ်မြေတွင် တည်ရှိပြီး တံတားနှင့် ချဉ်းကပ်လမ်း၏ လမ်းအူကြောင်း အရှည်မှာ ထိုင်းဘက်ခြမ်းတွင် ၁၂ ကီလို မီတာနှင့် မြန်မာဘက်ခြမ်း၌ လေးကီလိုမီတာဖြစ်ကာ စုစုပေါင်း ကုန်ကျစရိတ်ထိုင်းဘတ်ငွေ ၄၂၈၁ သန်းကို ထိုင်းဘက်ခြမ်းမှ အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်း ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ ဗို့အားအပြည့်အဝရရှိရေးတို့အတွက် ချမ်းအေးသာစံမြို့နယ် လျှပ်စစ် မန်နေဂျာရုံးမှ ဝန်ထမ်းများက ရှည်လျားရှုပ်ထွေးလျက်ရှိသော ဆားဗစ်ကြိုးများကို မတ်လ တတိယပတ်က ရှင်းလင်းဆောင်ရွက်ခဲ့စဉ်။ **(လက်ရှိအချိန်တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ရပ်ကွက်နေပြည်သူများ နေ့ရာသီဓာတ်အားပြတ်တောက်မှု လျော့နည်းစေပြီး ဗို့အား ပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။)**

မန်း(ကိုယ်ပွား)

# အာဖရိကဝက်အပြင်းဖျားရောဂါကြောင့် ရန်ကုန်မြို့၌ ဝက်သားရောင်းအား ထက်ဝက်မက ကျဆင်း

**ရန်ကုန် မတ် ၁၇**

ယခုရက်ပိုင်းတွင် အိမ်နီးချင်းနိုင်ငံအချို့၌ အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားမှု အချို့ရှိနေချိန်တွင် ရန်ကုန်မြို့၌ ရောဂါဖြစ်ပွားခြင်းမရှိသော်လည်း စိုးရိမ်စိတ်ကြောင့် ဝက်သားစားသုံးမှု ကျဆင်းလာပြီး ဈေးများတွင် ဝက်သားရောင်းချရသည့်ပမာဏမှာလည်း ထက်ဝက်မက ကျဆင်းနေသည်ဟု လမ်းမတော်မြို့နယ် မော်တင်ဈေးနှင့် လသာမြို့နယ် သံဈေးတို့တွင် ဝက်သားရောင်းချနေသူများထံမှ သိရသည်။

လမ်းမတော် သံဈေးမှ ဝက်သားသည်တစ်ဦးက ယခင်က နေ့စဉ် ဝက်သားပိဿာ ချိန် ၄၀၀ ဝန်းကျင်ကို မိမိဆိုင်တွင် ပုံမှန်ရောင်းချခဲ့သော်လည်း ယခုရက်ပိုင်းတွင် ပိဿာချိန် ၁၅၀ ဝန်းကျင်သာ ရောင်းချနေရကြောင်း ပြောသည်။ ထို့အပြင် မော်တင်ဈေးမှ ၎င်း၏ဆိုင်တစ်ဆိုင်တွင်လည်း ယခင်က နေ့စဉ် ၂၅ ပိဿာခန့် ရောင်းချခဲ့ရသော်လည်း ယခုအခါဝယ်ယူစားသုံးသူနည်းနေ၍ ၁၀ ပိဿာဝန်းကျင်သာ ရောင်းချနေရသည်ဟု အဆိုပါဆိုင်ရှင်ကပင် ဆက်ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဈေးများ၌ ရောင်းချနေသော ဝက်သားများတွင် သက်ဆိုင်ရာ အသားထုတ်လုပ်ဌာနခွဲ / ရုံခွဲများမှ ရိုက်နှိပ်ပေးလိုက်သော အမှတ်အသားတံဆိပ်များကို မြင်တွေ့ရသည်။ ယင်းအသားထုတ်လုပ်ဌာနခွဲ/ရုံခွဲများမှာ တိုင်းဒေသကြီးများနှင့် ပြည်နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ AHD PC 3 ခေါ် တိရစ္ဆာန်အရှင်ကျန်းမာရေး ထောက်ခံချက်လက်မှတ်ပါရှိသော ဝက်များကိုသာ အသားထုတ်လုပ်ပြီး အသားထုတ်လုပ်ပြီးချိန်တွင်လည်း တာဝန်ကျဆရာဝန်များက နေ့စဉ် စစ်ဆေးခြင်းများ ပြုလုပ်သည်ဟု သိရသည်။

အိမ်နီးချင်းနိုင်ငံအချို့မှ ဝက်အချို့တွင် အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားနေသော်လည်း မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုမရှိသေးသလို ကြိုတင်ကာကွယ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် အဆိုပါရောဂါသည် လူသို့ကူးစက်နိုင်ခြင်း မရှိသော်လည်း စားသုံးသူများအနေဖြင့် စိုးရိမ်စိတ်များဖြစ်ပေါ်ကာ ဝက်သားစားသုံးခြင်း သိသာစွာလျော့ကျသွားခြင်းဖြစ်သည်ဟု ဝက်သားရောင်းချနေသူတစ်ဦးက ဆိုသည်။ ဝက်သားစားမှုလျော့ကျလာခြင်းကြောင့် အင်းစိန် ရွာမရှိ (ဝက်) အသားထုတ်လုပ်ရုံခွဲတွင်လည်း ယခင်က နေ့စဉ် ဝက်အကောင်ရေ ၉၀၀ ကျော် ထုတ်လုပ်နေရာမှ ယခုရက်ပိုင်းတွင် ဝက်အကောင်ရေ ၂၀၀ ဝန်းကျင်သာ အသားထုတ်လုပ်မှုရှိသည်ဟု သိရသည်။

ဝက်သားဈေးနှုန်းများမှာမူ သိသာစွာ ကျဆင်းခြင်းမရှိဘဲ လက်လီ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်ရှိနေဆဲဖြစ်သည်။ စည်ပင်ဈေးများရှိ ဝက်သားဆိုင်များတွင်မူ သက်ဆိုင်ရာစည်ပင်ဌာနမှ ထုတ်ပေးထားသော ဝက်သားနှင့်ပတ်သက်၍ စားသုံးသူများထံသို့အသိပေးသည့် စာသားများပါသော အစိမ်းရောင်ဗီနိုင်းများချိတ်ဆွဲ၍ ရောင်းချနေကြသည်ကို မြင်တွေ့ရသည်။

**ခင်ဆိုင်**



စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သောက်သုံးရေလုံလောက်မှုရှိရေး စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်း

**ထန်ပါခွေ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့တွင် သောက်သုံးရေ လုံလောက်မှုရှိစေရေး စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း လုပ်ဆောင်ပေးလျက်ရှိသည်။

"မြို့ပြင်က ရေပိုက်သွယ်တန်းတဲ့ လုပ်ငန်းကတော့ အားလုံးပြီးစီးလို့ မြို့တွင်းမှာ ရေစတင်ဖြန့်ဝေနေပြီ၊ မြို့ထဲက ရေပိုက်တွေဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က လုပ်ခဲ့တာဖြစ်တော့ ပြန်လည်ပြုပြင်တာတွေ ဆက်ပြီးတော့လုပ်သွားမယ်။ အခုလောလောဆယ်တော့ ရေပေးဝေရေးလုပ်ငန်း အဆင်ပြေနေတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျိုင်းဆက်က ပြောသည်။

တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၅၀ ဖြင့် ၂၉၅၈၃ ပေအရှည်ရှိ စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ပြီးခဲ့သည့် ဒီဇင်ဘာ ၄ ရက်မှစတင် လုပ်ဆောင်ခဲ့ရာ မတ် ၁၅ရက်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

*စာမျက်နှာ ၂၀ မှ*

အခု ရှေ့နှစ်လည်း လာရောက်ပြီး သင်ကြားပို့ချမယ့်အစီအစဉ်အတွက် ဝန်ကြီးဌာနကတစ်ဆင့် အမေရိကန်သံရုံးရဲ့ အစီအစဉ်ကို လျှောက်ထားတဲ့အတွက် ဒီပို့ချမယ့် အစီအစဉ်ကိုလည်း ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

နောက်ဆုံးတစ်ခု တင်ပြချင်တာကတော့ ဆရာမကြီးတို့ကျောင်းသည် M&E ဆိုတဲ့ Monitoring and Evaluation ဌာနနဲ့ University College London-Institute of Education နဲ့ ပူးပေါင်းပြီး ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီး၊ အဆင့်မြင့်ပညာဦးစီး စတဲ့ ဦးစီးဌာနအကုန်လုံးမှာရှိတဲ့ ဦးဆောင်တဲ့ပညာရေးအရာရှိများ၊ အဆင့်မြင့်အရာရှိများအတွက် Critical Thinking Leadership Seminar များနဲ့ Diploma in Educational Management Training Program ကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆရာမကြီးတို့ ပညာရေးတက္ကသိုလ်က အဲဒီ DEM သင်တန်းနဲ့ Critical Thinking Leadership Seminar များမှာ ဆက်လက်ပြီးတော့ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဆရာစောစောက တင်ပြတဲ့ အခြေခံပညာဦးစီးဌာနကလုပ်တဲ့ SITE ဆိုတဲ့ School Based Teacher Education အစီအစဉ်၊ Teacher Mentoring Program၊ ဆရာကြီး ဒေါက်တာ ဇော်လတ်ထွန်းတို့ရဲ့ DERPT ကလုပ်တဲ့ SEA-PLM လို့ခေါ်တဲ့ Primary Learning Matric နှင့်ပတ်သက်တဲ့ National Level Project၊ အခြားရှေ့ပြေး Project တွေ၊ Development Partner တွေနဲ့ ပေါင်းလုပ်တဲ့ အခြေခံပညာရေးနဲ့ ဆရာအတတ်ပညာဆိုင်ရာ Project တွေမှာလည်း ဆရာမကြီးကျောင်းက ပညာရှင်အားလုံးဟာ ပူးပေါင်းပါဝင်ဆောင်ရွက်ရပါတယ်။ အင်အားပြည့်နဲ့ ဆက်လက်ပါဝင်သွားဖို့ အစီအစဉ်တွေလည်းရှိကြောင်း တင်ပြအပ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာမကြီး ဒေါ်မေစန်းရီအနေနဲ့ ဆရာ ဆရာမတွေရဲ့ အတတ်ပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးတော့ ရှင်းပြပေးစေလိုပါတယ်။**

ဒေါက်တာမေစန်းရီ။ ။ CPD နဲ့ ပတ်သက်ပြီး ရှေ့လုပ်ငန်းဆိုတာထက် အခုလက်ရှိ ဆရာဆရာမများရဲ့ အတတ်ပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်မတို့ ပညာရေးကောလိပ်ကနေပြီးတော့ မူလတန်း ဆရာအတတ်ပညာစာပေးစာယူ သင်တန်းနဲ့ အလယ်တန်းဆရာအတတ်ပညာ စာပေးစာယူ သင်တန်းဆိုပြီးတော့ သင်တန်းနှစ်ခုနဲ့ အခြေခံပညာမှာရှိတဲ့ ဆရာဆရာမတွေရဲ့ Continuous Professional Development အတွက် သင်တန်းတွေပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ရှေ့လုပ်ငန်းစဉ်တွေပြောရမယ်ဆိုရင်တော့ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အခန်း (၉) ဆရာအတတ်ပညာမှာပါဝင်တဲ့ မဟာဗျူဟာ(၃) မှာ ဖော်ပြထားတဲ့အတိုင်း လုပ်ငန်းခွင်မှာရှိတဲ့ ဆရာဆရာမများရဲ့ Professional Development အတွက် National Center for Teacher Professional Development (NCTPD)ကို တည်ထောင်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနဲ့ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာနရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ဆရာဆရာမတွေရဲ့ CPD နဲ့ ပတ်သက်ပြီးတော့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းတွေအတွက် ဆွေးနွေးပြီးဖြစ်ပါတယ်။ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆရာမကြီး ဒေါက်တာဒေါ်အေးအေးမြင့် ပြောသွားတဲ့ ဆရာဆရာမတွေရဲ့ အင်္ဂလိပ်စာ ကျွမ်းကျင်မှုနဲ့ ပတ်သက်ပြီးတော့ EfECT Course ကို ၂၀၁၇ ခုနှစ်မှာ ရပ်နားသွားပေမယ့် အခု ဆက်လက်ပြီးတော့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနဲ့ မိတ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ Department for International Development နဲ့ ပူးပေါင်းပြီး ပညာရေးကောလိပ်တွေမှာရှိတဲ့ ဆရာ ဆရာမများရဲ့ အင်္ဂလိပ်စာစွမ်းရည် တိုးတက်လာဖို့ Student Teachers ရဲ့ လက်တွေ့တန်းပြဆင်းခြင်းနဲ့ ပတ်သက်ပြီးတော့ စနစ်တကျ ဆောင်ရွက်နိုင်ဖို့ သင်ရိုးသစ်နဲ့ ကိုက်ညီပြီးတော့ သင်ပြနည်းစနစ်တွေကို စနစ်တကျဖြစ်ဖို့အတွက် ကျွန်မတို့ TREE project လို့ခေါ်တဲ့ (Towards Results in Education and English) ငါးနှစ်စီမံကိန်းကို လုပ်ငန်းခွင်အတွင်းမှာရှိ ဆရာဆရာမများရဲ့ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြှင့်တင်ဖို့အတွက် ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ပါ။ ဒီနေ့မှာ အချိန်ပေးပြီးတော့ လာရောက်ဆွေးနွေးပေးခဲ့ကြတဲ့ ဆရာကြီး ဆရာမကြီးတွေအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ။**

**သတင်းအဖွဲ့**

# တီထွင်မှု မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်း မရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၉၈၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၉၇၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၉၈၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်း မရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၉၈။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖက်သတ် ယာယီအရေးယူ ဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူ ဆောင်ရွက်သည့်အမိန့်ကို လျှောက်ထားခံရသူထံ အသိပေး အကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူ ဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့် ကာလအတွင်း ဆောင်ရွက်ရမည်။

၉၉။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၉၆၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုမှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးခြင်းအပါအဝင် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့် အမိန့်၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သော နစ်နာကြေးပေးဆောင်စေရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သောကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်။

၁၀၀။ (က) မူပိုင်ခွင့်တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက် အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ချမှတ်နိုင်သည် -

(၁) ထိပါးချိုးဖောက်ကြောင်းတွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း၊

(၂) ထပ်မံထိပါးချိုးဖောက်မှုကို လျော့နည်းစေရေးအတွက် လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့် ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၁၀၁။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၁၀၂။ (က) မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် တီထွင်မှုမူပိုင်ခွင့်ပါ အကြောင်းအရာသည် ထုတ်ကုန်ပစ္စည်းတစ်ခုကို ရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ် တစ်ရပ်ဖြစ်ပါက ထပ်တူညီသော ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာ၌ အသုံးပြုသော ထုတ်လုပ်မှုနည်းစဉ်သည် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်နှင့် ကွဲပြားခြားနားကြောင်း သက်သေပြရန် လျှောက်ထားခံရသူကို အမိန့်ချမှတ်နိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့် ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သည် အသစ်ဖြစ်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ထားသည့် တူညီသော မည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆို ဆန့်ကျင်ကွဲလွဲသည့် သက်သေမပြနိုင်လျှင် တီထွင်မှု မူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသည်ဟု မှတ်ယူရမည်။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) အရ သက်သေခံအထောက်အထား တင်ပြရန် တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် လျှောက်ထားခံရသူက ယင်း၏ ထုတ်လုပ်မှုနည်းစဉ်များနှင့် စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်း မရှိခဲ့လျှင် ထိုသူ၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၁၀၃။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာအထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့် စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့် အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၁၀၄။ မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၂၄)
## ပြစ်ဒဏ်များ

၁၀၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်အတူ တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်သည့် ကာလအတွင်း၌ သက်ဆိုင်မှု မရှိသူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း၊

(ဃ) တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို သက်ဆိုင်မှု မရှိသူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့် ပေးခြင်း။

၁၀၆။ မည်သူမဆို ထုတ်ကုန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းထားခြင်းမရှိဘဲဖြစ်စေ၊ တင်သွင်းထားခဲ့သည့် လျှောက်ထားချက်ကို ငြင်းပယ်ခံထားရလျက်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို တင်သွင်းထားသည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ရရှိခြင်းမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ရရှိပြီးဖြစ်သည်ဟု မမှန်မကန်ဖော်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၅)
## အထွေထွေ

၁၀၇။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၁၀၈။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကို အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက သတ်မှတ်ချက်များနှင့်အညီ ထိုသူကို တင်ပြကြားနာခွင့် ပေးရမည်။

၁၀၉။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူနှင့် အထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်ရာမူပိုင်ခွင့် တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၁၁၀။ လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့် နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပါက ကိုယ်စားလှယ် သို့မဟုတ် ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတစ်ဆင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားနိုင်သည်။

၁၁၁။ တီထွင်ထားသည့် ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို ရှိစေကာမူ ရွှေ့ပြောင်းနိုင်သောပစ္စည်းအဖြစ် မှတ်ယူရမည်။

၁၁၂။ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၁၃။ တီထွင်မှုမူပိုင်ခွင့်အငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၁၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၁၁၅။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၁၁၆။ ဤဥပဒေပါ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၁၁၇။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏ မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

၁၁၈။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့် အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၂၁။ စစ်ဆေးရေးအရာရှိများသည် -

(က) အလုပ်သမားအား ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကျန်းမာရေးအန္တရာယ်ရှိခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကို ထိခိုက်ပျက်စီးခြင်းကို ဖြစ်စေနိုင်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် သတ်မှတ်သည့်အချိန်ကာလအတွင်း ပြုပြင်ဆောင်ရွက်ရန် အလုပ်ရှင်အား စာဖြင့်ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ညွှန်ကြားချက်များကို သတ်မှတ်ကာလအတွင်း အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးကြောင်း မှတ်တမ်းအထောက်အထားပြည့်စုံစွာဖြင့် ပြန်လည်တင်ပြစေရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း မပြုရန် တားမြစ်နိုင်သည်။

၂၂။ စစ်ဆေးရေးအရာရှိချုပ်သည် စစ်ဆေးရေးအရာရှိများအား ဘေးအန္တရာယ်ရှိသောပစ္စည်းများ အသုံးပြုသည့် လုပ်ငန်းခွင်များ၏ စာရင်းဇယားသီးခြားပြုစုရန်၊ လိုအပ်ပါက အထူးစစ်ဆေးမှုများ ဆောင်ရွက်ရန်နှင့် ယင်းပစ္စည်းများကို အသုံးပြုခြင်းအား တားမြစ်ကန့်သတ်ရန် သီးခြားတာဝန်ပေးအပ်ရမည်။

၂၃။ စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၂၂ ပါ သီးခြားစာရင်းပြုစုထားသည့် လုပ်ငန်းခွင်များ၌ အန္တရာယ်ကျရောက်နိုင်မှု မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ အန္တရာယ်ကျရောက်လာပါက ဆောင်ရွက်မည့်အစီအမံနှင့် နည်းလမ်းများ၊ မီးငြိမ်းသတ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်းများနှင့် စပ်လျဉ်း၍ အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးရန် အလုပ်ရှင်ကို ညွှန်ကြားရမည်။

၂၄။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ ပြစ်မှုကျူးလွန်သူမည်သူကိုမဆို သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

၂၅။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုတွင် ဖြစ်စေ၊ ၎င်းနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်းဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၈)
## အလုပ်ရှင်နှင့်အလုပ်သမားတို့၏ တာဝန်များ

၂၆။ အလုပ်ရှင်သည် -

(က) လုပ်ငန်းခွင်၊ လုပ်ငန်းစဉ်နှင့်၎င်းတို့၌ အသုံးပြုသည့်ပစ္စည်းများနှင့် စက်ကိရိယာများ၏ အန္တရာယ်ရှိမှုအတိုင်းအဆအား အကဲဖြတ်ဆန်းစစ်ခြင်းကို လိုအပ်သလို စီမံဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းခွင်ပတ်ဝန်းကျင် အန္တရာယ်ကျရောက်နိုင်မှုအခြေအနေကို တိုင်းတာအကဲဖြတ်ရန် လိုအပ်သလိုစီမံဆောင်ရွက်ရမည်။

(ဂ) အလုပ်သမားများကို လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှု ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုဆရာဝန်ဖြင့် ဆေးစစ်ပေးရန် စီမံပေးရမည်။

(ဃ) ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ) တို့အရ တွေ့ရှိချက်များအပေါ်အခြေခံ၍ လုပ်ငန်းခွင်ကို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်အခြေအနေအထိ ရောက်ရှိစေရန် စီမံဆောင်ရွက်ရမည်။

(င) အလုပ်သမားများအား ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် သင့်တော်သော တစ်ကိုယ်ရေသုံး ကိုယ်ခန္ဓာကာကွယ်ရေး ဝတ်စုံများ၊ ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အခမဲ့လုံလောက်စွာ ထုတ်ပေးပြီး ဝတ်ဆင်လုပ်ကိုင်စေရမည်။

(စ) ကြိုတင်တားဆီးကာကွယ်မှုအစီအမံနှင့် အရေးပေါ်အခြေအနေ ဖြစ်ပွားလာပါက ဆောင်ရွက်မည့်အစီအမံများ ထားရှိရမည်။

(ဆ) ဝန်ကြီးဌာနက သတ်မှတ်သောအလုပ်သမားဦးရေအောက် မနည်းသောလုပ်ငန်းများတွင် ဆေးပေးခန်းထားရှိခြင်း၊ မှတ်ပုံတင်ဆရာဝန်နှင့် သူနာပြုများ ခန့်ထားခြင်း၊ လိုအပ်သည့်ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်။

(ဇ) မိမိကိုယ်တိုင်အပါအဝင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစား သို့မဟုတ် ဌာနအလိုက် စီမံခန့်ခွဲသူများ၊ အလုပ်သမားများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီဝင်များကို ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်းများ တက်ရောက်စေရမည်။

(ဈ) အလုပ်သမားတစ်ဦးဦးက လုပ်ငန်းခွင်ထိခိုက်မှု သို့မဟုတ် အသက်အန္တရာယ်နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ဖွယ်ရှိသည့် အခြေအနေများကြုံတွေ့ရလျှင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံ သို့မဟုတ် စီမံခန့်ခွဲသူ တစ်ဦးဦးထံ ချက်ချင်းသတင်းပေးပို့နိုင်ရေး လိုအပ်သလို စီစဉ်ထားရှိရမည်။

(ည) လုပ်ငန်းခွင် သို့မဟုတ် လုပ်ငန်းစဉ်တွင် အသုံးပြုသောပစ္စည်း၊ စက်ကိရိယာ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကြောင့် လုပ်ငန်းခွင်အတွင်းရှိနေသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးထိခိုက်မှု မရှိစေရန် စီမံဆောင်ရွက်ထားရမည်။

(ဋ) လုပ်ငန်းခွင် ထိခိုက်မှုဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြုံတွေ့ရပါက လုပ်ငန်းစဉ်အား ချက်ချင်းရပ်တန့်ခြင်း၊ အလုပ်သမားများအား ဖယ်ရှားရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့် အသက်ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအစီအမံများ ဆောင်ရွက်ရမည်။ ဖြစ်နိုင်ပါက အလုပ်သမားများအား အခြားသင့်တော်မည့် ဘေးအန္တရာယ်ကင်းရှင်းသည့်လုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေနိုင်သည်။

(ဌ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များ၊ ဘေးအန္တရာယ်သတိပေးအချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန်ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဍ) ဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် တားမြစ်ကန့်သတ်ထားသော လုပ်ငန်းခွင်နေရာများသို့ ဝင်ထွက်သွားလာရာတွင် ကြိုတင်သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် စီမံဆောင်ရွက်ရမည်။

(ဎ) အသိပညာ၊ နည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာလက်စွဲစာစောင်နှင့် လမ်းညွှန်ချက်များကို အလုပ်သမားများအပြင် လုပ်ငန်းခွင်နှင့် ဆက်စပ်နေသူများကိုလည်း ဖြန့်ဝေခြင်း သို့မဟုတ် သိရှိနားလည်အောင်ဆောင်ရွက်ခြင်း စီမံဆောင်ရွက်ပေးရမည်။

(ဏ) မီးဘေးလုံခြုံရေးစီမံချက်ရေးဆွဲ၍ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ပစ္စည်းကိရိယာများအား စနစ်တကျအသုံးပြုတတ်စေရန် လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(တ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများက အလုပ်ခွင်သို့ဝင်ရောက်စစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ စာရွက်စာတမ်းများ၊ အထောက်အထားများ တောင်းခံခြင်း သို့မဟုတ် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို ခွင့်ပြုပေးရမည်။

(ထ) ဘေးအန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်များတွင် စေခိုင်းပါက သတ်မှတ်ထားသော အလုပ်ချိန်နာရီအတွင်း၌သာ လုပ်ကိုင်စေရမည်။

(ဒ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်များကို တာဝန်ယူကျခံရမည်။

၂၇။ အလုပ်ရှင်သည် အောက်ပါကိစ္စရပ်တစ်ခုခုကြောင့် အလုပ်သမားတစ်ဦးဦးကို အလုပ်မှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးအဆင့်လျှော့ချခြင်း မပြုရ-

(က) လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းအတွက် မှတ်ပုံတင်ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းကို ဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရခြင်းအတွက် အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းကို ဖြစ်စေမရရှိမီ ကာလအတွင်း၊

(ခ) ဘေးအန္တရာယ်မကင်းသော သို့မဟုတ် ကျန်းမာရေးထိခိုက်မှုအန္တရာယ်ရှိသော ကိစ္စရပ်အပေါ် တိုင်တန်းခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင် ထိခိုက်မှုဖြစ်ပွားမည့်ဆဲဆဲ အခြေအနေ သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိနိုင်မည့် အခြေအနေများတွင် အလုပ်ဆက်လက်မလုပ်ကိုင်ခြင်း။

၂၈။ လုပ်ငန်းခွင်ထိခိုက်မှု သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိသည့် အလုပ်သမားသည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိလျှင် ယင်းအလုပ်သမား၏ အလုပ်လုပ်နိုင်မှုစွမ်းရည် လျော့ကျမှုအတိုင်းအတာနှင့် မသန်စွမ်းဖြစ်မှုအတန်းအစားကို သိရှိနိုင်ရန် အလုပ်ရှင်က ကုန်ကျစရိတ်ကို တာဝန်ယူကျခံ၍ ဆေးစစ်ပေးရမည်။

၂၉။ အလုပ်ရှင်သည် -

(က) မှတ်ပုံတင်ဆရာဝန်၏ ဆေးစစ်ချက်အရ လုပ်ငန်းသဘာဝလိုအပ်ချက်အပေါ် မူတည်၍ ကျန်းမာရေးအဆင့်မမီသည့် အလုပ်သမားများအား အလုပ်လုပ်ကိုင်ခြင်းကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကန့်သတ်တားမြစ်ခြင်းခံရသော အလုပ်သမားသည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာကြောင်း အထောက်အထားဖြင့် တင်ပြလာလျှင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလတာဝန်တွင်ဖြစ်စေ၊ သင့်လျော်သည့် လုပ်ငန်းခွင်တွင်ဖြစ်စေ ပြန်လည်လုပ်ကိုင်ခွင့်ပြုရမည်။

(ဂ) လုပ်ငန်းခွင်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ ကျန်းမာရေး မထိခိုက်စေရန် စီမံဆောင်ရွက်ပေးရမည်။

၃၀။ အလုပ်သမားသည် -

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက်အလုပ်ရှင်က ဦးစီးဌာန၏သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးထားသော တစ်ကိုယ်ရေသုံး ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများဝတ်ဆင်ခြင်းနှင့် ကိရိယာတန်ဆာပလာများအား စနစ်တကျမှန်ကန်စွာ အသုံးပြုရမည်။

(ခ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဖြစ်စေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီကဖြစ်စေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံကဖြစ်စေ ညွှန်ကြားသည့် ညွှန်ကြားချက်နှင့် အကြံပြုချက်များကို လိုက်နာရမည်။

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များ၊ သင်္ကေတအမှတ်အသားများ၊ နံရံကပ်ပိုစတာများ၊ နို့တစ်စာများနှင့် သတိပေးတားမြစ်ချက်များကို လိုက်နာရမည်။

(ဃ) လုပ်ငန်းခွင်တွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာ၊ စက်၊ စက်ကိရိယာအစိတ်အပိုင်း၊ ယာဉ်၊ လျှပ်စစ်နှင့်အခြားပစ္စည်းများကို စနစ်တကျကိုင်တွယ် အသုံးပြုရမည်။

(င) လုပ်ငန်းခွင်တွင် ယင်း၏လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန်ပျက်ကွက် မှုကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမထိခိုက်စေရန် အလေးထားဆောင်ရွက်ရမည်။

(စ) အလုပ်ရှင်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံတို့က ဤဥပဒေအရ ယင်းတို့၏ တာဝန်များကို ထမ်းဆောင်ရာ၌ ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအား ထိခိုက်စေနိုင်မည့်အခြေအနေ၊ အကြောင်းအရာ၊ ဖြစ်ရပ်တစ်ခုခုကို တွေ့ရှိပါက ကိုယ်တိုင်ဖြစ်စေ၊ အနီးကပ်လုပ်ငန်းကြီးကြပ်သူမှတစ်ဆင့်ဖြစ်စေ အလုပ်ရှင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံ သို့မဟုတ် စီမံခန့်ခွဲသူတစ်ဦးဦးထံ ချက်ချင်းတင်ပြရမည်။

(ဇ) ဘေးအန္တရာယ်ကျရောက်မည့်ဆဲဆဲ အခြေအနေတွင် အလုပ်ဆက်လက်လုပ်ကိုင်ရန် ငြင်းပယ်နိုင်သော်လည်း အလုပ်ရှင်က စီစဉ်ပေးသည့် ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်သို့ ပြောင်းလဲလုပ်ကိုင်စေမှုအား ငြင်းပယ်ခြင်း မပြုရ။

(ဈ) လုပ်ငန်းခွင်အသီးသီးမှ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားအချင်းချင်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများနှင့် အချိန်မီဆက်သွယ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်များ ရွေးချယ်နိုင်သည်။

## အခန်း (၉)
## ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူ၊ တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူနှင့် တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူတို့၏ တာဝန်များ

၃၁။ လုပ်ငန်းခွင်၊ လုပ်ငန်းစဉ်နှင့် ၎င်းတို့၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသောပစ္စည်းများကို ထုတ်လုပ်ခြင်း သို့မဟုတ် တင်သွင်းရောင်းချခြင်းကိုဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းရောင်းချခြင်း၊ တပ်ဆင်ခြင်း သို့မဟုတ် ဖြုတ်သိမ်းခြင်းကိုဖြစ်စေ ဆောင်ရွက်သူသည် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုချက် ရယူရမည်။

၃၂။ ဘေးအန္တရာယ်ရှိသော ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့် စပ်လျဉ်း၍ ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းရောင်းချသူသည် အောက်ပါကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရမည်-

(က) ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာအသုံးပြုခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပေးခြင်း၊

(ခ) ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးမထိခိုက်စေရန် စမ်းသပ်စစ်ဆေးမှု ပြုလုပ်ပေးခြင်းနှင့် စမ်းသပ်စစ်ဆေးမှုရလဒ်များအား အသုံးပြုသူထံ ဖြန့်ဝေခြင်း။

၃၃။ တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူ၊ တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူသည် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးမထိခိုက်စေရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## အကြောင်းကြားခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း

၃၄။ အလုပ်ရှင်သည် အောက်ပါကိစ္စရပ်များကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) လုပ်ငန်းခွင်ထိခိုက်မှု၊ ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှုဖြစ်ပွားပါက ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊

(ခ) အလုပ်သမားတစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုး စွဲကပ်လျှင်ဖြစ်စေ၊ သုံးစွဲသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ်ကြောင့် အဆိပ်သင့်လျှင်ဖြစ်စေ သို့မဟုတ် အဆိပ်သင့်နိုင်လျှင်ဖြစ်စေ အသိအမှတ်ပြု ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းနှင့်အတူ အစီရင်ခံစာကို ဦးစီးဌာနသို့ ပေးပို့အကြောင်းကြားခြင်း။

၃၅။ မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာရောဂါတစ်မျိုးမျိုးစွဲကပ်နေသည့် အလုပ်လုပ်နေသူ သို့မဟုတ် အလုပ်လုပ်ခဲ့သူအား ဆေးကုသလျှင် သတ်မှတ်ထားသည့် အချက်အလက်များ ပါဝင်သော အစီရင်ခံစာကို သက်ဆိုင်ရာ အလုပ်ရှင်နှင့် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရမည့်အပြင် အစီရင်ခံစာမိတ္တူကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့လည်း ပေးပို့ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

ကေမ္ဘာ
**ဦးဘညိန်သား-စတုမဓု** အစာအာဟာရဆေး
ရဟန်းခံ၊ ရှင်ပြု၊ လှူဒါန်းပွဲ အမြဲသုံးကပါ။
အမှတ်-၂၈၊မြောက်ဘက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့၊ဖုန်း-၀၁-၅၄၉၁၁၆ 1010YR003261

**ဖျံ-၅-ကောင်**
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(တနယ်ဇင်း) ၂၁၄/၀၆၁ဂ
GENEVA GOLD STAR FOR QUALITY
**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
LONDON QUALITY CROWN QC 100
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း။ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

### အများပြင်ဆင်ချက်

၂၄-၂-၂၀၁၉ရက် မြန်မာ့အလင်း သတင်းစာပါ စာမျက်နှာ(၃၁) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်နှင်းကြည် ၁၂/သဃက(နိုင်)၀၀၇၅၉၄အား ၁၂/သဃက(နိုင်)၀၈၇၅၉၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ပစ္စည်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၀၇၊ မြေယာမံ့အိမ်ရာ၊ လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၈၄၃)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးဝေ(ဘ)ဦးကြင်မောင် ၉/လဝန(နိုင်) ၀၅၈၂၁၈အမည်ပေါက် ပါမစ်မြေကွက်အား ဦးဟော်ချင်ရင်(ဘ) ဦးဟော်ကျားရှုန် ၁၃/မဆတ(နိုင်) ၀၂၈၉၇၀မှ မြေပေးမိန့် (ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာဝဒသမ၀၈၂ဧက၊ မြေကွက်အမှတ် (ဥ-၁၈၈)၊ ဦးမျိုးဇော် ၉/ပမန(နိုင်) ၁၆၃၁၉၇ (ဘ)ဦးတင်မြင့် အမည်ပေါက်ပါမစ်မြေကွက်ကို ဦးမိုးမင်း ၉/ပမန(နိုင်)၂၄၄၀၆၈ (ဘ)ဦးတင်မြင့်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၄၅၉/၁၄၆၀)၊ ဧရိယာ ၀ဒသမ ၁၆၄ဧကရှိ ဦးဟန်တင်၊ ဦးတင်လှိုင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးသန့်ဇင် (ဘ) ဦးအုန်းသန်း ၁၄/ဝခမ(နိုင်)၁၃၈၀၀၃ မှမြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၄၁၅/၂၀၁၈၊ ၄၁၃/၂၀၁၈)၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၂၇၀)၊ ဧရိယာ ၀ဒသမ၀၈၂ဧကအတွက် မြေပေးမိန့် ထုတ်ပေးပါရန် ဦးလှဝင်းဆောင် (ကိုယ်စား) ဒေါ်နန်းအိအိခေါင်(ဘ)ဦးစံခေါင် ၉/အမဇ(နိုင်) ၀၀၃၁၃၆မှမြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ အမှတ်(၃၅၄/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၄င်းမြေကွက်ကိုချထားပေးသည်မှာမှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သဲကျွန်းကွက်သစ်၊ မြေတိုင်းရပ်ကွပ်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ ၀ဒသမ၁၁၀ဧက၊ မြေကွက်အမှတ် (ဥသ-၂၀၃၆)၊ ဦးကျော်စိုးလင်း အမည်ပေါက်နှစ်(၃၀) မြေငှားဂရန်စာချုပ်မြေကွက်ကို ဦးသိန်းတိုး ၉/မထလ(နိုင်) ၀၄၅၀၅၃ (ဘ)ဦးခင်မောင်လေးမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၃၉/၂၀၁၉(၄-၂-၂၀၁၉)တင်ပြ၍ ဒေါ်ပြုံးမော် ၁၃/နခတ(နိုင်)၀၃၀၀၄၆ (ဘ)ဦးသန်းအောင်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၁)၊ မြေကွက်အမှတ် ၇၈၊ ဧရိယာ ၀ဒသမ၀၃၆ဧကအား ဒေါ်သန်းတင် (ဘ) ဦးတင်မောင် ၉/ပမန(နိုင်)၀၀၂၅၀၃မှ ကျမ်းကျိန်လွှာအမှတ် (၁၈၅/၂၀၁၉)၊ ဘေးပတ်ဝန်းကျင် သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

